ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှု ပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသော အခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့ မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂလာဖိုလ်အကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)

၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်၊ ကြာသပတေးနေ့။ Thursday, 4 March 2021 ၁၀၃၀၆

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ အစည်းအဝေး ကျင်းပ

## ငြိမ်းချမ်းရေးလုပ်ငန်းစဉ် စဉ်ဆက်မပြတ်ဆောင်ရွက်သွားခြင်းဖြင့် ထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် ပိုမိုအကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည်ဖြစ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ အစည်းအဝေး(၁/၂၀၂၁) တွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မတ် ၃**

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ အစည်းအဝေး(၁/၂၀၂၁)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ဗဟိုကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာဒေါ်သီတာဦး၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဗဟိုကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့် တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးတင်မောင်ဝင်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂

## ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် မတ် ၃

| | | |
|---|---|---|
| ချောက် | ၄၁ | ဒီဂရီစင်တီဂရိတ် |
| ညောင်ဦး | ၃၉ | ဒီဂရီစင်တီဂရိတ် |
| ရမည်းသင်း | ၃၉ | ဒီဂရီစင်တီဂရိတ် |
| မကွေး | ၃၉ | ဒီဂရီစင်တီဂရိတ် |
| အောင်လံ | ၃၉ | ဒီဂရီစင်တီဂရိတ် |
| ပဲခူး | ၃၉ | ဒီဂရီစင်တီဂရိတ် |
| သိမ်ဖြူ | ၃၉ | ဒီဂရီစင်တီဂရိတ် |

## ကြေးမုံ ယနေ့ ဖတ်စရာ

ကျွန်တော် မိုးခါးရေ မသောက်တော့ပါ — စာမျက်နှာ » ၁၀

CDM လှုပ်ရှားမှုကြောင့် ဆုံးရှုံးနစ်နာမှုများစွာ ကြုံတွေ့ခဲ့ရသည့် ဝန်ထမ်းများနှင့် အခြေခံလူတန်းစားပြည်သူများ၏ စကားသံများ — စာမျက်နှာ » ၁၅

ကမ္ဘာကြည့်ကြည့်မြင်၍ အမိနိုင်ငံတော်ကြီးကို ကာကွယ်ကြ — စာမျက်နှာ » ၁၉

# လူမှုစီးပွားဖွံ့ဖြိုးရေး ကြိုးပမ်းရမည့်အချိန်ကောင်း

မျက်မှောက်ကာလတွင် ကမ္ဘာမြေ၌ ရာသီဥတုပြောင်းလဲမှုကြောင့် သဘာဝဘေးအန္တရာယ်များ၊ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါ ဖြစ်ပွားမှုကြောင့် ကျန်းမာရေးနှင့် လူမှုစီးပွား ထိခိုက်ပျက်စီးမှုအခြေအနေများ စသည့် ဖြစ်ပျက်ပြောင်းလဲနေသော အခြေအနေအမျိုးမျိုးတို့ကြောင့် ပြည်သူများ၏ လူမှုဘဝအခြေအနေများ ထိခိုက်နေရပါသည်။ ထိုအခြေအနေများကို မြန်မာနိုင်ငံအနေဖြင့်လည်း ရှောင်ကွင်း၍မရဘဲ ရင်ဆိုင်ကြုံတွေ့နေရပါသည်။

ပြည်သူများ၏နေ့စဉ်ဘဝတွင် စားဝတ်နေရေးသည် မဖြစ်မနေ လိုအပ်ပါသည်။ ထိုအရေးတွင် စားရေးသည် အခြေခံပြည်သူများအဖို့ နေ့စဉ်ပူပန်နေရသော အလုပ်ဖြစ်ပါသည်။ စားရေးအတွက် စားနပ်ရိက္ခာ ဖူလုံပြည့်စုံရေး လိုအပ်ပါသည်။ ယခုအခါ ကမ္ဘာ့ရာသီဥတု ပြောင်းလဲလာမှုဖြစ်စဉ်ကြောင့် အနာဂတ်ကာလတွင် ကမ္ဘာတစ်ဝန်း၌ စိုက်ပျိုးထုတ်လုပ်မှု ကျဆင်းလာမည်ဟု ခန့်မှန်းထားသည်။ ထို့ကြောင့် ပြောင်းလဲလာသော ရာသီဥတုနှင့် လိုက်လျောညီထွေရှိမည့် စိုက်ပျိုးမြေအပေါ်မူတည်၍ သီးနှံအမျိုးအစား၊ စိုက်ပျိုးနည်းစနစ် စသည်တို့ကို ပြောင်းလဲဆောင်ရွက်ရမည်ဖြစ်သည်။

ယခုအခါ နိုင်ငံတော်အနေဖြင့် ပြောင်းလဲစိုက်ပျိုးနိုင်မည့် အစီအမံများကို ရေတိုရေရှည်စီမံချက်များ ချမှတ်၍ သက်ဆိုင်ရာဌာနများနှင့် ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများ ပူးပေါင်းပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ရာသီဥတုပြောင်းလဲမှုကြောင့် သဘာဝဘေးအန္တရာယ်ကြီးများ ကြုံတွေ့ရပါက စားနပ်ရိက္ခာ မလုံလောက်မှုအန္တရာယ်မှ ကျော်လွှားနိုင်ရေးနှင့် ရင်ဆိုင်တုံ့ပြန်နိုင်စွမ်း အားကောင်းရေးတို့ကို နိုင်ငံတိုင်း အလေးထားဆောင်ရွက်လျက်ရှိသည့်နည်းတူ မြန်မာနိုင်ငံတွင်လည်း အစိုးရနှင့်ပုဂ္ဂလိက ညီညွတ်စွာပူးပေါင်း၍ အရန်မျိုးစေ့များ စုဆောင်းထားရှိခြင်း၊ ကြိုတင်ပြင်ဆင်မှုများပြုလုပ်ခြင်း၊ သီးနှံပျက်စီးဧရိယာများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို အားပေးကူညီလျက်ရှိပါသည်ဟု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပြောကြားထားသည်။

နိုင်ငံတော်အနေဖြင့် နိုင်ငံနှင့် ပြည်သူပြည်သားများ၏ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေးအခြေအနေများ ယုတ်လျော့မှု နည်းနိုင်သမျှ နည်းပါးအောင် စွမ်းဆောင်ကြိုးပမ်းလျက်ရှိသည်။ အထူးသဖြင့် မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းရှိသော ကျေးလက်ပြည်သူများအရေးကို ပစ်ပယ်ထားခြင်းမရှိပေ။ ပြဋ္ဌာန်းထားပြီးဖြစ်သည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေအရ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိသည်။

မြို့ပြနှင့် ကျေးလက်ဒေသများအကြား လူမှုစီးပွားအဆင့်အတန်း ကွာဟချက်များ ကျဉ်းမြောင်းလာစေရန်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ရရှိနိုင်သော လူ့စွမ်းအားနှင့် ငွေကြေးအရင်းအနှီးများကို ပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် ထိရောက်အကျိုးရှိစွာ အသုံးချနိုင်ရန်၊ ကျေးလက်နေပြည်သူများ၏ စွမ်းဆောင်ရည်တိုးတက်လာစေရေးနှင့် ဘေးအန္တရာယ်များ ကျရောက်လာပါက ကျေးလက်ဒေသများ၌ တုံ့ပြန်ကာကွယ်ဆောင်ရွက်နိုင်မှု အားကောင်းသော လူမှုအဖွဲ့အစည်းများ ဖြစ်ပေါ်လာစေရေးအတွက် ဆောင်ရွက်နိုင်ရန်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းကို အားပေးမြှင့်တင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အသိပေးပြောကြားထားသည်။

ကျေးလက်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေးမှာ ယခုအခါ အလှမ်းကွာဟနေဆဲဖြစ်သည်။ ခေတ်အဆက်ဆက်အစိုးရများက ဆောင်ရွက်ခဲ့သော်လည်း စနစ်တကျ အခြေခိုင်မာစွာ တစ်ဆက်တစ်စပ်တည်း ဆောင်ရွက်ခဲ့ခြင်းမရှိသောကြောင့် လိုအပ်ချက်များရှိနေဆဲဖြစ်သည်။ ယခုအခါ လယ်ယာစိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်သည့်အားလျော်စွာ လယ်ယာကဏ္ဍတွင် လက်တွေ့အကောင်အထည်ဖော်နိုင်မည့်လုပ်ငန်းများကို လက်တွေ့ဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်နေသည်။ ကျေးလက်နေပြည်သူများ၏ စုပေါင်းစွမ်းအားကို လက်တွေ့အသုံးချ၍ ပွင့်လင်းမြင်သာစွာဖြင့် အလုပ်အကိုင် အခွင့်အလမ်းများနှင့် အကျိုးရလဒ်များ ပေါ်ထွက်လာအောင် ကြိုးပမ်းဆောင်ရွက်နေသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် အဓိကကျသည့် စီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို လက်ငုတ်လက်ရင်းလည်းဖြစ်၊ ကျွမ်းကျင်မှုလည်းရှိသည့် ကျေးလက်နေပြည်သူများက စိတ်စေတနာအပြည့်အဝနှင့် ပေါင်းစည်းအင်အားဖြင့် နိုင်ငံတော်နှင့်လက်တွဲ၍ ကျေးလက်ဒေသအကျိုးစီးပွား၊ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားတို့ကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြရမည့် အချိန်အခါကောင်းဖြစ်ပါကြောင်း။ ။

## (၇၆)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

(၁) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃)ပါးကို ဆက်လက်ထိန်းသိမ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ဆန္ဒဖြစ်သည့် ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မှု မရှိစေရန် ပြည်သူတစ်ရပ်လုံးနှင့်လက်တွဲ၍ တပ်မတော်က ကာကွယ် ထိန်းသိမ်းပေးရေး။

(၂) သဘာဝဘေးအန္တရာယ်ကျရောက်မှုအပါအဝင် ပြည်သူများအပေါ် ကျရောက်လာသည့် အန္တရာယ်မှန်သမျှကို မည်သည့်အခြေအနေ မည်သည့်အချိန်အခါတွင်မဆို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြည်သူလူထု၏လူနေမှုဘဝလုံခြုံရေးကိုပါ ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

(၃) ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ဒို့တာဝန်အရေး(၃)ပါးကို မသွေဖည်ဘဲ NCA အပေါ် အခြေခံ၍ အကောင်အထည်ဖော် ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်နိုင်ရန် တိုက်ပွဲစွမ်းရည်နှင့် တိုက်ပွဲစွမ်းအားရှိသော ကျစ်လျစ်ခိုင်မာတောင့်တင်းသည့် ခေတ်မီတပ်မတော်တည်ဆောက်ရေး။

## မနက်ဖြန်နံနက်အထိခန့်မှန်းချက်

နေပြည်တော် မတ် ၃

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ( ၄-၃-၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၅၀၀ | ၉,၅၀၀ | ၅၀ | ၄၇၅,၀၀၀ |
| MTSH | ၃,၅၅၀ | ၃,၆၀၀ | ၂,၀၈၅ | ၇,၄၁၆,၈၅၀ |
| MCB | ၈,၂၀၀ | ၈,၂၀၀ | ၀ | ၀ |
| FPB | ၂၂,၀၀၀ | ၂၂,၀၀၀ | ၀ | ၀ |
| TMH | ၂,၇၀၀ | ၂,၈၀၀ | ၁၀၀ | ၂၇၇,၀၀၀ |
| EFR | ၃,၄၀၀ | ၃,၃၅၀ | ၈၅၈ | ၂,၈၇၄,၇၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူပါသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မတ် ၄

| နိုင်ငံခြားငွေလဲလှယ်နှုန်း | မြန်မာငွေကျပ် | | |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၂၃.၅ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၇၁၉.၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၂၀.၂၃ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၄၆.၉၃၄ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၅၁.၃၅ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉.၅၁၃ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၁၁၃.၄ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၆၉.၉ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၃၁.၆ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၆.၈၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦး၊ ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

**ဖက်ဒရယ်စနစ်နှင့်ပတ်သက်ပြီး မိမိတို့လိုရာကို အဓိပ္ပာယ်အမျိုးမျိုး၊ စံနှုန်းအမျိုးမျိုး ဖွင့်ဆိုပြီး ပြောနေကြသော်လည်း အနှစ်သာရအနေဖြင့် ပေါင်းစည်းခြင်းနှင့် သဟဇာတဖြစ်မှုပင်ဖြစ်ကြောင်း၊ ဖက်ဒရယ်သည် မတူကွဲပြားသည့် တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ လူမျိုးများ၊ လူမျိုးစုများ စုစည်းထားရာမှ အချုပ်အခြာအာဏာဖြစ်သည့် အာဏာ(၃)ရပ်ကို ခွဲဝေကျင့်သုံးခြင်းပင်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပြည်ထောင်စု၊ တိုင်းဒေသကြီး၊ ပြည်နယ်အကြား ဖွဲ့စည်းပုံအခြေခံဥပဒေအရ အာဏာခွဲဝေဆောင်ရွက်သွားခြင်းဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်များသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ကိုယ်ပိုင်တရားစီရင်ခွင့်၊ ကိုယ်ပိုင်ဥပဒေပြဋ္ဌာန်းခွင့်ဟူသည့် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အခြေခံဥပဒေအရ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရရှိမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် လူမျိုးတစ်မျိုးတည်းသာ နေထိုင်သည့် တိုင်းဒေသကြီး၊ ပြည်နယ်ဟူ၍ လုံးဝမရှိကြောင်း၊ လူမျိုးပေါင်းစုံ ရောယှက်နေထိုင်ကြကြောင်း၊ တိုင်းဒေသကြီးများတွင်လည်း တိုင်းရင်းသားများ ပျံ့နှံ့နေထိုင်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း။**

✪ ရှေ့ဖုံးမှ

အစည်းအဝေးတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့အစည်းအဝေးသည် မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူပြီးနောက်ပိုင်းတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်ပြီး ပထမဦးဆုံးကျင်းပသည့် အစည်းအဝေးဖြစ်ကြောင်း၊ မိမိတို့တာဝန်ယူပြီးနောက်တွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ညှိနှိုင်းရေးကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်ပါက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်တွင် “တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိစေရန်အတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားဆောင်ရွက်သွားမည်”ဟူသည့် လုပ်ငန်းစဉ်ချမှတ်ထားသကဲ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံရေးဦးတည်ချက်တွင်လည်း “ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားဆောင်ရွက်သွားရေး”ဟူသည့် ဦးတည်ချက်ချမှတ်ပြီး NCA ကို အလေးထားအကောင်အထည်ဖော်ဆောင်ရွက်သွားရန် ဦးတည်ရည်မှန်းထားခြင်းကို တွေ့ရမည်ဖြစ်ကြောင်း။

အမှန်တကယ်တွင် NCA သည် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးမှတစ်ဆင့် တိုင်းရင်းသားပြည်သူအားလုံးအလိုရှိနေသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် လိုအပ်သောအခင်းအကျင်းများကို အုတ်မြစ်ချထားခြင်းဖြစ်ကြောင်း၊ ယင်းအပေါ်တွင် မိမိတို့အနေဖြင့် ညှိနှိုင်းဆွေးနွေးအဖြေရှာပြီး သဘောတူညီချက်များအရ ဆက်လက်အကောင်အထည်ဖော်တည်ဆောက်သွားနိုင်မှသာ ပြီးပြည့်စုံသည့် ပြည်ထောင်စုပုံသဏ္ဌာန်ပေါ်ပေါက်လာမည်ဖြစ်ကြောင်း၊ ယင်းနေရာတွင် တွေ့ဆုံညှိနှိုင်းအဖြေရှာခြင်းဆိုသည့် ဒီမိုကရေစီယဉ်ကျေးမှုကိုလိုက်နာရန် အလွန်အရေးကြီးကြောင်း၊ မည်သို့ပင်ကြီးမားသည့်ပြဿနာများဖြစ်ပါစေ နှစ်ဖက်တွေ့ဆုံညှိနှိုင်းမည်ဆိုပါက အတိုင်းအတာတစ်ခုအထိ လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ အလျဉ်းသင့်၍ ယခင်အစိုးရလက်ထက်က အခြေအနေတစ်ခုကို ပြောရပါက မိမိတို့တပ်မတော်အနေဖြင့် အရပ်ဘက်-စစ်ဘက်ဆက်ဆံရေးကောင်းမွန်စေရန် ဖွဲ့စည်းပုံအခြေခံဥပဒေက သတ်မှတ်ထားသည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေးကို ခေါ်ယူရန် မိမိကိုယ်တိုင် အကြိမ်ကြိမ်တိုက်တွန်းခဲ့သော်လည်း လျစ်လျူရှုခံခဲ့ရကြောင်း၊ ထို့ပြင်မဲမသမာမှုများနှင့်ပတ်သက်ပြီး ယခင် UEC နှင့် နိုင်ငံရေးပါတီများအကြား တွေ့ဆုံညှိနှိုင်းဖြေရှင်းပေးရန်၊ ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေး ခေါ်ယူဖြေရှင်းပေးရန်နှင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး ခေါ်ယူပေးရန် အကြိမ်ကြိမ်တိုက်တွန်းခဲ့သော်လည်း တွေ့ဆုံဆွေးနွေးသည့် လမ်းကြောင်းကို ငြင်းပယ်ခဲ့သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေက တာဝန်ပေးအပ်ထားချက်အရ တပ်မတော်က မလွှဲမရှောင်သာ ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် မိမိတို့တိုင်းရင်းသားများကြားတွင် မကျေလည်မှုများ၊ သံသယများ၊ မယုံကြည်မှုများ၊ စိုးရိမ်မှုများသည် တွေ့ဆုံဆွေးနွေးညှိနှိုင်း အဖြေရှာခြင်းဆိုသည့် ဒီမိုကရေစီယဉ်ကျေးမှုကို ကျင့်သုံးခြင်းဖြင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးကိုဖော်ဆောင်နိုင်မည်ဆိုခြင်းကို မီးမောင်းထိုးပြလိုခြင်းဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်တွင်လည်း NCA ပါ သဘောတူချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားဆောင်ရွက်သွားမည်ဟု ဖော်ပြထားသည့်အတွက် ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြုသည့်အဆင့်မှအပ ကျန်သည့် အစိတ်အပိုင်းများ ဆောင်ရွက်၍ရပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ မရှိသည့်အတွက်ကြောင့် ဆောင်ရွက်၍မရဟု ထင်မြင်ယူဆနိုင်သော်လည်း ရွေးကောက်ပွဲထပ်မံကျင်းပပြီးပါက လက်ရှိရှိနေသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များကသာ ရွေးကောက်ခံကိုယ်စားလှယ်များ ဖြစ်လာမည့်အပြင် အများစုအနိုင်ရသည့်ပါတီကလည်း အစိုးရဖွဲ့စည်းပြီး တာဝန်ယူဆောင်ရွက်ရမည်ဖြစ်သည့်အတွက် လက်ရှိရှိနေသည့် နိုင်ငံရေးပါတီအစုအဖွဲ့နှင့် အစိုးရအစုအဖွဲ့တို့ဖြင့် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးမှုများ ဆက်လက်ဆောင်ရွက်သွားနိုင်မည် ဖြစ်ကြောင်း၊ ယင်းသို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားခြင်းအားဖြင့် မိမိတို့ရည်မှန်းထားသည့် ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် ပိုမိုအကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း။

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရာတွင် ဒီမိုကရေစီနှင့်ပတ်သက်၍လည်းကောင်း၊ ဖက်ဒရယ်နှင့်ပတ်သက်၍လည်းကောင်း မည်သို့ပင်အယူအဆအမျိုးမျိုးကွဲပြားနေပါစေ မိမိတို့နိုင်ငံနှင့် သဟဇာတဖြစ်သည့် စနစ်မျိုးကို ရွေးချယ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဒီမိုကရေစီနှင့်ပတ်သက်ပြီး အများဆန္ဒအတိုင်းဆောင်ရွက်ရသလို လူနည်းစုဆန္ဒကိုလည်း အလေးထားရန် လိုအပ်ကြောင်း၊ မိမိဆန္ဒနှင့်မကိုက်ညီပါက ရန်သူလို့သဘောထားပြီး ခွဲခြားဆက်ဆံမှုများ၊ လူမှုဆက်ဆံရေးအရပြစ်ဒဏ်ခတ်ပြီး လူ့အသိုင်းအဝိုင်းမှ ဖယ်ကြဉ်ထားခြင်းမျိုးသည် ကျေးပိုင်ကျွန်ပိုင်ခေတ်က လူတန်းစားခွဲခြားသည့် အတွေးအခေါ်များဖြစ်ပြီး ဒီမိုကရေစီနှင့် လုံးဝကိုက်ညီမှုမရှိသည်ကို တွေ့ရကြောင်း၊ ပုဂ္ဂိုလ်ရေးအရ အလွန်အမင်းကိုးကွယ်မှုသည်လည်း လူ့အဖွဲ့အစည်းအတွင်း ကွဲပြားမှုများကို ဖြစ်ပေါ်စေပြီး အမျိုးသားစည်းလုံးညီညွတ်မှုကို ထိခိုက်စေနိုင်ကြောင်း၊ ထို့ကြောင့် ဒီမိုကရေစီနှင့် ဆန့်ကျင်ဘက်ဖြစ်သည့် ပုဂ္ဂိုလ်ရေးကိုးကွယ်မှုနှင့် ခွဲခြားဆက်ဆံမှုများကို မိမိတို့လူ့အဖွဲ့အစည်းအတွင်း မကျင့်သုံးနိုင်အောင် စဉ်းစားဆောင်ရွက်ရန် လိုအပ်ကြောင်း။

ဖက်ဒရယ်စနစ်နှင့်ပတ်သက်ပြီး မိမိတို့လိုရာကို အဓိပ္ပာယ်အမျိုးမျိုး၊ စံနှုန်းအမျိုးမျိုးဖွင့်ဆိုပြီး ပြောနေကြသော်လည်း အနှစ်သာရအနေဖြင့် ပေါင်းစည်းခြင်းနှင့် သဟဇာတဖြစ်မှုပင်ဖြစ်ကြောင်း၊ ဖက်ဒရယ်သည် မတူကွဲပြားသည့် တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ လူမျိုးများ၊ လူမျိုးစုများ စုစည်းထားရာမှ အချုပ်အခြာအာဏာဖြစ်သည့် အာဏာ(၃)ရပ်ကို ခွဲဝေကျင့်သုံးခြင်းပင်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ပြည်ထောင်စု၊ တိုင်းဒေသကြီး၊ ပြည်နယ်အကြား ဖွဲ့စည်းပုံအခြေခံဥပဒေအရ အာဏာခွဲဝေဆောင်ရွက်သွားခြင်းဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်များသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ကိုယ်ပိုင်တရားစီရင်ခွင့်၊ ကိုယ်ပိုင်ဥပဒေပြဋ္ဌာန်းခွင့်ဟူသည့် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အခြေခံဥပဒေအရ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် လူမျိုးတစ်မျိုးတည်းသာ နေထိုင်သည့် တိုင်းဒေသကြီး၊ ပြည်နယ်ဟူ၍ လုံးဝမရှိကြောင်း၊ လူမျိုးပေါင်းစုံ ရောယှက်နေထိုင်ကြကြောင်း၊ တိုင်းဒေသကြီးများတွင်လည်း တိုင်းရင်းသားများ ပျံ့နှံ့နေထိုင်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

သာဓကအားဖြင့် ၂၀၁၄ခုနှစ် လူဦးရေစာရင်းအရ ရှမ်းပြည်နယ်တွင်လူဦးရေ ၅၈ သိန်းကျော် ပျံ့နှံ့နေထိုင်လျက်ရှိပြီး လူဦးရေအချိုးတွင် ရှမ်း ၃၅ ဒသမ ၂၃ ရာခိုင်နှုန်း၊ ဗမာ ၁၁ ဒသမ ၄၄ ရာခိုင်နှုန်း၊ ပအိုဝ်း ၈ ဒသမ ၉၄ ရာခိုင်နှုန်း၊ ပလောင် ၇ ဒသမ ၀၆ ရာခိုင်နှုန်း၊ ‘ဝ’ ၆ ဒသမ ၄၁ ရာခိုင်နှုန်း၊ ဓနု ၄ ဒသမ ၄ ရာခိုင်နှုန်း၊ ကိုးကန့် ၃ ဒသမ ၂၂ ရာခိုင်နှုန်း၊ လားဟူ ၄ ဒသမ ၀၅ ရာခိုင်နှုန်း၊ ဂျိန်းဖော ၂ ဒသမ ၃၅ ရာခိုင်နှုန်းနှင့် ကျန်တိုင်းရင်းသား ၁၆ ဒသမ ၈၄ ရာခိုင်နှုန်း ရောနှောနေထိုင်နေခြင်းကို တွေ့ရကြောင်း၊ အလားတူ ကချင်ပြည်နယ်တွင်ဆိုပါက လူဦးရေ ၁၆ သိန်းကျော်ပျံ့နှံ့နေထိုင်လျက်ရှိပြီး လူဦးရေ အချိုးတွင် ဗမာ ၂၉ ဒသမ ၂ ရာခိုင်နှုန်း၊ ရှမ်း ၂၃ ဒသမ ၆ ရာခိုင်နှုန်း၊ ဂျိမ်းဖော ၁၈ ဒသမ ၉၇ ရာခိုင်နှုန်း၊ လီဆူး ၇ ရာခိုင်နှုန်း၊ ရဝမ် ၅ ဒသမ ၅ ရာခိုင်နှုန်း၊ လောဝေါ် ၃ ဒသမ ၃၃ ရာခိုင်နှုန်း၊ လာချိတ် ၂ ဒသမ ၈၉ ရာခိုင်နှုန်း၊ ဇိုက်ဝါး ၁ ဒသမ ၅၇ ရာခိုင်နှုန်းနှင့် ကျန်တိုင်းရင်းသားများအနေဖြင့် ၈ ရာခိုင်နှုန်း ရောနှောနေထိုင်နေသည်ကို တွေ့ရကြောင်း၊ ရှမ်းပြည်နယ်ဟုဆိုသော်လည်း ရှမ်းလူမျိုး ၃၅ ရာခိုင်နှုန်းကျော်၊ ကချင်ပြည်နယ်ဟုဆိုသော်လည်း ကချင်လူမျိုး ၃၉ ရာခိုင်နှုန်းသာရှိသည့်အတွက် လူမျိုးအလိုက် ပြည်နယ်သတ်မှတ်လိုက်ခြင်းသည် အခြားလူမျိုးများကိုလည်း မိမိတို့ လူမျိုးနာမည်နှင့် ပြည်နယ်တောင်းဆိုမှုများ ဖြစ်ပေါ်လာသည်ကိုလည်း ကြုံတွေ့နေရကြောင်း၊ လူမျိုးတစ်မျိုးတည်းက ပိုင်ဆိုင်ခြင်းမဟုတ်ဘဲ ပြည်နယ်အတွင်းတွင် နေထိုင်သည့် လူမျိုးအားလုံးက ပိုင်ဆိုင်ခြင်းဆိုသည့် လက္ခဏာဆောင်သည့် ဒေသအမည်ကို အစွဲပြုသည့် ပြည်နယ်အမည်ဖြစ်ပေါ်လာနိုင်ပါက အမျိုးသားစည်းလုံးညီညွတ်ရေးအတွက် ကြီးမားသော အထောက်အပံ့ဖြစ်မည်ဟု မိမိယူဆကြောင်း၊ ယင်းနှင့်ပတ်သက်၍လည်း အားလုံးက ဝိုင်းဝန်းစဉ်းစားအဖြေရှာသွားရန် တိုက်တွန်းလိုကြောင်း။

မိမိတို့ယနေ့ ငြိမ်းချမ်းရေးကြိုးပမ်းဆောင်ရွက်နေခြင်းသည် မိမိတို့၏ သားစဉ်မြေးဆက်လူငယ်များအတွက် တည်ငြိမ်သည့် အနာဂတ်နှင့် ဖွံ့ဖြိုးတိုးတက်ပြီး ကမ္ဘာ့အဆင့်မီ နိုင်ငံတစ်ခုဖြစ်အောင် လက်ဆင့်ကမ်းအမွေပေးနိုင်ရန် အမျိုးသားရေးတာဝန်အဖြစ် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း၊ ကိုယ်ကျိုးစီးပွားအတွက်၊ တစ်ဦးတစ်ယောက် နာမည်ကောင်းရရန်အတွက် ဖော်ဆောင်နေခြင်း မဟုတ်သည်ကို ပြောကြားလိုကြောင်း။

မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်တာဝန်လွှဲပြောင်းရယူခဲ့ပြီးနောက်တွင် လိုအပ်သော တည်ငြိမ်အေးချမ်းမှုများကို ဆောင်ရွက်ပြီး ရွေးကောက်ပွဲ အနိုင်ရရှိသည့်ပါတီကို အစိုးရတစ်ရပ်ဖွဲ့စည်းနိုင်သည်အထိ ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တာဝန်ယူစဉ်ကာလအတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အပါအဝင် နယ်မြေအသီးသီးမှ ဆောင်ရွက်ဆဲလုပ်ငန်းစဉ်များကို အရှိန်အဟုန်မပြတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်လွဲချော်နေသည့် လုပ်ငန်းစနစ်များ၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် အမျိုးသားလုံခြုံရေးကိုထိခိုက်စေသည့် လုပ်ငန်းစဉ်များကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများနှင့်အညီ ပြန်လည်တည့်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းကဲ့သို့ ဆောင်ရွက်ခြင်းသည် တပ်မတော်အနေဖြင့် အမျိုးသားအကျိုးစီးပွားကို ကာကွယ်သည့် အမျိုးသားနိုင်ငံရေးကို ဦးတည်ဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်းက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံများ ကျင်းပနိုင်ခဲ့မှုနှင့် သဘောတူစာချုပ်များချုပ်ဆိုနိုင်ခဲ့မှု၊ ငြိမ်းချမ်းရေးဆိုင်ရာကော်မတီများ ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့မှု၊ အစိုးရ၊ NCAs-EAO ခေါင်းဆောင်များသီးသန့်ဆွေးနွေးနိုင်ခဲ့မှုများနှင့် သဘောထားထုတ်ပြန်ချက်များထုတ်ပြန်ခဲ့မှု၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အစည်းအဝေးများ ကျင်းပနိုင်ခဲ့မှု၊ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃) ချုပ်ဆိုနိုင်ခဲ့မှု၊ ၂၀၂၀ အလွန် အဆင့်အလိုက် ရှေ့လုပ်ငန်းစဉ်များနှင့် အဆင့်အလိုက်အကောင်အထည်ဖော်မှုအခြေအနေ၊ လမ်းညွှန်အခြေခံမူ သဘောတူညီချက်များ ဆက်လက်ဆွေးနွေးရန်အချက်များ ကျန်ရှိမှုအခြေအနေ၊ အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့တို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆွေးနွေးခဲ့မှု အခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

စာမျက်နှာ ၄ သို့ ❒

# ရန်ကုန်-မန္တလေး ရထားလမ်းစီမံကိန်း အမြန်ပြီးစီးရေး

**စွမ်းအင်ကဏ္ဍတွင်လည်း ပြည်ပမှလောင်စာဆီတင်သွင်းရေးအတွက် နှစ်စဉ်အမေရိကန်ဒေါ်လာ ၃ ဘီလီယံသုံးစွဲနေရပါကြောင်း၊ လောင်စာဆီ၏ ၅ ရာခိုင်နှုန်းမှာ လျှပ်စစ်မီးရရှိရေးအတွက် အသုံးပြုလျက်ရှိပါကြောင်း၊ ကျန် ၉၅ ရာခိုင်နှုန်းမှာ သယ်ယူပို့ဆောင်ရေးနှင့် စက်ရုံ၊ အလုပ်ရုံများတွင် အသုံးပြုလျက်ရှိကြောင်း၊ ထို့ကြောင့် သယ်ယူပို့ဆောင်ရေးကဏ္ဍမှ လောင်စာဆီသုံးစွဲမှုကို လျှော့ချနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများက မြို့တွင်းနှင့်ခရီးတိုသွားသည့် လျှပ်စစ်ကားထုတ်လုပ်နိုင်ရန် ပထမအဆင့် ကြိုးစားရမည်ဖြစ်ကြောင်း၊ ပို့ဆောင်ရေးကဏ္ဍမှာ တိုင်းပြည်အတွက် အရေးကြီးပါကြောင်း၊ ထို့ကြောင့် ရထားလမ်း၊ ကားလမ်းများ အမြန်ဖွင့်လှစ်နိုင်ရေးနှင့် ကောင်းမွန်ရေးကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ JICA နှင့် ပူးပေါင်းဆောင်ရွက်နေသည့် ရန်ကုန်-မန္တလေး ရထားလမ်းစီမံကိန်းကို အမြန်ပြီးစီးရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။**

( နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၅-၂-၂၀၂၃ ရက်နေ့တွင် ကျင်းပသည့် စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး(၂/၂၀၂၃) တွင် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

❒ စာမျက်နှာ ၃ မှ

ယင်းနောက် ဗဟိုကော်မတီဝင်များဖြစ်ကြသည့် Jeng Phang နော်တောင်၊ မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ စောဒန်နီယယ်နှင့် ဦးစိုင်းလုံးဆိုင်တို့က ကချင်ပြည်နယ် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ပိုမိုအောင်မြင်စေရေးအတွက် ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့ကို တိုးချဲ့ဖွဲ့စည်းပေးရေး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အလွတ်သဘောတွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နိုင်ရေးနှင့် မကြာခဏ တွေ့ဆုံဆွေးနွေးနိုင်ရေး၊ တိုက်ပွဲရှောင်ပြည်သူများ အမိုးအကာအောက် ပြန်လည်ရောက်ရှိရေး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူထားသည့်ကာလတွင် တိုင်းရင်းသားအားလုံး NCA တွင်ပါဝင်လက်မှတ်ရေးထိုးနိုင်ရေး၊ ရခိုင်ပြည်နယ်အတွင်း ယာယီအပစ်အခတ်ရပ်စဲရေးမှ ထာဝရငြိမ်းချမ်းရေးရရှိသည်အထိ ဆက်လက်ဆောင်ရွက်သွားရေး၊ တိုက်ပွဲရှောင်ပြည်သူများ နေရပ်ပြန်နိုင်ရေး၊ ကောလာဟလသတင်းများနှင့်ပတ်သက်၍ သတင်းအမှန်အား အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်သွားရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ယုံကြည်မှုတည်ဆောက်ရန်၊ ပြည်နယ်အဆင့်ကော်မတီများ ပြန်လည်ဖွဲ့စည်းရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တိုင်းရင်းသားအားလုံး ပါဝင်နိုင်ရေးတို့ကို ဆက်လက်ဆွေးနွေးကြသည်။

**လက်ရှိရောက်ရှိနေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအရ တွေ့ဆုံဆွေးနွေးမှုများကို အပိုင်း(၄)ပိုင်းခွဲပြီး စဉ်ဆက်မပြတ် ညှိနှိုင်းဆောင်ရွက်နေရန်လိုအပ်ကြောင်း၊ အလွတ်သဘောတွေ့ဆုံဆွေးနွေးမှုများ၊ တရားဝင်ဆွေးနွေးမှုများကိုလည်း လိုအပ်သလို ညှိနှိုင်းဆောင်ရွက်သွားရန်လိုကြောင်း၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ခိုင်မာစေရေးအတွက် Bilateral ဆွေးနွေးပွဲများကို သတ်မှတ်ချက်နှင့်အညီ စဉ်ဆက်မပြတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ NCAအရ တရားဝင်အစည်းအဝေးများနှင့် ငြိမ်းချမ်းရေးညီလာခံကျင်းပနိုင်သည်အထိ ညှိနှိုင်းဆောင်ရွက်သွားရန်လိုကြောင်း၊**

## ပြန်လည်ဖွဲ့စည်းသွားမည်

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ပြည်နယ်အဆင့်ကော်မတီများကို ပြန်လည်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း၊ တိုက်ပွဲရှောင်စခန်းများမှ ပြည်သူများနေရပ်ပြန်နိုင်ရေးနှင့် နေထိုင်မှုအဆင်ပြေစေရေးအတွက် အမြန်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် တပ်မတော်အပေါ် သဘောထားအမြင် ကွဲလွဲနေမှုအပေါ် ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးအတွက် ပုံမှန်လုပ်ငန်းများသာ ဆောင်ရွက်လျက်ရှိကြောင်း၊ NCA တွင်လက်မှတ်ရေးထိုးရန် ကျန်ရှိနေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် ငြိမ်းချမ်းရေးလမ်းကြောင်းအပေါ် လျှောက်လှမ်းရန်လိုအပ်ကြောင်း၊ ဒီမိုကရေစီအခွင့်အရေးကို တိုင်းရင်းသားအားလုံး ခံစားစေလိုကြောင်း။

## ညှိနှိုင်းဆောင်ရွက်သွားရန်လို

လက်ရှိရောက်ရှိနေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအရ တွေ့ဆုံဆွေးနွေးမှုများကို အပိုင်း(၄)ပိုင်းခွဲပြီး စဉ်ဆက်မပြတ်ညှိနှိုင်းဆောင်ရွက်နေရန်လိုအပ်ကြောင်း၊ အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုများ၊ တရားဝင်ဆွေးနွေးမှုများကိုလည်း လိုအပ်သလို ညှိနှိုင်းဆောင်ရွက်သွားရန်လိုကြောင်း၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ခိုင်မာစေရေးအတွက် Bilateral ဆွေးနွေးပွဲများကို သတ်မှတ်ချက်နှင့်အညီ စဉ်ဆက်မပြတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ NCA အရ တရားဝင်အစည်းအဝေးများနှင့် ငြိမ်းချမ်းရေးညီလာခံကျင်းပနိုင်သည်အထိ ညှိနှိုင်းဆောင်ရွက်သွားရန်လိုကြောင်း၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေးဖော်ဆောင်ရေးနှင့်ပတ်သက်ပြီး (က)ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရန်၊ (ခ)တွေ့ဆုံဆွေးနွေး ညှိနှိုင်းအဖြေရှာခြင်းဆိုသည့် ဒီမိုကရေစီယဉ်ကျေးမှုကို ကျင့်သုံးခြင်းဖြင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးကိုဖော်ဆောင်ရန်၊ (ဂ)အမျိုးသားစည်းလုံးညီညွတ်ရေးအတွက် လိုအပ်သည့် မဟာဗျူဟာများ ချမှတ်ဆောင်ရွက်ရန်၊ (ဃ)ငြိမ်းချမ်းရေးဖော်ဆောင်မှုနှင့်အတူ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း စီမံချက်များချမှတ်ဆောင်ရွက်ရန်နှင့် (င)လူ့အဖွဲ့အစည်းအတွင်းတွင် ကွဲပြားစေမည့်အခြေခံအကြောင်းအရာများကို သုတေသနပြုဖော်ထုတ်ပြီး ကာကွယ်တားဆီးဆောင်ရွက်သွားရန် စသည့်လမ်းညွှန်ချက် (၅)ရပ်ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

**အမျိုးသားစည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေးဖော်ဆောင်ရေးနှင့်ပတ်သက်ပြီး (က)ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရန်၊ (ခ)တွေ့ဆုံဆွေးနွေး ညှိနှိုင်းအဖြေရှာခြင်းဆိုသည့် ဒီမိုကရေစီယဉ်ကျေးမှုကို ကျင့်သုံးခြင်းဖြင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးကိုဖော်ဆောင်ရန်၊ (ဂ)အမျိုးသားစည်းလုံးညီညွတ်ရေးအတွက် လိုအပ်သည့် မဟာဗျူဟာများ ချမှတ်ဆောင်ရွက်ရန်၊ (ဃ)ငြိမ်းချမ်းရေးဖော်ဆောင်မှုနှင့်အတူ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း စီမံချက်များချမှတ်ဆောင်ရွက်ရန်နှင့် (င)လူ့အဖွဲ့အစည်းအတွင်းတွင် ကွဲပြားစေမည့်အခြေခံအကြောင်းအရာများကို သုတေသနပြုဖော်ထုတ်ပြီး ကာကွယ်တားဆီးဆောင်ရွက်သွားရန် စသည့်လမ်းညွှန်ချက် (၅)ရပ်ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။**

## အခါအားလျော်စွာ ကျင်းပသွားမည်

လုပ်ငန်းကော်မတီအနေဖြင့် လိုအပ်သည့်အချိန်ဇယားနှင့် မဟာဗျူဟာများကို ချမှတ်ပေးပြီး ညှိနှိုင်းရေးကော်မတီက လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုကြောင်း၊ ဗဟိုကော်မတီအစည်းအဝေးကို လိုအပ်ချက်အပေါ်မူတည်ပြီး အခါအားလျော်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းကော်မတီသည် ဖွံ့ဖြိုးရေးကိစ္စများ၊ IDP ကိစ္စများ၊ NCA အခန်း(၆)တွင်ပါဝင်သည့် ကြားကာလဆိုင်ရာကိစ္စရပ်များကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများနှင့် ညှိနှိုင်းပြီး အကောင်အထည်ဖော် ဆောင်ရွက်ကြရန်လိုကြောင်း၊ အသေးစိတ်ဆောင်ရွက်ရမည့် ညှိနှိုင်းမှုများကို ညှိနှိုင်းရေးကော်မတီက ဆက်လက်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးသည် တိုက်ရိုက်အချိုးကျနေသည့်အတွက် ဟန်ချက်ညီ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး (၂၇)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ သီးသန့်အစည်းအဝေး (ဒုတိယနေ့) တက်ရောက်



**နေပြည်တော် မတ် ၃**
(၂၇)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ သီးသန့်အစည်းအဝေး (ဒုတိယနေ့)ကို ယနေ့တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ဆက်လက်ကျင်းပရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး နေပြည်တော်မှ ပါဝင်တက်ရောက်သည်။

**ဆွေးနွေး**

အစည်းအဝေး(ဒုတိယနေ့)တွင် အာဆီယံ ဘက်စုံပြန်လည်ထူထောင်ရေးမူဘောင်၌ အာဆီယံစီးပွားရေး အသိုက်အဝန်း (အေအီးစီ)နှင့် ပတ်သက်သောကိစ္စရပ်များ အကောင်အထည်ဖော်မှု၊ ကိုဗစ်-၁၉ ကပ်ရောဂါကို တုံ့ပြန်ရန်အတွက် ရေးဆွဲချမှတ်ခဲ့သည့် ဟန္နိုင်း ရှေ့လုပ်ငန်းစဉ်အောက်ရှိ အရေးကြီးကုန်စည်များအပေါ် အကောက်ခွန်မဟုတ်သော စီမံဆောင်ရွက်မှုများ ချမှတ်အကောင်အထည်ဖော်ခြင်းဆိုင်ရာ နားလည်မှု စာချွန်လွှာ၏ နောက်ဆက်တွဲ အရေးကြီးကုန်စည်များစာရင်းတွင် လယ်ယာထွက်ကုန်နှင့် စားသောက်ကုန်စည်များ ထပ်မံထည့်သွင်းရေးကိစ္စ၊ ကမ္ဘာ့ထုတ်လုပ်မှုကွင်းဆက်တွင် အာဆီယံအနေဖြင့် ပိုမိုပူးပေါင်းပါဝင်နိုင်ရေး ကိစ္စနှင့် ဒေသတွင်းဘက်စုံပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် အာဏာသက်ဝင်ရေးအတွက် နိုင်ငံအလိုက် ဆောင်ရွက်မှုများကို ဆွေးနွေးသည်။

**အပြည့်အဝထောက်ခံ**

အစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက အာဆီယံ ဘက်စုံပြန်လည်ထူထောင်ရေး မူဘောင်ကို အကောင်အထည်ဖော်ရာတွင် စောင့်ကြည့်စစ်ဆေးရန်အတွက် အထောက်အကူပြုအဖွဲ့ ထူထောင်ခြင်းမှာ လိုအပ်သည့် ကိစ္စဖြစ်သည့်အတွက် အပြည့်အဝထောက်ခံပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဒေသတွင်းဘက်စုံပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် အာဏာသက်ဝင်ရေးအတွက် ပြည်တွင်းလုပ်ထုံးလုပ်နည်းများကို စောနိုင်သမျှပြီးစီးအောင် ဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးပြောကြားသည်။

အစည်းအဝေး၌ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဝန်ကြီးချုပ်ရုံးနှင့် ဘဏ္ဍာရေးနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Dato Dr. Amin Liew Abdullah က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးဝန်ကြီးများ၊ အာဆီယံအဆင့်မြင့် စီးပွားရေးအရာရှိများနှင့် ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာနိုင်ငံ ပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ(၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (၁) | ပါမောက္ခ ဒေါက်တာလှဝင်းမြင့် | ပါမောက္ခချုပ် ဆေးတက္ကသိုလ်(တောင်ကြီး) ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန |
| (၂) | ပါမောက္ခ ဒေါက်တာအေးအေးခင် | ပါမောက္ခချုပ် ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်(ရန်ကုန်) ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန |

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် မတ် ၃**
ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်မှုများဆိုင်ရာ အစည်းအဝေးကျင်းပ



**နေပြည်တော် မတ် ၃**
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်မှုများဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ယင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဘာသာရပ်ဆိုင်ရာတာဝန်ခံများ ပါဝင်တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ သက်ဆိုင်ရာဦးစီးဌာနများက အာဆီယံနှင့်ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို အသီးသီးတင်ပြကြရာ လူမှုဝန်ထမ်းဦးစီးဌာနက တင်ပြရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအနေဖြင့် အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ (ASEAN Socio-Cultural Community Council-ASCC)အောက်ရှိ အာဆီယံ ဝန်ကြီးအဆင့် ကဏ္ဍအလိုက်အဖွဲ့အစည်းများတွင် Focal Point အဖြစ် ပါဝင်အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများနှင့် မြန်မာနိုင်ငံအနေဖြင့် (၁၃)ကြိမ်မြောက် အာဆီယံလူငယ်ရေးရာ ဝန်ကြီးများအဆင့် အစည်းအဝေး (13th AMMY)နှင့် (၁၂)ကြိမ်မြောက် အာဆီယံလူငယ်ရေးရာ အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေး(12th SOMY)တို့အား အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရန်ကိစ္စများအား တင်ပြသည်။

ယင်းနောက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနက တင်ပြရာတွင် အာဆီယံသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေး၊ ဆက်စပ်အစည်းအဝေးများနှင့် အာဆီယံဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးများအား အလှည့်ကျဥက္ကဋ္ဌနိုင်ငံက အိမ်ရှင်အဖြစ် ဆောင်ရွက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်လေ့ရှိကြောင်း၊ သဘာဝဘေးစီမံခန့်ခွဲရေးနှင့် အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာ အာဆီယံသဘောတူစာချုပ်၏ လုပ်ငန်းအစီအစဉ် (၂၀၂၁-၂၀၂၅)အား အကောင်အထည်ဖော်ရန် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းထားရာ၌ မြန်မာနိုင်ငံသည် ကြိုတင်ပြင်ဆင်ရေး၊ တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့တွင် အခြားနိုင်ငံများနှင့်အတူ ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေကြောင်း၊ ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက်လည်း အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း၊ အာဆီယံထိပ်သီးအစည်းအဝေးများ၌ ဆွေးနွေးသဘောတူချက်များအရ မြန်မာနိုင်ငံအား ပံ့ပိုးဆောင်ရွက်နေကြောင်း၊ အာဆီယံအရေးပေါ်တုံ့ပြန်ရေးနှင့် ဆန်းစစ်လေ့လာမှုအဖွဲ့ဝင်များက ၂၀၁၉ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် ကနဦးလိုအပ်ချက် ဆန်းစစ်လေ့လာမှုအစီရင်ခံစာပါ အကြံပြုချက်များအား အကောင်အထည်ဖော်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအတွက် လူသားချင်းစာနာကူညီမှုထောက်ပံ့ပေးခြင်းဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကိုလည်း AHA Center နှင့်အတူ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြန်လည်လက်ခံရေးလုပ်ငန်းအတွက် ပြီးပြည့်စုံသည့် ဆန်းစစ်လေ့လာမှုဆောင်ရွက်နိုင်ရန်လည်း ညှိနှိုင်းဆွေးနွေးလျက်ရှိကြောင်း၊ အာဆီယံနှင့်ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များအတွက် ပေါင်းစပ်ဆောင်ရွက်ရန်များကို လမ်းညွှန်မှုများနှင့်အညီ ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

ထို့နောက် ပြန်လည်ထူထောင်ရေးဦးစီးဌာနက ကမ္ဘောဒီးယားနိုင်ငံအခြေစိုက် အာဆီယံဒေသတွင်း မြေမြှုပ်မိုင်းရှင်းလင်းရေးဗဟိုဌာန (ARMAC)သို့ စေတနာအလျောက် နှစ်စဉ်ကြေးရန်ပုံငွေ ထည့်ဝင်မှုကိစ္စရပ်များ၊ မြေမြှုပ်မိုင်းအန္တရာယ်အသိပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့် မိုင်းကြောင့် ထိခိုက်ဒဏ်ရာရသူများအား ဦးစီးဌာနက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးအပ်နေမှုများ၊ မြန်မာနိုင်ငံတွင် National Mine Authority ထူထောင်ရေးအတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

**မူဝါဒပြန်လည်ခံယူမည်**

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအုပ်ချုပ်မှုရုံးက ညွှန်ကြားထားရှိသည့်အတိုင်း အာဆီယံနှင့် ဆက်စပ်ဆောင်ရွက်ရမည့်ကိစ္စများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ အချို့သော ကိစ္စရပ်များတွင်မူ ကော်မတီများ ပြန်လည်ဖွဲ့စည်းရန် လိုအပ်ပါက ကော်မတီအသစ်ပြန်လည်ဖွဲ့စည်းနိုင်ရန် အမြန်တင်ပြရန်လိုပါကြောင်း၊ အချို့သော ဆက်သွယ်ရန်ပုဂ္ဂိုလ်များ (Focal Points) သတ်မှတ်မှုများကိုမူ မူဝါဒပြန်လည်ခံယူမည်ဖြစ်ပါကြောင်း၊ အာဆီယံဒေသဆိုင်ရာ အဖွဲ့အစည်းများသို့ မြန်မာနိုင်ငံအနေဖြင့် ရန်ပုံငွေထည့်သွင်းထားရှိမှုများရှိရာ မိမိတို့ဌာနအလိုက် လိုအပ်သော စီမံကိန်းအဆိုပြုလွှာများ ပြုစုပေးပို့သွားရန်၊ သုတေသနလုပ်ငန်းများကိုလည်း ဦးစားပေးဆောင်ရွက်ရန်၊ နေပြည်တော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ဝန်ကြီးဌာနမှ ပါဝင်ဆောင်ရွက်သင့်သည့် လုပ်ငန်းများဖော်ထုတ်ရန်တို့ကို မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အချိန်တန်ပါပြီ ...

**မောင်သိဒ္ဓိ**

လူ့ဘဝရရှိလာပြီဆိုရင် လူတိုင်းလိုလို (အတိတ်ကံအားနည်းသူမှ အပ)ဟာ အဆင့်မြင့်တဲ့ ဦးနှောက်ပါရှိကြပြီး ကျိုးကြောင်းဆီလျော်စွာ ဆင်ခြင်နိုင်စွမ်း၊ စကားပြောနိုင်စွမ်း၊ ပြန်လည်သုံးသပ်နိုင်စွမ်း၊ ပြဿနာဖြေရှင်းနိုင်စွမ်းနဲ့ စိတ်ခံစားနိုင်စွမ်းတွေ ရှိကြပါတယ်။ အဲဒီအပြင် လူသားတွေအားလုံးမှာ တစ်ပြေးညီ ရရှိထားတာက တော့ အချိန်ပါပဲ။ အချိန်ကို စုဆောင်းဖို့ မဖြစ်နိုင်သလို ကုန်လွန်အောင် လုပ်ဖို့ကျ သိပ်ကိုလွယ်ကူလွန်းလှပါတယ်။ အချိန်ဆိုတာ အသက် တမျှ အရေးကြီးပြီး လူ့အသက်သေဆုံးသွားရင် ပြန်မရနိုင်တော့သလို အချိန်တွေ ကုန်ဆုံးသွားရင်လည်း ပြန်လည်ရယူဖို့ မည်သို့မျှ မဖြစ်နိုင် တော့ပေ။

### အချိန်ကို အကျိုးရှိရှိ သုံးစွဲ

ငယ်စဉ်အရွယ်ကစပြီး လူမှုနီတိတွေ၊ အခြေခံစာပေတွေကို လေ့လာသင်ယူခဲ့ကြရတဲ့ ရင်သွေးရတနာတွေဟာ နိုင်ငံရဲ့အနာဂတ် ကို ပခုံးပြောင်းထမ်းဆောင်ဖို့ တက္ကသိုလ်နယ်ပယ်အသီးသီးမှာ ဆိုင်ရာပညာရပ်တွေကို လေ့လာသင်ယူနေခြင်းဟာလည်း အချိန်ကို အကျိုးရှိရှိ သုံးစွဲနေတာ ဖြစ်ပါတယ်။ ကိုဗစ်-၁၉ ကပ်ဘေးကြောင့် တက္ကသိုလ်တွေ ပိတ်ထားရချိန်မှာ ဘဝအတွက် အကျိုးရှိမယ့် စာအုပ် စာပေကောင်းတွေကို ဖတ်ရှုလေ့လာသင့်သလို ဘာသာစကားတွေ၊ ကွန်ပျူတာပညာရပ်တွေကို ကျွမ်းကျင်အောင် သင်ယူလေ့လာနေကြ ဖို့လည်း လိုပါတယ်။ ဒါမှသာ ကျောင်းပိတ်ထားတဲ့အချိန်တွေကို အချည်းအနှီးမဖြစ်စေဘဲ မိမိကိုယ်ကို ကောင်းစွာမြှင့်တင် တည်ဆောက်နိုင်ကြမှာ ဖြစ်ပါတယ်။

ပျော်စရာကောင်းပြီး ပညာနို့ရည်စို့ရချိန် ကျောင်းတက်တဲ့ ကာလတွေဟာ အပူအပင်ကင်းတဲ့ လူငယ်ဘဝတွေပါပဲ။ လူငယ် ဘဝကို အထိန်းအကွပ်မဲ့ ဖြုန်းတီးခဲ့သူတချို့တွေကတော့ ပညာ လည်းမစုံ၊ အရွယ်မတိုင်ခင် ဘဝကြမ်းကြမ်း ခရီးလမ်းကို ပင်ပန်းကြီးစွာ ခက်ခက်ခဲခဲ လျှောက်လှမ်းနေကြရတာကလည်း ဘယ်သူမပြု မိမိမှုပါပဲ။ မိမိပြုခဲ့တဲ့ ကောင်းမှု၊ မကောင်းမှုတွေကြောင့်ပဲ ကောင်းကျိုး၊ ဆိုးကျိုးကို ခံစားကြရတာ မဟုတ်ပေလော။

ပညာရပ်တွေကို ဆုံးခန်းတိုင် သင်ယူတတ်မြောက်ခဲ့တဲ့ ကျောင်းသား ကျောင်းသူတွေကို သက်ဆိုင်ရာ တက္ကသိုလ်တွေက အခမ်းအနားနဲ့ ဘာသာရပ်အလိုက် ဘွဲ့လက်မှတ်တွေ ဂုဏ်ယူ ဝမ်းမြောက်စွာ ချီးမြှင့်အပ်နှင်းပြီးချိန် ကျောင်းသား ကျောင်းသူတွေ ကလည်း ဘဝသစ်တစ်ခု စတင်လျှောက်လှမ်းဖို့ လုပ်ငန်းခွင်ဝင်ဖို့ ပြင်ဆင်ကြရပြန်တယ်။ လုပ်ငန်းခွင်ဆိုတာကလည်း ပင်လယ်ပြင်လို ကျယ်ပြောလှပြီး တတ်မြောက်ထားတဲ့ ပညာရပ်နဲ့ အံဝင်ခွင်ကျ ဖြစ်တာရှိသလို ထပ်မံလေ့လာသင်ယူကြရတဲ့ လုပ်ငန်းခွင်တွေကလည်း ရှိစမြဲမဟုတ်လား။ ဝင်ငွေရှိပြီး တည်မြဲတဲ့အလုပ်တစ်ခုရှိနေမှ ဘဝဆို တာ ရပ်တည်နိုင်တယ်၊ သိက္ခာရှိရှိ ရှင်သန်နိုင်တယ်၊ အလုပ် (ဝင်ငွေ) ရှိမှ ဘဝတည်မြဲရှင်သန်နိုင်တယ်။ ဒါဟာ လောကနိယာမတရားပါပဲ။

ဂုဏ်သိက္ခာရှိပြီး သင့်တင့်လျောက်ပတ်တဲ့ လစာကို ရယူကာ နိုင်ငံ့တာဝန်ကို ကျရာကဏ္ဍအသီးသီးမှ ထမ်းဆောင်ဖို့ ရွေးချယ်လျှောက် လှမ်းခဲ့တဲ့ နိုင်ငံ့ဝန်ထမ်းတွေဟာ နိုင်ငံချစ်စိတ်၊ နိုင်ငံ့တာဝန် ထမ်းရွက် ချင်စိတ်ရှိသူတွေ ဖြစ်တယ်ဆိုတာ ငြင်းမရပါဘူး။ လစာရရှိရေးအတွက်၊ အလုပ်တစ်နေရာ ရရှိရေးအတွက် အကြောင်းအမျိုးမျိုးနဲ့ နိုင်ငံ့ဝန်ထမ်း ဖြစ်လာသူတွေလည်း ခြွင်းချက်အရ ရှိနေနိုင်ပါတယ်။ ဘယ်လိုအကြောင်း နဲ့ပဲ နိုင်ငံ့ဝန်ထမ်းဖြစ်လာကြပါစေ နိုင်ငံ့ဝန်ထမ်းဥပဒေကို လေးစား လိုက်နာရတာ အတူတူပါပဲ။ လက်ရှိကာလမှာ မြင်နေ၊ ကြားနေရတဲ့ 'အလုပ်မတက်နဲ့ ရုန်းထွက်' ဆိုတဲ့ Civil Disobedience Movement (CDM) မှာ ပါဝင်ဖို့ လှုံ့ဆော်သွေးထိုးနေသူတွေကို စစ်တမ်းကောက် ကြည့်လိုက်ရင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အလုပ်နားထားရသူတွေ၊ အလုပ်လက်မဲ့ဖြစ်သူတွေ၊ အကြောင်းအမျိုးမျိုးကြောင့် ဝန်ထမ်းအဖြစ်မှ အလုပ်ပြုတ်သွားသူတွေ၊ အလုပ်ဖြုတ်ခံရသူတွေ၊ ထောက်ပံ့ကြေးတွေနဲ့ စားသောက်နေသူတွေက အများစုပါပဲ။

### ပြန်လည်ထမ်းရွက်ဖို့ အချိန်တန်

ဒီလို ဒီလို လူတွေရဲ့ သွေးထိုးလှုံ့ဆော်တဲ့ စကားတွေကို နားယောင် ပြီး CDM ကို မလွှဲမရှောင်သာ နားယောင်ကာ အချိန်အတိုင်းအတာတစ်ခု ပါဝင်ပြီးကြတဲ့ နိုင်ငံ့ဝန်ထမ်းတချို့ဟာ ကိုယ့်ရဲ့ နိုင်ငံ့တာဝန်၊ ဌာန တာဝန်တွေကို ပြန်လည်ထမ်းရွက်ဖို့ အချိန်တန်နေပြီပဲ ဖြစ်ပါတယ်။ CDM ကိစ္စနဲ့ပတ်သက်ပြီး ဖေဖော်ဝါရီလ ၂၆ ရက်နေ့က ပြုလုပ်တဲ့ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ(၁/၂၀၂၁) အစည်းအဝေးမှာ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က "အတိုင်းအတာတစ်ခုအထိ သည်းခံဆောင်ရွက်ပေးခဲ့ပြီး ယခုအခါ ဆက်လက်၍ စည်းကမ်းဖောက်ဖျက်သည့် နိုင်ငံ့ဝန်ထမ်းများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှုရှိရန်နှင့် တာဝန်ထမ်းဆောင်လိုစိတ်ရှိပြီး ယုံကြည်ချက်၊ ခံယူချက်များ ကောင်းမွန်ရန်လိုကြောင်း" မှာကြားခဲ့တာကို သတင်းတွေမှာ နားထောင်၊ ဖတ်ရှုလိုက်ရပါတယ်။

ဒီကနေ့ထိ CDM ဆိုတဲ့ အတွေးမှား၊ လုပ်ရပ်မှား၊ လမ်းစဉ်မှား တွေမှာ ပါဝင်နေကြတဲ့ နိုင်ငံ့ဝန်ထမ်းတွေဟာ အမှားတွေကနေ ရုန်းထွက်ပြီး အမှားပြင်ကာ အမှန်မြင်နိုင်ဖို့ ဘဝမှာ ဒုတိယအကြိမ် အခွင့်အရေးက ရှိနေပါသေးတယ်။ အဲဒါကတော့ 'မနက်ဖြန်' ကစပြီး 'အပြုံးမပျက် ရုံးတက်' ကြဖို့ပဲ ဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းတွေဟာ ပညာတတ် လူတော်လူကောင်းတွေဖြစ်တာကြောင့် 'ဘယ်ဟာက ကောင်းတယ်၊ ဘယ်ဟာက မကောင်းဘူး၊ ဘယ်ဟာ အရေးကြီးတယ်၊ ဘယ်ဟာက လုပ်သင့်လုပ်ထိုက်တယ်' ဆိုတာကို အသိဉာဏ်နဲ့ ယှဉ်ပြီး အချိန်မလွန်ခင်၊ အမှားမများခင်မှာ ဆုံးဖြတ်နိုင်ဖို့ လိုပါတယ်။ ဘဝမှာ အရေးကြီးဆုံးတွေကို စဉ်လိုက်ရင် မိသားစု၊ အလုပ်၊ ပညာ ရေး၊ မိတ်ဆွေ၊ လူမှုရေး၊ ဘာသာရေး၊ အပန်းဖြေမှု၊ ကျန်းမာရေး စတာတွေပဲ ဖြစ်လိမ့်မယ်။ အလုပ်(ဝင်ငွေ) မရှိတော့တာနဲ့ မိသားစု၊ ပညာရေး၊ မိတ်ဆွေ၊ လူမှုရေး၊ ဘာသာရေး၊ အပန်းဖြေမှု၊ ကျန်းမာရေး စတာတွေအားလုံးကို ဆုံးရှုံးသွားရမှာ ဖြစ်ပါတယ်။ ဒါတွေကို CDM မှာ ပါဝင်ကြတဲ့ နိုင်ငံ့ဝန်ထမ်းတွေက အလေးအနက်ထားပြီး ရေရှည် အတွက်၊ ကိုယ့်ဘဝအတွက်၊ နိုင်ငံအတွက် အထူးအလေးအနက်ထား စဉ်းစားချင့်ချိန်ကြဖို့ လိုပါတယ်။

CDM မှာ ပါဝင်နေကြတဲ့ နိုင်ငံ့ဝန်ထမ်းတွေအနေနဲ့ တာဝန်တွေ ကို စွန့်ခွာပြီး အချိန်ကို ဖြုန်းနေကြမယ်ဆိုရင် 'အချိန်ရဲ့ တန်ဖိုး'ကို တွက်ချက်ကြည့်နိုင်ဖို့ စာရေးဆရာ ကျော်ဝင်း ရေးသားထားတာထဲက လေ့လာမိသမျှ ဖော်ပြလိုပါတယ်။

"တစ်နှစ်ရဲ့ တန်ဖိုးကို သိချင်ရင် စာမေးပွဲကျတဲ့ ကျောင်းသားကို မေးကြည့်ပါ၊ တစ်လရဲ့ တန်ဖိုးကို သိချင်ရင် လမစေ့ဘဲ ကလေး မွေးတဲ့ မိခင်ကို မေးကြည့်ပါ၊ တစ်ပတ်ရဲ့ တန်ဖိုးကို သိချင်ရင် အပတ် စဉ်ထုတ် ဂျာနယ်အယ်ဒီတာကို မေးကြည့်ပါ၊ တစ်နေ့ရဲ့ တန်ဖိုးကို သိချင်ရင် ကလေးခြောက်ယောက်ကို ကျွေးမွေးရတဲ့ နေ့စားအလုပ် သမားတစ်ယောက်ကို မေးကြည့်ပါ၊ တစ်နာရီရဲ့ တန်ဖိုးကို သိချင်ရင် ဆုံစည်းခွင့်ကို စောင့်နေကြတဲ့ ချစ်သူများကို မေးကြည့်ပါ၊ တစ်မိနစ် ရဲ့ တန်ဖိုးကို သိချင်ရင် ရထားမမီလိုက်တဲ့ ခရီးသည်ကို မေးကြည့်ပါ၊ တစ်စက္ကန့်ရဲ့ တန်ဖိုးကို သိချင်ရင် ယာဉ်တိုက်မှုနဲ့ သီသီလေးလွဲ သွားတဲ့ ဒရိုင်ဘာကို မေးကြည့်ပါ၊ တစ်မီလီစက္ကန့်ရဲ့ တန်ဖိုးကို သိချင်ရင် အိုလံပစ် ငွေတံဆိပ်ရှင်ကို မေးကြည့်ပါ" ဆိုတာပါပဲ။

ဤသို့ဆိုလျှင် CDM မှာ ပါဝင်နေရင်း အချိန်တွေဟာ နေ့ရက် နဲ့အမျှ အရေးကြီးနေပြီဆိုတာကို CDM ပြုလုပ်နေကြတဲ့ နိုင်ငံ့ ဝန်ထမ်းတိုင်းရဲ့ မသိစိတ်မှာ ရှိနေကြမှာ အမှန်ပါပဲ။ 'ရုံးပြန်တက်ရ မလား'၊ 'အလုပ်ပြုတ်မှာလား'၊ 'အလုပ်ထွက်ရမလား' စတာတွေနဲ့ ပူပင်သောက 'ဗျာပါရ' မီးတွေ လောင်ကျွမ်းနေမယ့်အစား အချိန်ဆွဲ မနေတော့ဘဲ CDM ဝန်ထမ်းတွေအားလုံး 'အချိန်တန်ပါပြီ'၊ 'ရုံးပြန် တက်ကြပါ'၊ 'အလုပ်မထွက်ပါနဲ့' ဆိုတဲ့ စေတနာစကားတွေကို သတင်းစကားပါးပြီး တစ်နေ့တာအချိန်တွေကို ဖြုန်းမိနေသလား၊ အကျိုးရှိရှိသုံးဖြစ်နေသလားဆိုတာ မိမိကိုယ်မိမိ ဆန်းစစ်သတိထား မိကြစေရေး အပြုသဘော ရေးသားလိုက်ရပါတယ်။ ။

**ဒီကနေ့ထိ CDM ဆိုတဲ့ အတွေးမှား၊ လုပ်ရပ်မှား၊ လမ်းစဉ်မှားတွေမှာ ပါဝင်နေကြတဲ့ နိုင်ငံ့ဝန်ထမ်းတွေဟာ အမှားတွေကနေ ရုန်းထွက်ပြီး အမှားပြင်ကာ အမှန်မြင်နိုင်ဖို့ ဘဝမှာ ဒုတိယအကြိမ် အခွင့်အရေးက ရှိနေပါသေးတယ်။ အဲဒါကတော့ 'မနက်ဖြန်' ကစပြီး 'အပြုံးမပျက် ရုံးတက်' ကြဖို့ပဲ ဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းတွေဟာ ပညာတတ်လူတော်လူကောင်းတွေဖြစ်တာကြောင့် 'ဘယ်ဟာက ကောင်းတယ်၊ ဘယ်ဟာက မကောင်းဘူး၊ ဘယ်ဟာ အရေးကြီးတယ်၊ ဘယ်ဟာက လုပ်သင့်လုပ်ထိုက်တယ်' ဆိုတာကို အသိဉာဏ်နဲ့ ယှဉ်ပြီး အချိန်မလွန်ခင်၊ အမှားမများခင်မှာ ဆုံးဖြတ်နိုင်ဖို့လို။**

## နန်းယွန်းမြို့နယ်အတွင်း မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**နန်းယွန်း မတ် ၃**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် ၅၀ ဒသမ ၂၇၉ သန်းဖြင့် နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ်အတွင်း ပန်ဆောင်-ခမ္ဘတိုင်-တကိုင်း-စွန်ပါကျဲသရောက် မြေသားလမ်း(၁/၀)မိုင် ဖောက်လုပ်ခြင်းလုပ်ငန်းကို နန်းယွန်းမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဘိုဘိုကျော်နှင့် တာဝန်ရှိသူများက ယမန်နေ့တွင် မြေပြင်ကွင်းဆင်းစစ်ဆေး ခဲ့ကြောင်း သိရသည်။

အဆိုပါလမ်းပိုင်းဆောင်ရွက်ပြီးစီးသွားပါက ပန်ဆောင်မြို့ ခမ္ဘတိုင်ကျေးရွာ၊ တကိုင်းကျေးရွာ၊ စွန်ပါကျဲသရောက်ကျေးရွာများမှ အိမ်ခြေ ၅၄၈ လုံး၊ လူဦးရေ ၃၈၇၇ ဦးတို့၏ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးတို့အတွက် ပိုမိုအကျိုးပြု ကောင်းမွန်လာမည်ဖြစ်ကြောင်း သိရသည်။

မွေးကြူဇင်



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဦးစီးဌာနအသီးသီးမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် မတ် ၃**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ဦးစီးဌာနများမှ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ယနေ့နံနက်ပိုင်းတွင် ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ဖေဖော်ဝါရီ ၈ ရက်တွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်အား ပြည်သူလူထုသို့ ပြောကြားသည့်မိန့်ခွန်းပါ အချက်အလက်များနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်အား ထပ်ဆင့်ရှင်းလင်းသည်။

## လုပ်ငန်းများအောင်မြင်စေရေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အစည်းအဝေးသို့ တက်ရောက်လာကြသည့် သက်ဆိုင်ရာဦးစီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များနှင့်တကွ တာဝန်ရှိသူများအနေဖြင့် လုပ်ငန်းများအောင်မြင်စေရေးအတွက် ဦးဆောင်မှုများပေးအပ်ခြင်း၊ စည်းလုံးညီညွတ်စွာဖြင့် ဆောင်ရွက်ခြင်းများ ပြုလုပ်စေလိုပါကြောင်း၊ ကျန်းမာရေးဝန်ထမ်းများ၏ လုပ်ငန်းသဘောသဘာဝအရ ၂၄ နာရီ အချိန်ပြည့်တာဝန်ထမ်းဆောင်ရသူများဖြစ်သည့်အတွက် ဝန်ထမ်းများ သက်သာချောင်ချိရေးနှင့်ပတ်သက်၍ ဝန်ထမ်းအိမ်ရာများအပါအဝင် ဆောင်ရွက်ရန်ရှိသည့်ကိစ္စရပ်များကို ဝန်ကြီးဌာနအနေဖြင့် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဘွဲ့လွန်ရရှိသူများကိုလည်း သက်ဆိုင်ရာဘွဲ့အလိုက် ဘွဲ့လွန်ကြေးအဖြစ် သတ်မှတ်ချီးမြှင့်ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ဆရာဝန်များ၊ သူနာပြုဆရာမများအနေဖြင့်လည်း ဆရာဝန်ကျင့်ဝတ်၊ သူနာပြုကျင့်ဝတ်များနှင့်အညီ ပြည်သူများကို အဓိကထား၍ ကျန်းမာရေးစောင့်ရှောက်မှုများ ပေးအပ်ရသည်ဖြစ်ပါကြောင်း၊ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ထိခိုက်နစ်နာမှုမဖြစ်စေရန် အထူးအလေးထား ဆောင်ရွက်သင့်ပါကြောင်း၊ ဆောက်လုပ်ရေးနှင့် ဆေးဝါးနှင့်ဆေးပစ္စည်း ဝယ်ယူဖြန့်ဖြူးရေးကိစ္စရပ်များအတွက် ဘဏ္ဍာငွေအလုံအလောက် သတ်မှတ်ချထားပေးပြီးဖြစ်၍ လုပ်ငန်းများအောင်မြင်စေရေး စနစ်တကျ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်စေလိုပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တိကျစွာလိုက်နာသုံးစွဲရန် လိုအပ်ပါကြောင်း၊ ဘဏ္ဍာရေးဆိုင်ရာပိုလျှံငွေများရှိပါကလည်း အချိန်မီခေါင်းစဉ်ပြောင်းသုံးစွဲနိုင်ရေးအတွက် စည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်စေနိုင်သော သတင်းများကို ပြင်ပသို့ ပေါက်ကြားမှုမရှိအောင် အထူးသတိပြု ထိန်းသိမ်းရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ကျန်းမာရေးနှင့်သက်ဆိုင်သည့် ဦးစားပေးလုပ်ငန်းများဖြစ်သော ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်း ညွှန်ကြားချက်များကို တိကျစွာလိုက်နာစေရေး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်နိုင်ရေး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရေးတို့ကို အလေးထားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

## ဆက်လက်ထိုးနှံသွားမည်

အဆိုပါ လုပ်ငန်းများအနက် ကာကွယ်ဆေးထိုးလုပ်ငန်းများကို မတ်လနှင့် ဧပြီလများတွင် မူလလျာထား သတ်မှတ်ချက်အတိုင်း ဆက်လက်ထိုးနှံသွားမည်ဖြစ်ပါကြောင်း၊ ယခုလအတွင်းတွင် နိုင်ငံ့ဝန်ထမ်းများကို ထိုးနှံပေးလျက်ရှိပြီး ဆက်လက်၍ ပုဂ္ဂလိကကဏ္ဍ ကျန်းမာရေးဝန်ထမ်းများ၊ ဘာသာပေါင်းစုံမှ သာသနာရေးဆိုင်ရာ ပုဂ္ဂိုလ်များ စသည်ဖြင့် အဆင့်ဆင့်ထိုးနှံပေးသွားမည်ဖြစ်ပြီး ဆေးရရှိမှုအပေါ်မူတည်၍ ရှေးဦးစွာ Stay at Home မြို့နယ်များမှ အသက် ၆၅ နှစ်အထက်ပုဂ္ဂိုလ်များ၊ ဆက်လက်၍ ကျန်မြို့နယ်များမှ အသက် ၆၅ နှစ်အထက်ပုဂ္ဂိုလ်များ စသည်ဖြင့် အဆင့်ဆင့် ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ပါကြောင်း၊ ကုသရေးဦးစီးဌာနရှိ ဆေးရုံများ ပုံမှန်ပြန်လည်လည်ပတ်နိုင်ရေးအတွက် လိုအပ်သော ဆေးဝါးနှင့် ဆေးပစ္စည်းများ စီစဉ်ထားရှိပြီးဖြစ်ပါကြောင်း၊ ဆက်လက်၍ဝယ်ယူရန်လည်း ဘဏ္ဍာငွေအလုံအလောက်ရှိပါကြောင်း၊ ဆေးရုံအဆင့်မြှင့်တင်ခြင်းနှင့်ပတ်သက်၍ ခွဲ/ခွဲမှန်များအဆင့်မြှင့်တင်ခြင်း၊ အထူးကြပ်မတ်ကုသဆောင် (ICU)များ ထပ်မံတိုးချဲ့ဖွင့်လှစ်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအနေဖြင့် ဘွဲ့ကြို/ဘွဲ့လွန်စာမေးပွဲများကို လတ်တလောအနေဖြင့် ဆိုင်းငံ့ထားရသော်လည်း ဘွဲ့ကြို/ဘွဲ့လွန်ကျောင်းသား ကျောင်းသူများ၏ ဘဝရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် သက်ဆိုင်ရာဘွဲ့နှင့် ဘွဲ့လွန်များရရှိစေရေး အချိန်အခါသင့်သည်နှင့် တစ်ပြိုင်နက်တည်း ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် ကာကွယ်ဆေးများနှင့်ပတ်သက်၍ စိစစ်ဆောင်ရွက်ပေးမှုများကို ကျေးဇူးတင်ပါကြောင်း၊ ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စေရေးအတွက် ဦးစီးဌာနအနေဖြင့် စစ်ဆေးခွင့်ပြုရန်ရှိသည့် အစားအသောက်နှင့် ဆေးဝါးများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးစေလိုပါကြောင်း။

## ဆက်လက်ဆောင်ရွက်ရမည်

ဆေးသုတေသနဦးစီးဌာနအနေဖြင့် ကျန်းမာရေးလုပ်ငန်းများနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူဖြစ်စေမည့် သုတေသနလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်စေလိုပါကြောင်း၊ လတ်တလောဆောင်ရွက်လျက်ရှိသည့် ကိုဗစ်ရောဂါပိုး ရှိ/မရှိ ဓာတ်ခွဲအတည်ပြုခြင်းလုပ်ငန်းများကိုလည်း အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနနှင့် ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်စေလိုပါကြောင်း၊ တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့် တိုင်းရင်းဆေးမှတ်ပုံတင်ခြင်း၊ မှတ်ပုံတင်သက်တမ်းတိုးခြင်း စသည့်ဦးစီးဌာန၏ လုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာနအနေဖြင့် အဆောက်အအုံပြင်ပတွင် ဆောင်ရွက်သည့် (outdoor)အားကစားပြိုင်ပွဲများကို ပြန်လည်ကျင်းပနိုင်ရေး ဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ မြန်မာ့သိုင်းအားကစားနည်းကို မိမိတို့နိုင်ငံ၏ အဓိကအားကစားနည်းအဖြစ် ဦးစားပေးမြှင့်တင်ဆောင်ရွက်ရန် ဖြစ်ပါကြောင်း၊ ဘောလုံးအားကစားနည်းနှင့်ပတ်သက်၍ ကွင်းဆင်းလေ့ကျင့်ခြင်းလုပ်ငန်းများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြန်လည်ဆောင်ရွက်ရန်ဖြစ်ပါကြောင်း။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် နိုင်ငံ့ဝန်ထမ်းများကို ပြည်သူ့ဆေးရုံများတွင် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး အစီအစဉ်များကို စနစ်တကျ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့ဝန်ထမ်းများ တာဝန်ထမ်းဆောင်ချိန်တွင် လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးနှင့် စိတ်ချမ်းသာစွာ တာဝန်ထမ်းဆောင်နိုင်ရေးအတွက် အခက်အခဲများရှိပါက တင်ပြပေးရန်ဖြစ်ပြီး အခက်အခဲများ ပေါ်ပေါက်လာပါကလည်း တတ်နိုင်သမျှ ဖြေရှင်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စတင်ထိုးနှံပေးမှု ကြည့်ရှုအားပေး

**မုံရွာ မတ် ၃**



စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လင်းသည် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဖြိုးသန့်နှင့်အတူ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ မုံရွာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့ လိုက်ပါ၍ ယနေ့နံနက် ၁၀ နာရီက တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင် ၄၃၀ အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး (COVISHIELD) စတင် ထိုးနှံပေးနေမှု အခြေအနေတို့အား ကြည့်ရှုအားပေးခဲ့သည်။

ထိုသို့ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးထိုးနှံခြင်း ဆောင်ရွက်ရာတွင် ကာကွယ်ဆေး ထိုးနှံခြင်းမပြုမီ ကျန်းမာရေး ဝန်ထမ်းများက ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးအတွင်း အောက်ဆီဂျင်ပါဝင်မှုပမာဏ တိုင်းတာပေးခြင်းတို့ကို ဆောင်ရွက်ပေးကာ ပုံမှန်အနေအထားရှိမှသာ ကာကွယ်ဆေးထိုးနှံပေးခြင်းဖြစ်သည်။

ထို့နောက် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်လင်းနှင့်အဖွဲ့သည် မုံရွာမြို့ ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးသို့ရောက်ရှိပြီး ဆေးရုံအတွင်း တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများနှင့် လူနာများအား နွေးထွေးစွာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကားပြောကြားပြီး ဆေးရုံကြီးအတွက် တာဝန်ရှိသူများ၏ ဆေးဝါးနှင့် အခြားလိုအပ်ချက် အခက်အခဲများ တင်ပြမှုအပေါ် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

■

## အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံ့တာဝန်ထမ်းဆောင်ရန် ပျက်ကွက်နေကြသော နိုင်ငံ့ဝန်ထမ်းများသို့ အသိပေးကြေညာချက်

၁။ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရားတစ်ခုလုံးကို ကောင်းမွန်စွာ သက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်နေကြရသူများဖြစ်ပါသည်။ နိုင်ငံရေး၊ စီးပွားရေးစနစ်များ၊ အစိုးရများ မည်သို့ပင်ပြောင်းလဲစေကာမူ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရားအား စဉ်ဆက်မပြတ် သက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်ကြရပါသည်။ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် ဝန်ထမ်းကျင့်ဝတ်တို့အရ ဝန်ထမ်းများသည် အလုပ်ချိန်နှင့်သက်ဆိုင်သည့် စည်းကမ်းများ၊ တာဝန်ထမ်းဆောင်မှု၊ လုပ်ရည်ကိုင်ရည်နှင့်သက်ဆိုင်သည့် စည်းကမ်းများနှင့် လုပ်ငန်းခွင်အတွင်း ပြုမူဆက်ဆံမှုဆိုင်ရာ စည်းကမ်းများကိုလည်း လိုက်နာရပါသည်။ ဝန်ထမ်းကျင့်ဝတ်ပျက်ယွင်းမှု၊ စည်းကမ်းဖောက်ဖျက်မှုနှင့် တာဝန်ပျက်ကွက်မှုတို့အတွက် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူနိုင်ပါသည်။ ဝန်ထမ်း၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုသည် ပြစ်မှုမြောက်နိုင်သည့်ကိစ္စဖြစ်ပါက ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်ရပါသည်။

၂။ သို့ပါ၍ အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံ့တာဝန်ထမ်းဆောင်ရန် ပျက်ကွက်နေကြသော ဝန်ထမ်းများအနေဖြင့် လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ရန် နှီးဆော်နေသည့်ကာလအတွင်း မိမိတို့၏ လုပ်ငန်းခွင်များသို့ အမြန်ဆုံးပြန်လည်ဝင်ရောက်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏သတင်းထုတ်ပြန်ချက်

**၂၀၂၁ ခုနှစ်၊ မတ်လ ၃ ရက်**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ မြေပြင်ဖွင့်ဖောက် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

မြေပြင်စစ်ဆေးချက်များအရ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်တွင် မဲရုံပေါင်း ၂၉၅ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၅၀၅၃၈ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၇၇၅၂၃၊ ကျန်ရှိရမည့်အရေအတွက်မှာ ၇၃၀၁၅၊ မြေပြင် လက်ကျန် ၇၀၁၁၇ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ မဲရုံများအလိုက် မဲလက်မှတ် အပို/ အလိုများ တွေ့ရှိရပြီး ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၂၈၉၈ ဖြစ်သည်။ စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**ပျော်ဘွယ်မြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပိုသုံး | |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၂၃၉၁၀၀ | ၁၇၆၅၀၁ | ၆၂၅၉၉ | ၅၉၇၀၁ | ၇၀၂၃ | ၄၁၂၅ | |
| ၂ | မြို့နယ်ကြိုတင်မဲ လက်မှတ် | ၁၀၂၂ | ၁၀၂၂ | - | - | - | - | |
| ၃ | မြို့နယ်လက်ကျန် မဲလက်မှတ် | ၁၀၄၁၆ | - | ၁၀၄၁၆ | ၁၀၄၁၆ | - | - | |
| | စုစုပေါင်း | ၂၅၀၅၃၈ | ၁၇၇၅၂၃ | ၇၃၀၁၅ | ၇၀၁၁၇ | ၇၀၂၃ | ၄၁၂၅ | ခြားနားချက် (၂၈၉၈) |

ပျော်ဘွယ်မြို့နယ်တွင် ရပ်ကွက်/ကျေးရွာအလိုက် ထုတ်ယူရရှိခဲ့သည့် မဲလက်မှတ်မှာ ၂၃၉၁၀၀ ဖြစ်ပြီး သုံးစွဲခဲ့သည့်မဲလက်မှတ်အရေအတွက်မှာ ၁၇၆၅၀၁ ဖြစ်သည်။ လက်ကျန် ၆၂၅၉၉ ကျန်ရှိရမည်ဖြစ်သော်လည်း မြေပြင်တွင် ၅၉၇၀၁ သာ ကျန်ရှိသဖြင့် မဲလက်မှတ် ၂၈၉၈ စောင် ပျောက်ဆုံးနေကြောင်း စိစစ်တွေ့ရှိရသည်။

ပျော်ဘွယ်မြို့နယ်တွင် မဲစာရင်းများစစ်ဆေးနေစဉ် ၂၆- ၂- ၂၀၂၁ ရက်နေ့တွင် ဆိတ်ချိုကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးကျော်ဆွေက ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်အတွက် အသုံးမပြုရသေးသော မဲလက်မှတ် စာအုပ် ၁ အုပ်စီအားလည်းကောင်း၊ ၂၇- ၂- ၂၀၂၁ ရက်နေ့တွင် ဘုရားကြီးကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသူရ၊ အတွင်းရေးမှူး ဦးသန်းဦးတို့က ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်အတွက် အသုံးမပြုရသေးသော မဲလက်မှတ် စာအုပ် ၄ အုပ်စီအားလည်းကောင်း ပျော်ဘွယ်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ လာရောက်အပ်နှံခဲ့ကြပါသည်။ အလားတူပင် ပြည်သူ့လွှတ်တော်အတွက် အသုံးမပြုရသေးသော မဲလက်မှတ်များအား ဇဂျမ်းတောင်ကျေးရွာအုပ်စုမှ ၁ အုပ်၊ ချောင်းမကြီးကျေးရွာအုပ်စုမှ ၄ အုပ် ၉ ရွက်၊ ဆည်ရွာလက်ပံတိုင်းကျေးရွာအုပ်စုမှ ၂ အုပ် ၁၅ ရွက်နှင့် အမည်မမှတ်မိကျေးရွာအုပ်စုတို့မှ ၅ အုပ်တို့အား ပျော်ဘွယ်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ လာရောက်အပ်နှံခဲ့ကြပါသည်။

သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၊ နည်းဥပဒေ ၆၆(ဓ)တွင် "မဲရုံပိတ်ချိန်တွင် မဲရုံမှူးသည် အောက်ပါတို့ကို အထုပ်တစ်ထုပ်စီ ထုပ်ပြီးလျှင် မိမိ၏ ချိပ်တံဆိပ်ကို ရိုက်နှိပ်ရမည်။ အထုပ်ပေါ်တွင် အထုပ်အတွင်းရှိ ပစ္စည်းအမျိုးအမည်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအမည်နှင့် မဲရုံအမှတ်တို့ကို ရေးသားရမည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲရုံ ကိုယ်စားလှယ် သို့မဟုတ် အကူကိုယ်စားလှယ်များအားလည်း မိမိတို့၏ချိပ်တံဆိပ်ကို ရိုက်နှိပ်လိုက ရိုက်နှိပ်ခွင့်ပြုပြီး ယင်းအထုပ်များကို အထုပ်ကြီးတစ်ထုပ်ပြုလုပ်ရမည်-

( ၁ ) မသုံးဘဲကျန်နေသော ဆန္ဒမဲလက်မှတ်များ၊ လက်ခံဖြတ်ပိုင်းများနှင့် ပုံစံ(၁၆-၁)၊

( ၂ ) မဲရုံတွင် အသုံးပြုသော မဲစာရင်း၊

( ၃ ) ကြိုတင်ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများ၊

( ၄ ) ပယ်မဲ ပုံစံ(၁၇)များ။" ဟု ပြဋ္ဌာန်းထားသည်။

မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင် လုပ်ငန်းလမ်းညွှန်တွင်လည်း အထက်ပါ နည်းဥပဒေအတိုင်း ဆောင်ရွက်ရန် ညွှန်ကြားထားပြီးဖြစ်ပါသည်။

ကျေးရွာအုပ်စု မဲရုံ ၅၂ ရုံတို့တွင် ထုတ်ပေးထားသော မဲလက်မှတ် အရေအတွက်ထက် အသုံးပြုအရေအတွက်မှာ ပိုမိုနေသည်ကို တွေ့ရှိရပါသည်။ အဆိုပါ မဲရုံများတွင် မဲလက်မှတ် အပိုသုံးစွဲမှုမှာ အောက်ပါအတိုင်းဖြစ်ပြီး အပိုမဲလက်မှတ်များကို ပိုမိုရိုက်နှိပ်သုံးစွဲကြောင်း သံသယဖြစ်ဖွယ်တွေ့ရှိရပါသည်။

**ပျော်ဘွယ်မြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စု မဲရုံအလိုက်**
**ဆန္ဒမဲလက်မှတ်အသုံးပြုမှုအပိုစာရင်း**

| စဉ် | အုပ်စုအမည် | မဲရုံအမှတ် | ထုတ်ပေး | အသုံးပြု | အပိုရွက်ရေ |
|---|---|---|---|---|---|
| ၁ | မိုးကောင်း | ၂ | ၆၀၀ | ၆၀၈ | ၈ |
| ၂ | တွင်းရွာ | ၃ | ၉၅၀ | ၁၀၀၀ | ၅၀ |
| ၃ | တွင်းရွာ | ၅ | ၁၁၀၀ | ၁၁၅၀ | ၅၀ |
| ၄ | ရွှေညောင်ဖူး | ၁ | ၇၅၀ | ၈၀၀ | ၅၀ |
| ၅ | ဇဂျမ်းတောင် | ၁ | ၈၀၀ | ၉၅၀ | ၁၅၀ |
| ၆ | ငွေးပင်ရိုး | ၂ | ၈၀၀ | ၈၁၁ | ၁၁ |
| ၇ | ငွေးပင်ရိုး | ၃ | ၅၀၀ | ၅၆၃ | ၆၃ |
| ၈ | ဆည်ရွာကြက်တည် | ၁ | ၁၂၅၀ | ၁၃၀၀ | ၅၀ |
| ၉ | အုန်းပင် | ၂ | ၇၅၀ | ၇၈၅ | ၃၅ |
| ၁၀ | အုန်းပင် | ၃ | ၉၀၀ | ၉၃၃ | ၃၃ |
| ၁၁ | ကန်သာ | ၁ | ၄၅၀ | ၅၀၀ | ၅၀ |
| ၁၂ | ကန်သာ | ၄ | ၈၀၀ | ၉၀၀ | ၁၀၀ |
| ၁၃ | မိုးနံကုန်း | ၁ | ၁၁၅၀ | ၁၁၇၅ | ၂၅ |
| ၁၄ | မိုးနံကုန်း | ၂ | ၈၅၀ | ၈၅၄ | ၄ |
| ၁၅ | မင်းလမ်း | ၅ | ၁၀၀၀ | ၁၀၅၀ | ၅၀ |
| ၁၆ | ထန်းတောကြီး | ၁ | ၁၁၅၀ | ၁၁၅၄ | ၄ |
| ၁၇ | ထန်းတောကြီး | ၂ | ၈၅၀ | ၈၅၂ | ၂ |
| ၁၈ | ဝါးရင်းတုတ် | ၁ | ၇၀၀ | ၇၅၀ | ၅၀ |
| ၁၉ | ဒဟတ်ကုန်း | ၁ | ၉၀၀ | ၉၅၀ | ၅၀ |
| ၂၀ | ပင်မြိုင် | ၁ | ၅၅၀ | ၆၀၀ | ၅၀ |
| ၂၁ | ယင်းတော်ရွာမ | ၂ | ၁၅၅၀ | ၁၆၅၀ | ၁၀၀ |
| ၂၂ | ကျီနီ | ၂ | ၁၁၀၀ | ၁၁၅၀ | ၅၀ |
| ၂၃ | ရှမ်းပွဲ | ၂ | ၁၂၀၀ | ၁၉၀၀ | ၇၀၀ |
| ၂၄ | မြို့မ | ၁ | ၉၅၀ | ၁၀၀၀ | ၅၀ |
| ၂၅ | မန္တလေးတန်း | ၂ | ၆၀၀ | ၆၃၅ | ၃၅ |
| ၂၆ | ရွှေပြည်ရန်အောင် | ၂ | ၁၂၀၀ | ၁၃၀၀ | ၁၀၀ |
| ၂၇ | ပြည်သာယာ | ၁ | ၂၄၅၀ | ၂၄၅၂ | ၂ |
| ၂၈ | ပြည်သာယာ | ၂ | ၇၅၀ | ၇၅၄ | ၄ |
| ၂၉ | ယာကြီး | ၂ | ၁၂၅၀ | ၁၃၅၀ | ၁၀၀ |
| ၃၀ | ယာကြီး | ၃ | ၅၀၀ | ၅၅၀ | ၅၀ |
| ၃၁ | သပြေပင် | ၁ | ၉၀၀ | ၉၃၁ | ၃၁ |
| ၃၂ | သပြေပင် | ၄ | ၇၅၀ | ၇၆၅ | ၁၅ |
| ၃၃ | တောတွင်လှ | ၃ | ၅၅၀ | ၅၅၄ | ၄ |
| ၃၄ | တောတွင်လှ | ၄ | ၃၅၀ | ၄၀၀ | ၅၀ |
| ၃၅ | လွှဲပေါက်ကုန်း | ၁ | ၇၅၀ | ၇၆၀ | ၁၀ |
| ၃၆ | ရှမ်းစု | ၁ | ၇၀၀ | ၈၅၀ | ၁၅၀ |
| ၃၇ | ကန်ကြီး(မ) | ၁ | ၁၃၅၀ | ၁၄၀၀ | ၅၀ |
| ၃၈ | ကျီ | ၁ | ၆၅၀ | ၇၀၀ | ၅၀ |
| ၃၉ | မကျီးကုန်း | ၃ | ၉၅၀ | ၁၀၀၃ | ၅၃ |
| ၄၀ | မြင်းဘက် | ၂ | ၁၁၀၀ | ၁၁၃၄ | ၃၄ |
| ၄၁ | မြို့သစ် | ၁ | ၉၅၀ | ၁၀၀၀ | ၅၀ |
| ၄၂ | ရွှေပြည်ရန်လုံ | ၁ | ၁၂၅၀ | ၁၃၀၀ | ၅၀ |
| ၄၃ | တောင်လည် | ၁ | ၁၃၀၀ | ၁၄၀၀ | ၁၀၀ |
| ၄၄ | တောင်လည် | ၄ | ၁၃၀၀ | ၁၃၈၁ | ၈၁ |
| ၄၅ | မြင်းတဲ | ၁ | ၁၆၅၀ | ၁၇၀၀ | ၅၀ |
| ၄၆ | ကန်တဲ | ၃ | ၁၂၅၀ | ၁၃၀၀ | ၅၀ |
| ၄၇ | ဗောဓိကုန်း | ၁ | ၁၀၅၀ | ၁၁၀၀ | ၅၀ |
| ၄၈ | ဆိတ်ချို | ၆ | ၁၁၀၀ | ၁၁၅၀ | ၅၀ |
| ၄၉ | စပယ်ကုန်း | ၁ | ၈၅၀ | ၉၀၀ | ၅၀ |
| ၅၀ | ရန်အောင် | ၁ | ၁၂၅၀ | ၁၃၂၃ | ၇၃ |
| ၅၁ | ရန်အောင် | ၅ | ၁၁၅၀ | ၁၂၂၄ | ၇၄ |
| ၅၂ | ညောင်ကုန်း(မ) | ၃ | ၅၅၀ | ၆၀၀ | ၅၀ |
| | ရပ်/ကျေးမှအပ် | | | | ၈၇၄ |
| | စုစုပေါင်း | | ၅၀၀၅၀ | ၅၃၃၀၁ | ၄၁၂၅ |

စာမျက်နှာ ၉ သို့ ❍

❍ စာမျက်နှာ ၈ မှ

ကျေးရွာအုပ်စုမဲရုံ ၁၀၆ ရုံတို့တွင် ပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**ပျော်ဘွယ်မြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စု မဲရုံအလိုက်ဆန္ဒမဲလက်မှတ်ပျောက်ဆုံးစာရင်း**

| စဉ် | အုပ်စုအမည် | မဲရုံအမှတ် | ထုတ်ပေးရွက်ရေ | အသုံးပြု | ပျောက်ဆုံးရွက်ရေ |
|---|---|---|---|---|---|
| ၁ | မိုးကောင်း | ၁ | ၆၀၀ | ၅၆၉ | -၃၁ |
| ၂ | ဖောင်းတော | ၁ | ၉၀၀ | ၈၅၀ | -၅၀ |
| ၃ | ဖောင်းတော | ၃ | ၈၀၀ | ၇၀၀ | -၁၀၀ |
| ၄ | တွင်းရွာ | ၁ | ၁၂၀၀ | ၁၁၅၄ | -၄၆ |
| ၅ | တွင်းရွာ | ၄ | ၁၀၅၀ | ၉၉၈ | -၅၂ |
| ၆ | ရွှေညောင်ဖူး | ၂ | ၈၀၀ | ၆၀၀ | -၂၀၀ |
| ၇ | ရွှေညောင်ဖူး | ၆ | ၁၀၅၀ | ၁၀၀၀ | -၅၀ |
| ၈ | ဇဂျမ်းတောင် | ၂ | ၃၀၀ | ၂၅၀ | -၅၀ |
| ၉ | ဇဂျမ်းတောင် | ၃ | ၃၀၀ | ၂၅၀ | -၅၀ |
| ၁၀ | ဇဂျမ်းတောင် | ၄ | ၁၃၅၀ | ၁၃၀၀ | -၅၀ |
| ၁၁ | ဇဂျမ်းတောင် | ၅ | ၆၀၀ | ၅၅၀ | -၅၀ |
| ၁၂ | ဇဂျမ်းတောင် | ၆ | ၃၅၀ | ၃၀၀ | -၅၀ |
| ၁၃ | ဘုရားကြီး | ၁ | ၄၀၀ | ၃၄၀ | -၆၀ |
| ၁၄ | ဘုရားကြီး | ၂ | ၄၅၀ | ၃၄၃ | -၁၀၇ |
| ၁၅ | ဘုရားကြီး | ၃ | ၅၀၀ | ၄၆၇ | -၃၃ |
| ၁၆ | ဝွေးပင်ရိုး | ၁ | ၃၀၀ | ၂၃၅ | -၆၅ |
| ၁၇ | ဆည်ရွာကြက်တည် | ၄ | ၂၅၀ | ၂၀၀ | -၅၀ |
| ၁၈ | ကျူတောဝ | ၃ | ၆၀၀ | ၅၀၀ | -၁၀၀ |
| ၁၉ | ဝွေးဇီး | ၂ | ၅၀၀ | ၄၉၂ | -၈ |
| ၂၀ | ဝွေးဇီး | ၃ | ၃၀၀ | ၂၅၀ | -၅၀ |
| ၂၁ | အုန်းပင် | ၁ | ၆၀၀ | ၅၅၀ | -၅၀ |
| ၂၂ | အုန်းပင် | ၄ | ၆၀၀ | ၅၆၉ | -၃၁ |
| ၂၃ | အုန်းပင် | ၅ | ၄၅၀ | ၃၉၃ | -၅၇ |
| ၂၄ | ကန်သာ | ၂ | ၅၅၀ | ၅၀၀ | -၅၀ |
| ၂၅ | ကန်သာ | ၃ | ၈၅၀ | ၈၄၈ | -၂ |
| ၂၆ | ကန်သာ | ၅ | ၃၀၀ | ၂၅၀ | -၅၀ |
| ၂၇ | ကန်သာ | ၆ | ၆၀၀ | ၅၅၀ | -၅၀ |
| ၂၈ | မိုးနံကုန်း | ၃ | ၁၀၅၀ | ၁၀၀၂ | -၄၈ |
| ၂၉ | မင်းလမ်း | ၄ | ၄၅၀ | ၄၀၀ | -၅၀ |
| ၃၀ | သနပ်ခါးတော | ၃ | ၅၅၀ | ၅၀၀ | -၅၀ |
| ၃၁ | သနပ်ခါးတော | ၄ | ၅၅၀ | ၅၄၈ | -၂ |
| ၃၂ | ကြိုကုန်း | ၂ | ၇၅၀ | ၇၀၀ | -၅၀ |
| ၃၃ | ဝါးရင်းတုတ် | ၂ | ၆၅၀ | ၆၀၀ | -၅၀ |
| ၃၄ | ဒဟတ်ကုန်း | ၂ | ၇၀၀ | ၆၅၀ | -၅၀ |
| ၃၅ | ဒဟတ်ကုန်း | ၅ | ၈၀၀ | ၇၅၀ | -၅၀ |
| ၃၆ | ပင်မြိုင် | ၂ | ၉၀၀ | ၈၅၀ | -၅၀ |
| ၃၇ | ယင်းတော်ရွာမ | ၁ | ၁၅၅၀ | ၁၄၅၀ | -၁၀၀ |
| ၃၈ | ကေရာဇ်ကုန်း | ၂ | ၆၀၀ | ၅၈၁ | -၁၉ |
| ၃၉ | ချောင်းမကြီး | ၁ | ၉၅၀ | ၉၁၅ | -၃၅ |
| ၄၀ | ချောင်းမကြီး | ၂ | ၉၀၀ | ၈၅၇ | -၄၃ |
| ၄၁ | ချောင်းမကြီး | ၃ | ၉၀၀ | ၈၅၇ | -၄၃ |
| ၄၂ | ချောင်းမကြီး | ၄ | ၄၀၀ | ၃၉၀ | -၁၀ |
| ၄၃ | ချောင်းမကြီး | ၅ | ၅၀၀ | ၄၀၀ | -၁၀၀ |
| ၄၄ | ချောင်းမကြီး | ၆ | ၈၅၀ | ၈၁၇ | -၃၃ |
| ၄၅ | ကျီနီ | ၁ | ၁၃၅၀ | ၁၁၅၀ | -၂၀၀ |
| ၄၆ | သပြေရိုး | ၁ | ၅၅၀ | ၅၀၀ | -၅၀ |
| ၄၇ | သပြေရိုး | ၂ | ၉၀၀ | ၈၇၈ | -၂၂ |
| ၄၈ | ညောင်ရွှေ | ၂ | ၁၉၅၀ | ၁၉၀၀ | -၅၀ |
| ၄၉ | ရှမ်းပွဲ | ၁ | ၁၄၀၀ | ၁၀၅၀ | -၃၅၀ |
| ၅၀ | ရှမ်းပွဲ | ၃ | ၁၇၀၀ | ၁၃၅၀ | -၃၅၀ |
| ၅၁ | မြို့မ | ၂ | ၈၅၀ | ၇၅၄ | -၉၆ |
| ၅၂ | မန္တလေးတန်း | ၁ | ၉၅၀ | ၉၁၅ | -၃၅ |
| ၅၃ | ရွှေပြည်ရန်အောင် | ၁ | ၁၆၀၀ | ၁၅၀၀ | -၁၀၀ |
| ၅၄ | ယာကြီး | ၁ | ၈၅၀ | ၇၀၀ | -၁၅၀ |
| ၅၅ | သပြေပင် | ၅ | ၃၅၀ | ၃၀၀ | -၅၀ |
| ၅၆ | ထရံကာ | ၂ | ၇၀၀ | ၆၅၀ | -၅၀ |
| ၅၇ | ထရံကာ | ၄ | ၄၀၀ | ၃၅၀ | -၅၀ |
| ၅၈ | ထရံကာ | ၆ | ၄၅၀ | ၃၅၀ | -၁၀၀ |
| ၅၉ | တောတွင်လှ | ၅ | ၇၅၀ | ၆၅၀ | -၁၀၀ |
| ၆၀ | ရှမ်းစု | ၂ | ၄၀၀ | ၃၅၀ | -၅၀ |
| ၆၁ | ရှမ်းစု | ၃ | ၃၀၀ | ၂၅၀ | -၅၀ |
| ၆၂ | ရှမ်းစု | ၄ | ၅၅၀ | ၅၀၀ | -၅၀ |
| ၆၃ | ကန်ကြီး(မ) | ၄ | ၄၅၀ | ၄၀၀ | -၅၀ |
| ၆၄ | ကျီ | ၄ | ၃၀၀ | ၂၅၀ | -၅၀ |
| ၆၅ | မကျီးကုန်း | ၁ | ၈၀၀ | ၆၅၀ | -၁၅၀ |
| ၆၆ | မကျီးကုန်း | ၂ | ၃၀၀ | ၂၅၀ | -၅၀ |
| ၆၇ | မဲတီး | ၁ | ၅၅၀ | ၅၀၀ | -၅၀ |
| ၆၈ | မဲတီး | ၂ | ၆၀၀ | ၅၀၀ | -၁၀၀ |
| ၆၉ | မဲတီး | ၃ | ၂၅၀ | ၂၀၀ | -၅၀ |
| ၇၀ | မြင်းဘက် | ၁ | ၁၄၅၀ | ၁၄၁၄ | -၃၆ |
| ၇၁ | မြို့သစ် | ၂ | ၁၁၅၀ | ၁၀၀၀ | -၁၅၀ |
| ၇၂ | မြို့သစ် | ၃ | ၁၂၀၀ | ၁၁၀၀ | -၁၀၀ |
| ၇၃ | ရွှေပြည်ရန်လုံ | ၂ | ၁၃၅၀ | ၁၃၀၀ | -၅၀ |
| ၇၄ | ရွှေပြည်ရန်နိုင် | ၁ | ၁၅၀၀ | ၁၄၉၈ | -၂ |
| ၇၅ | ဆည်ရွာလက်ပံတိုင်း | ၁ | ၇၅၀ | ၇၃၃ | -၁၇ |
| ၇၆ | ဆည်ရွာလက်ပံတိုင်း | ၂ | ၅၅၀ | ၄၅၀ | -၁၀၀ |
| ၇၇ | ဆည်ရွာလက်ပံတိုင်း | ၃ | ၄၅၀ | ၃၉၀ | -၆၀ |
| ၇၈ | စန်းတော | ၁ | ၈၀၀ | ၇၅၀ | -၅၀ |
| ၇၉ | စန်းတော | ၄ | ၈၀၀ | ၇၅၀ | -၅၀ |
| ၈၀ | တောင်လည် | ၂ | ၅၀၀ | ၄၇၅ | -၂၅ |
| ၈၁ | တောင်လည် | ၃ | ၄၀၀ | ၃၅၀ | -၅၀ |
| ၈၂ | တောင်လည် | ၅ | ၅၅၀ | ၅၀၀ | -၅၀ |
| ၈၃ | တောင်လည် | ၆ | ၇၅၀ | ၆၀၀ | -၁၅၀ |
| ၈၄ | မြင်းတဲ | ၂ | ၁၅၅၀ | ၁၅၀၀ | -၅၀ |
| ၈၅ | ကန်တဲ | ၂ | ၁၅၀၀ | ၁၄၅၀ | -၅၀ |
| ၈၆ | ညောင်ကုန်း(တ) | ၂ | ၁၃၅၀ | ၁၂၅၀ | -၁၀၀ |
| ၈၇ | ဃဲကြီး | ၁ | ၉၀၀ | ၈၅၀ | -၅၀ |
| ၈၈ | ဃဲကြီး | ၂ | ၇၀၀ | ၆၅၀ | -၅၀ |
| ၈၉ | ဃဲကြီး | ၃ | ၇၀၀ | ၆၅၀ | -၅၀ |
| ၉၀ | ဗောဓိကုန်း | ၃ | ၁၂၀၀ | ၁၀၀၀ | -၂၀၀ |
| ၉၁ | ပေပင်ရှည် | ၁ | ၁၀၅၀ | ၁၀၀၁ | -၄၉ |
| ၉၂ | ပေပင်ရှည် | ၂ | ၁၁၀၀ | ၁၀၅၀ | -၅၀ |
| ၉၃ | ပေပင်ရှည် | ၃ | ၉၀၀ | ၈၅၉ | -၄၁ |
| ၉၄ | ပေပင်ရှည် | ၄ | ၅၅၀ | ၅၃၆ | -၁၄ |
| ၉၅ | သဖန်းချောင်း | ၄ | ၂၅၀ | ၂၀၀ | -၅၀ |
| ၉၆ | သဖန်းချောင်း | ၅ | ၈၀၀ | ၇၅၀ | -၅၀ |
| ၉၇ | သဖန်းချောင်း | ၆ | ၅၀၀ | ၄၅၀ | -၅၀ |
| ၉၈ | ဆိတ်ချို | ၂ | ၈၀၀ | ၇၅၀ | -၅၀ |
| ၉၉ | ဆိတ်ချို | ၄ | ၅၅၀ | ၅၄၈ | -၂ |
| ၁၀၀ | ဆိတ်ချို | ၅ | ၇၅၀ | ၇၀၀ | -၅၀ |
| ၁၀၁ | စပယ်ကုန်း | ၂ | ၉၅၀ | ၈၀၀ | -၁၅၀ |
| ၁၀၂ | ရန်အောင် | ၂ | ၁၀၀၀ | ၉၆၀ | -၄၀ |
| ၁၀၃ | ရန်အောင် | ၃ | ၆၀၀ | ၅၉၀ | -၁၀ |
| ၁၀၄ | ရန်အောင် | ၄ | ၄၀၀ | ၃၅၉ | -၄၁ |
| ၁၀၅ | ရန်အောင် | ၆ | ၄၀၀ | ၃၄၂ | -၅၈ |
| ၁၀၆ | ညောင်ကုန်း(မ) | ၄ | ၄၅၀ | ၃၀၀ | -၁၅၀ |
| | စုစုပေါင်း | | ၈၀၀၀၀ | ၇၂၉၇၇ | -၇၀၂၃ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ကျွန်တော် မိုးခါးရေ မသောက်တော့ပါ

## မောင်မိုးသောက်

ကျွန်တော်တို့ တစ်လမ်းလုံးနီးပါး လူထုဆန္ဒပြပွဲများကို အားပေးသည်။ အချို့လည်း လမ်းမပေါ်ထွက်ဆန္ဒပြသူများကို သွားရောက်အားပေးကြသည်။ အချို့လည်း ကိုယ်တိုင်ပါဝင် ဆန္ဒပြကြသည်။ ညစဉ်ညတိုင်း ည ၈ နာရီဝန်းကျင်ရောက်သည်နှင့် တစ်ရပ်ကွက်လုံး ဆူညံစွာထုရိုက်ကြတော့သည်။ ကျွန်တော်လည်း ပါဝင်ထုရိုက်ခဲ့ရပါသည်။

**အမြင်စောင်းသလို ဖြစ်**

အမှန်ကိုဆိုရလျှင် ကျွန်တော်တို့မိသားစုသည် နိုင်ငံရေးကိုလည်း စိတ်မဝင်စား၊ တပ်မတော်နှင့်လည်း မပတ်သက်၊ မည်သည့်ပါတီဘက်မှလည်း မလိုက်သဖြင့် ဖေဖော်ဝါရီလ ၁ ရက်နေ့ကတည်းက ဘာသိဘာသာ ကိုယ်နှင့်မဆိုင်သလို အေးအေးလူလူ နေခဲ့ကြပါသည်။ တစ်ရက်၊ နှစ်ရက်မှ လေး၊ ငါးရက်ခန့်ကြာသော် ရပ်ကွက်အတွင်းမှ မိတ်ဆွေအပေါင်းအသင်းများ၊ လမ်းသူလမ်းသားများက ကျွန်တော်တို့အပေါ်တွင် အမြင်စောင်းသလို ဖြစ်နေကြသည်ကို တွေ့ရပါသည်။

**“အကယ်၍များ တို့မိသားစုကို တပ်မတော်ကလား၊ ဟိုအဖွဲ့ကလား၊ ဒီအဖွဲ့ကလားဆိုပြီး ရပ်ကွက်ကလူတွေ ရန်ရှာလာရင်၊ သတင်းပေးသူ့ဘက်သားလို့ ဖွဲ့စ်ဘွတ်ပေါ် တင်လိုက်ရင် ခက်ရချည်သေး”** ဟု တွေးမိသည်။ ထို့ကြောင့် **“တို့များလည်းမဖြစ်ချေဘူး”**ဟု စဉ်းစားမိပြီး ညစဉ်ညတိုင်း သူများတန်းတူ သံပုံးထု၊ လူလူချင်းတွေ့လျှင် လက်သုံးချောင်းထောင်ပြ၊ ဆန္ဒပြသူများလာလျှင် လက်ခုပ်တီးအားပေး၊ ကိုယ်တိုင်လည်း ဆန္ဒပြသည့်သူများနောက်ကလိုက်ပါ စသည်ဖြင့် လုပ်ခဲ့ရပါသည်။ ကျွန်တော်တို့ကဲ့သို့ အများနည်းအတိုင်း လုပ်ကြသည့် ရပ်ကွက်နေပြည်သူများလည်း ရှိပါသည်။ လူတစ်ကိုယ်စိတ်တစ်မျိုး တစ်ဦးနှင့်တစ်ဦး ခံယူချက်မတူနိုင်ဟု ဆိုသော်လည်း ဤနေရာတွင် တူကြရပါသည်။ **“မတူရင် မသက်သာဘူးသာမှတ်တော့”**ဆိုခံရမလို ဖြစ်နေပါသည်။

**“အာဏာရှင်စနစ်အလိုမရှိ၊ ဒီမိုကရေစီရရှိရေးတို့အရေး”**ဟူသည့် ကြွေးကြော်သံများမှာ အများနှင့်ဆိုင်သဖြင့် ကျွန်တော်တို့လည်း သဘောတူလက်ခံခဲ့ပါသည်။ **“တို့ခေါင်းဆောင်တွေ ပြန်လွှတ်ပေး၊ ရုံးမတက်နဲ့၊ ရုန်းထွက်”** ကြွေးကြော်သံများ၊ သံပုံးထုရိုက်သံများမှာမူ ပုဂ္ဂိုလ်ရေးဆန်မှု၊ သဘောထားမတူသည့်ပြည်သူများအား ကိုယ်စိတ်နှစ်ပါး အနှောင့်အယှက်ဖြစ်စေမှုတို့ကြောင့် ဤအချက်များကို ကျွန်တော်တို့ လက်မခံပါ။ လက်မခံသော်လည်း အဆိုပါအခြေအနေအကြောင်းကြောင်းကြောင့် အများမိုးခါးရေသောက်ခဲ့ပါသည်။

နေ့စဉ်နှင့်အမျှ လမ်းမများပေါ်မှ ဆန္ဒပြမှုဖြစ်စဉ်များတွင် အများဆုံးပါဝင်ကြသည်မှာ လူငယ်လူရွယ်များဖြစ်ပါသည်။ ပညာတတ်လူငယ်များပါဝင်သလို အခြေခံပညာအဆင့် မရှိသူများလည်း ပါဝင်ပါသည်။ လူငယ်ဆိုသည်မှာ ဘဝအတွေ့အကြုံ နည်းပါးသေးသဖြင့် ကြောက်ရွံ့ခြင်းကင်းပြီး ဆင်ခြင်နိုင်မှု အားနည်းပါသည်။ လွတ်လပ်မှု၊ တက်ကြွမှု၊ ပျော်ရွှင်မှု၊ စွန့်စားမှုအားများပါသည်။ လက်ရှိအခြေအနေတွင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကပ်ရောဂါ တစ်နှစ်ကြာဖြစ်ပွားခဲ့သောကြောင့် ကျန်းမာရေးဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာနေခဲ့ရသဖြင့် စိတ်ထွက်ပေါက်ပိတ်နေသော ကာလများ၊ မွန်းကျပ်နေသော ကာလများကို ကျော်ဖြတ်ခဲ့ရပါသည်။

**နိုင်ငံရေး တိုက်ကွက်အဖြစ် အသုံးချ**

ထိုအချိန်တွင် နိုင်ငံရေးအပြောင်းအလဲတစ်ရပ် ဖြစ်ပေါ်လာသောအခါ တစ်ချက်တည်းလှုံ့ဆော်လိုက်သည်နှင့် လောင်စာနှင့် မီးတွေ့သကဲ့သို့ ချက်ချင်းတောက်လောင်ပါတော့သည်။ မီးလောင်နေသည်ကို မငြိမ်းသတ်ဘဲ လေအားပင့်ပေးကြသဖြင့် လောင်ကျွမ်းအားလည်း ကောင်းလာပါသည်။ ယနေ့နိုင်ငံရေးတောင်းဆိုမှုများတွင် CDM ကို အကောင်းဆုံးနိုင်ငံရေးတိုက်ကွက်အဖြစ် အသုံးချကြပါသည်။ ထိရောက်မည့်တိုက်ကွက်ဟု ယူဆထားကြပါသည်။ လူမှုကွန်ရက်စာမျက်နှာပေါ်မှ တစ်စုံတစ်ယောက်က အချက်ပေးလိုက်သည်နှင့် ချက်ချင်းအကောင်အထည်ဖော်ကြပါသည်။

လူထုလှုပ်ရှားဆန္ဒပြမှုများ လုပ်နေကြသည်။ လူအများလမ်းပေါ်ထွက်၍ ပျော်ပျော်ပါးပါး ဆင်နွှဲသလို လုပ်နေကြခြင်းဖြစ်သည်။ ထိုင်သပိတ်၊ ထသပိတ်၊ ဝတ်စားဆင်ယင်မှုသပိတ်၊ အစားအသောက်အချက်ပြုတ်သပိတ် စသည်ဖြင့် Performance အမျိုးမျိုးဖြင့် သရုပ်ဖော်ခဲ့ကြသည်မှာ ဆန္ဒပြသည်နှင့်မတူဘဲ ဒီမိုကရေစီပျော်ပွဲရွှင်ပွဲနှင့် တူနေပါသည်။ ခုန်ပေါက်ကနေ ဆော့ကစားနေကြသည်။ မည်သို့ပင်ဖြစ်စေ ငြိမ်းချမ်းစွာ ဆန္ဒပြကြခြင်းဖြစ်၍ အပြစ်ဆိုစရာမရှိ။ ထို့အပြင် CDM တိုက်ပွဲ၊ နှစ်ငါးလုံးအထွေထွေ သပိတ်တိုက်ပွဲများဆင်နွှဲကြပြီး မြန်မာ့ရိုးရာ ယဉ်ကျေးမှုသနပ်ခါးကိုပါ သပိတ်တိုက်ပွဲအတွင်း ထည့်သွင်းခဲ့သည်ကို တွေ့ရပါသည်။

**အနိဋ္ဌာရုံဆိုးကျိုးများ ဖြစ်ပေါ်လာ**

နွေဦးတိုက်ပွဲ၊ နွေဦးတော်လှန်ရေးဆိုပြီး တိုက်ကွက်ပုံစံအကောင်အထည်ဖော်ကြပါသည်။ ငြိမ်းချမ်းစွာ ဆန္ဒပြနေစဉ်အချိန်က ဒီမိုကရေစီနည်းလမ်းဖြင့် စည်းကမ်းတကျ ဆောင်ရွက်ကြသော်လည်း နောက်ပိုင်းတွင် အကြမ်းဖက်ဆန္ဒပြမှု ဖြစ်စဉ်များအဖြစ် ပြောင်းလဲရာ မဖြစ်သင့်မဖြစ်ထိုက်သော အနိဋ္ဌာရုံဆိုးကျိုးများ ဖြစ်ပေါ်လာပါသည်။ ရှေ့တန်းမှ တိုက်ပွဲဝင်နေကြသူများမှာ ရပ်ကွက်နေလူငယ်လူရွယ်များ၊ ပညာတတ်လူငယ်များ အဓိက ပါဝင်ကြပါသည်။ လက်ရှိကာလမှာ ပုဒ်မ ၁၄၄ ထုတ်ပြန်ထားသောကာလဖြစ်၍ ငြိမ်းချမ်းစွာဆန္ဒပြခြင်းသည်ပင် ဥပဒေနှင့်ငြိစွန်းပါသည်။ ငြိမ်းချမ်းစွာဆန္ဒပြကြစဉ်က ပြဿနာကြီးကြီးမားမားမရှိသော်လည်း ထိပ်တိုက်ရင်ဆိုင် အကြမ်းဖက်ဆန္ဒပြမှုများ ပြုလုပ်လာသောအခါ ဆိုးကျိုးများဖြစ်ပေါ်လာပါသည်။

မြတ်စွာဘုရားရှင်က ကာလမသုတ်တရားကို ဟောကြားထားပါသည်။ အရာရာတွင် မိမိကိုယ်တိုင်စဉ်းစားဉာဏ်ဖြင့် စဉ်းစားချင့်ချိန်ယုံကြည်ပြီးမှ မှန်သည်ဟုကောက်ချက်ချနိုင်မှ လုပ်ကိုင်ဆောင်ရွက်ရန် ရည်ညွှန်းထားပါသည်။ မည်သို့သောပုဂ္ဂိုလ်က မည်သို့ ပြောသည်ဖြစ်စေ၊ မည်သည့်ကိစ္စများ မည်သို့ဖြစ်သည် ဖြစ်စေ အမှန်/အမှား၊ အကောင်း/အဆိုး၊ အကြောင်း/အကျိုး၊ အကျိုး/အပြစ် ကိုယ်တိုင်ချင့်ချိန်ပြီးမှသာ လက်ခံယုံကြည်မှသာ အကောင်းဆုံးဘဝကို ရရှိနိုင်မည်ဖြစ်ပါသည်။ မည်သည့်ဆရာက ပြောသည်ဖြစ်စေ၊ မည်သည့်ခေါင်းဆောင်ကဆိုသည်ဖြစ်စေ ပုဂ္ဂိုလ်စွဲမပါဘဲ ကြည်ကြည်လင်လင်ရှုမြင်ရပါသည်။ မှန်ရာကို လက်ခံပြီး မမှန်သည့်အရာကို မကျင့်သုံးမိဖို့ လိုပါသည်။ ကျွန်တော့် ညီငယ်၊ ညီမငယ်များအား ဆန္ဒပြထုတ်ဖော်ကြသည်ကို မလုပ်ပါနှင့်၊ မလိုက်ပါနှင့်ဟု မတားမြစ်ပါ။ စဉ်းစားချင့်ချိန်ပြီးမှ ပါဝင်ပါဟု မှာကြားပါသည်။

သို့သော် ယခုအချိန်အခါတွင် မိမိကိုယ်တိုင် စဉ်းစားချင့်ချိန်ခြင်းမရှိဘဲ ကွယ်ရာမှ နိုင်ငံရေးသမားများ၏ တွန်းအားပေးမှု၊ ပြည်ပမှ လက်ရှိအစိုးရကို မကျေနပ်သူများ၊ ဖျက်လိုဖျက်ဆီး လုပ်လိုသူများ၏ အချိန်ပြည့်လှုံ့ဆော်ပေးမှု၊ ပုဂ္ဂိုလ်စွဲ၊ စိတ်ခံစားချက်အစွဲဖြင့် ပါဝင်လာသူများ များပြားလာသလို ကျွန်တော်တို့လို ပုဂ္ဂိုလ်ရေး၊ နိုင်ငံရေးနှင့် မပတ်သက်သော်လည်း အများမိုးခါးရေသောက်သဖြင့် သောက်ရသူများ ပါဝင်လာကြပါသည်။ “အများမိုးခါးရေသောက်ဆို သောက်မှ”ဆိုသည်မှာ အများမိုးခါးရေသောက်လျှင် မိမိပါသောက်မှ အဆင်ပြေမည်ဆိုသကဲ့သို့ မိမိကိုယ်တိုင် နှစ်ခြိုက်သည်ဖြစ်စေ၊ မနှစ်ခြိုက်သည်ဖြစ်စေ အများနှင့်မဆန့်ကျင်အောင် အများနည်းတူ ပြုလုပ်ခြင်းကို ဆိုလိုသည်။

**တရားမျှတမှုကို အရောင်ဆိုး**

အများညီသည့်အတွက် ကျွန်တော်တို့လည်း ခံယူချက်များကို ပြောင်းလဲလိုက်ပါခဲ့ကြပါသည်။ ရပ်ကွက်အတွင်း၊ လမ်းအတွင်း အများစုဆန္ဒနှင့် မတူညီလျှင် ရန်သူအဖြစ် သတ်မှတ်တော့မည့်သဘောရှိ၍ မလိုက်လို့လည်း မဖြစ်ပါချေ။ ဒီမိုကရေစီဆိုသည့် လူထုအင်အားကို နိုင်ငံရေးတွင် ပြောင်းလဲအသုံးချခြင်းခံလိုက်ရသည်။ အမှန်တွင် ဒီမိုကရေစီစနစ်တွင် အင်အားသည် အမှန်တရားမဟုတ်ပေ။ တရားမျှတမှုသည်သာ အမှန်တရားဖြစ်ပါသည်။ တရားမျှတမှုကို အရောင်ဆိုးခံလိုက်ရသည်။ ဖန်ခွက်အတွင်းမှ ကြည်လင်နေသောရေသည် ချက်ချင်းအရောင်ပြောင်းသွားသည်။ လူတစ်စုအော်လျှင် လူအများ လိုက်အော်ရသည်။ လူတစ်စု ထုန့က်လျှင် လူအများလိုက်၍ ထုနှက်ကြရသည်။ လူတစ်စု တားဆီးလျှင် လူအများကပါ တားဆီးကြသည်။ ရေများ ရေနိုင်၊ မီးများ မီးနိုင်ဆိုသလို ဖြစ်လာခဲ့သည်။ မိုးခါးရေကို သောက်ရမည့်အဖြစ်သို့ ရောက်ကြရသည်။

ပြည်သူလူထုဆန္ဒပြမှု တစ်လနီးပါးကြာလာသောအခါ စည်းကမ်းတကျ ဆန္ဒထုတ်ဖော်မှုများမှ စည်းမဲ့ကမ်းမဲ့ ဆန္ဒပြမှုများဖြစ်လာသည်။ စည်းလွတ်ဝါးလွတ် ပြုလုပ်မှုများ၊ အနိဋ္ဌာရုံများအား မြင်တွေ့လာသဖြင့် ကျွန်တော့်အနေဖြင့် အတော်စိတ်ညစ်စိတ်မချမ်းသာ ဖြစ်ရသည်။ ကျွန်တော်ကဲ့သို့ မိုးခါးရေသောက်သော အခြားလူများလည်း ရှိပါလိမ့်မည်။ ယနေ့ဒီမိုကရေစီခေတ်တွင် အမှန်တရားကိုထုတ်ဖော်ရန် ခက်ခဲသွားပြီး အများ မိုးခါးရေသောက်မှ အဆင်ပြေပါသည်။ သို့သော် ယနေ့မှစ၍ ကျွန်တော် အများသောက်သော မိုးခါးရေ မသောက်တော့ပါ။ ။

**အများညီသည့်အတွက် ကျွန်တော်တို့လည်း ခံယူချက်များကို ပြောင်းလဲလိုက်ပါခဲ့ကြပါသည်။ ရပ်ကွက်အတွင်း၊ လမ်းအတွင်း အများစုဆန္ဒနှင့်မတူညီလျှင် ရန်သူအဖြစ် သတ်မှတ်တော့မည့်သဘောရှိ၍ မလိုက်လို့လည်း မဖြစ်ပါချေ။ ဒီမိုကရေစီဆိုသည့် လူထုအင်အားကို နိုင်ငံရေးတွင် ပြောင်းလဲအသုံးချခြင်းခံလိုက်ရသည်။ အမှန်တွင် ဒီမိုကရေစီစနစ်တွင် အင်အားသည် အမှန်တရားမဟုတ်ပေ။ တရားမျှတမှုသည်သာ အမှန်တရားဖြစ်ပါသည်။ တရားမျှတမှုကို အရောင်ဆိုးခံလိုက်ရသည်။ ဖန်ခွက်အတွင်းမှ ကြည်လင်နေသောရေသည် ချက်ချင်းအရောင်ပြောင်းသွားသည်။ လူတစ်စုအော်လျှင် လူအများလိုက်အော်ရသည်။ လူတစ်စုထုနှက်လျှင် လူအများလိုက်၍ ထုနှက်ကြရသည်။ လူတစ်စုတားဆီးလျှင် လူအများကပါ တားဆီးကြသည်။ ရေများ ရေနိုင်၊ မီးများမီးနိုင်ဆိုသလို ဖြစ်လာခဲ့သည်။ မိုးခါးရေကို သောက်ရမည့်အဖြစ်သို့ ရောက်ကြရ။**

**သို့သော် ယခုအချိန်အခါတွင် မိမိကိုယ်တိုင် စဉ်းစားချင့်ချိန်ခြင်းမရှိဘဲ ကွယ်ရာမှ နိုင်ငံရေးသမားများ၏ တွန်းအားပေးမှု၊ ပြည်ပမှ လက်ရှိအစိုးရကို မကျေနပ်သူများ၊ ဖျက်လိုဖျက်ဆီးလုပ်လိုသူများ၏ အချိန်ပြည့်လှုံ့ဆော်ပေးမှု၊ ပုဂ္ဂိုလ်စွဲ၊ စိတ်ခံစားချက်အစွဲဖြင့် ပါဝင်လာသူများ များပြားလာသလို ကျွန်တော်တို့လို ပုဂ္ဂိုလ်ရေး၊ နိုင်ငံရေးနှင့် မပတ်သက်သော်လည်း အများမိုးခါးရေသောက်သဖြင့် သောက်ရသူများ ပါဝင်လာကြပါသည်။ “အများမိုးခါးရေသောက်ဆိုသောက်မှ”ဆိုသည်မှာ အများမိုးခါးရေသောက်လျှင် မိမိပါသောက်မှ အဆင်ပြေမည်ဆိုသကဲ့သို့ မိမိကိုယ်တိုင် နှစ်ခြိုက်သည်ဖြစ်စေ၊ မနှစ်ခြိုက်သည်ဖြစ်စေ အများနှင့်မဆန့်ကျင်အောင် အများနည်းတူ ပြုလုပ်ခြင်းကို ဆိုလို။**

# ဥရောပတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးသည့် သက်သေခံလက်မှတ်များ ထုတ်ပေးမည်

**ဘရပ်ဆဲလ်  မတ် ၃**

ဥရောပတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပြီးသူများအား ကာကွယ်ဆေးထိုးနှံပြီးကြောင်း သက်သေခံလက်မှတ်ဆိုင်ရာ မူဘောင်တစ်ရပ်ကို ဖန်တီးပေးမည့် ဥပဒေကြမ်းတစ်ရပ်ကို ဥရောပကော်မရှင်ဥက္ကဋ္ဌ ဗွန်ဒါလီယန်က တင်သွင်းသွားမည်ဖြစ်ကြောင်း ယနေ့ပြောကြားခဲ့သည်။

အဆိုပါသက်သေခံလက်မှတ်ထုတ်ပေးမှုသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် အသွားအလာကန့်သတ်ထားသည့် ဒေသများတွင် ခရီးသွားလာရေးစည်းမျဉ်းများ ဖြေလျှော့ပေးရန် အထောက်အပံ့တစ်ခု ဖြစ်မည်ဖြစ်သည်။

ကာကွယ်ဆေးထိုးနှံပြီးကြောင်း ဒစ်ဂျစ်တယ် သက်သေခံအထောက်အထားအတွက် တရားဝင်အဆိုပြုချက်တစ်ရပ်ကို ဥရောပကော်မရှင်ဥက္ကဋ္ဌ ဗွန်ဒါလီယန်က ယခုလအတွင်း တင်သွင်းသွားမည်ဖြစ်ကြောင်း ၎င်း၏တွစ်တာစာမျက်နှာတွင် ရေးသားထားသည်။

ဥရောပတစ်ဝန်းရှိ ပြည်သူအားလုံးကို ကာကွယ်ဆေးထိုးနှံပြီးကြောင်း သက်သေခံလက်မှတ်များ တဖြည်းဖြည်းထုတ်ပေးသွားမည်ဖြစ်သည်။ ယင်းသို့ ထုတ်ပေးရခြင်းမှာ ဥရောပပြည်သူများအနေဖြင့် ကမ္ဘာ့နိုင်ငံများသို့ ဘေးအန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက်ဖြစ်ကြောင်း ဥရောပကော်မရှင်ဥက္ကဋ္ဌ ဗွန်ဒါလီယန်က ဆိုသည်။

ခရီးသွားလုပ်ငန်းအပေါ် အဓိကမှီခိုအားထားရသည့် ဂရိနိုင်ငံအပါအဝင် အခြားသောနိုင်ငံများတွင်လည်း အဆိုပါ ကာကွယ်ဆေးထိုးနှံပြီးကြောင်း သက်သေခံလက်မှတ်များကို ထုတ်ပေးရန် အစိုးရများက စီစဉ်လျက်ရှိသည်။

ကာကွယ်ဆေးထိုးနှံပြီးကြောင်း သက်သေခံလက်မှတ် ထုတ်ပေးရေးနှင့်ပတ်သက်ပြီး ဖေဖော်ဝါရီလအတွင်း ကျင်းပခဲ့သည့် ဥရောပသမဂ္ဂထိပ်သီးအစည်းအဝေးတွင် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**





# နယူးဇီလန်နိုင်ငံ နယ်စပ်ဒေသများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းထက်ဝက်ကျော် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ်ထိုးနှံမှုခံယူပြီးစီး

**ဝယ်လင်တန်  မတ် ၃**

နယူးဇီလန်နိုင်ငံ၏နယ်စပ်ဒေသများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းဦးရေထက်ဝက်ကျော်မှာ ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး ပထမအကြိမ် ထိုးနှံမှုခံယူပြီးစီးခဲ့ပြီးဖြစ်ကြောင်း နယူးဇီလန်နိုင်ငံ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ရေးဝန်ကြီး ခရစ်ဟစ်ကင်က ယနေ့ပြောကြားသည်။

အော့ကလန်ဒေသတွင်လူပေါင်း ၆၆၈၈ ဦးမှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံမှုခံယူခဲ့ကြကြောင်း ၎င်းက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ကျွန်တော်တို့အနေဖြင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သီးခြားစောင့်ကြည့်ရေးစင်တာများတွင် တာဝန်ထမ်းဆောင်နေသည့် သူနာပြုများ၊ အကောက်ခွန်ဝန်ထမ်းများ၊ နယ်စပ်ဒေသတွင် တာဝန်ထမ်းဆောင်နေသည့် စစ်ဆေးရေးဝန်ထမ်းများ၊ ဟိုတယ်ဝန်ထမ်းများ၊ လေကြောင်းလိုင်းဝန်ထမ်းများ၊ ဆိပ်ကမ်းများတွင် တာဝန်ထမ်းဆောင်နေသည့် ဆိပ်ကမ်းဝန်ထမ်းများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်း လုပ်ဆောင်နေသော ဝန်ထမ်းများကို ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမှတားဆီးရန် ဆောင်ရွက်လျက်ရှိကြောင်း ၎င်းကပြောကြားသည်။

Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၆၅၅၀၀ သည် နိုင်ငံအတွင်းသို့ ယမန်နေ့ကရောက်ရှိလာခဲ့ကြောင်း သိရသည်။

ယခုအချိန်မှစတင်ပြီး နယ်စပ်ဒေသတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများ၏ မိသားစုဝင်များနှင့် ကျန်းမာရေးဆိုင်ရာ အရေးပေါ်တာဝန်များကို ထမ်းဆောင်နေသော ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းဖြင့် ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ခရစ်ဟစ်ကင်က ပြောကြားသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- စိုးသူရ**

# နိုင်ဂျီးရီးယားနိုင်ငံ၌ ပြန်ပေးဆွဲခံရသော ကျောင်းသူများ ပြန်လည်လွတ်မြောက်လာ

**အဘူဂျာ  မတ် ၃**

လွန်ခဲ့သောရက်သတ္တပတ်က နိုင်ဂျီးရီးယားနိုင်ငံ အစိုးရစာသင်ကျောင်းတစ်ကျောင်းမှ ပြန်ပေးဆွဲခံရသည့် ကျောင်းသူများ ပြန်လည်လွတ်မြောက်လာကြောင်း ယမန်နေ့သတင်းများအရ သိရသည်။

ဖေဖော်ဝါရီ ၂၆ ရက်တွင် လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့က နိုင်ဂျီးရီးယားနိုင်ငံ ဇမ်ဖာယာပြည်နယ်ရှိ စာသင်ကျောင်းတစ်ကျောင်းမှ ကျောင်းသူ ၂၇၉ ဦးအား ဖမ်းဆီးခဲ့သည်။

နိုင်ဂျီးရီးယားအစိုးရအဖွဲ့တာဝန်ရှိသူများနှင့် လက်နက်ကိုင်အဖွဲ့တို့ စေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်ခဲ့ပြီးနောက် အဆိုပါကျောင်းသူများအားလုံးကို ယမန်နေ့တွင် ပြန်လည်လွှတ်ပေးခဲ့ခြင်းဖြစ်ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူးက အတည်ပြုပြောကြားခဲ့သည်။

အဆိုပါကျောင်းသူများ ပြန်လည်လွတ်မြောက်လာမှုအပေါ် လွန်စွာဝမ်းသာမိပါကြောင်း နိုင်ဂျီးရီးယားသမ္မတ မူဟာမ်မာဒူဘူဟာရီက ၎င်း၏တွစ်တာစာမျက်နှာတွင် ရေးသားဖော်ပြခဲ့သည်။

ယင်းသို့ အဖျက်အမှောင့်လုပ်ရပ်များနှင့် ပြန်ပေးဆွဲခြင်းကဲ့သို့သော လုပ်ရပ်များ အဆုံးသတ်စေရန် အစိုးရအဖွဲ့က ကြိုးပမ်းလျက်ရှိကြောင်း သမ္မတ မူဟာမ်မာဒူ ဘူဟာရီက ဆိုသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**




# ဒဏ်ခတ်ပိတ်ဆို့မှုအသစ်ချမှတ်ပြီးနောက် ရုရှားက အမေရိကန်အား မီးနှင့်ဆော့မကစားရန် သတိပေး

**မော်စကို  မတ် ၃**

ကရင်မလင်ဝေဖန်ရေးသမား အလက်ဇေနာဗာလ်နီကို အဆိပ်ခတ်သည်ဟူသော စွပ်စွဲချက်ဖြင့် အမေရိကန်ပြည်ထောင်စုအနေဖြင့် ရုရှားနိုင်ငံအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုအသစ်ချမှတ်ရန် မတ် ၂ ရက်တွင် ကြေညာခဲ့ပြီးနောက် ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက အမေရိကန်အစိုးရကို မီးနှင့်ဆော့မကစားရန် တိုက်တွန်းလိုက်သည်။

ရုရှားနိုင်ငံအပေါ် အမေရိကန်၏ လုပ်ရပ်သည် အဓိပ္ပာယ်ကင်းမဲ့သောရန်လိုသည့် တိုက်ခိုက်မှုတစ်ခုပင်ဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက အွန်လိုင်းပေါ်တွင် ရေးသားဖော်ပြခဲ့သည်။

အမေရိကန်၏ လုပ်ရပ်သည် ပြင်ပရန်သူ၏ ပုံရိပ်ကို ပြန်လည်ပြုစုပျိုးထောင်ရန် ကြိုးစားနေခြင်းပင်ဖြစ်ကြောင်း၊ သို့ဖြစ်ရာ အဓိပ္ပာယ်ကင်းမဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေးကိုသာ ပိုမိုဆိုးရွားစေသော အမေရိကန်၏ မူဝါဒကို မိမိတို့အနေဖြင့် ထပ်လောင်း ဝေဖန်လိုက်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနသည် အပြန်အလှန် အကျိုးဖြစ်ထွန်းသော အခြေခံသဘောတရားအပေါ် အခြေခံ၍ လက်တုံ့ပြန်သွားမည်ဖြစ်သလို ရုရှားနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ပြတ်ပြတ်သားသား ဆက်လက်ကာကွယ်စောင့်ရှောက်သွားမည် ဖြစ်ကြောင်း ကြေညာချက်တွင် ထပ်မံဖော်ပြထားသည်။

အမေရိကန် ပြည်ထောင်စုသည် စစ်လက်နက်ထိန်းချုပ်ရေးနှင့် လက်နက်မပြန့်ပွားရေးဆိုင်ရာ နိုင်ငံတကာစာချုပ်များနှင့် သဘောတူညီချက်များကို အကြိမ်ပေါင်းများစွာ ချိုးဖောက်ခဲ့သောကြောင့် အခြားနိုင်ငံများအား အမိန့်ပေးညွှန်ကြားရန် ကျင့်ဝတ်ဆိုင်ရာ အခွင့်အရေးကိုလည်း ပိတ်ပင်ခံထားရကြောင်း ထုတ်ပြန်ချက်တွင် ထပ်လောင်းဖော်ပြထားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – ဂျေတီ**

# ကမ္ဘာတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုအရေအတွက် ယခုရက်သတ္တပတ်အတွင်း ပိုမိုမြင့်တက်လာ

**ဂျီနီဗာ မတ် ၃**

ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်း ခြောက်ရက်ဆက်တိုက် လျော့ကျခဲ့ပြီးနောက် ယခုရက်သတ္တပတ်အတွင်း ကမ္ဘာတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူအရေအတွက် ထပ်မံမြင့်တက်လာမှုအပေါ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ချက်တစ်ရပ်တွင် ယမန်နေ့က ဖော်ပြခဲ့သည်။

ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၈ ရက်အတွင်း ကမ္ဘာတစ်ဝန်း၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ အရေအတွက် ၂၆၅၈၈၂၃ ဦးရှိခဲ့ပြီး ယခင်ရက်သတ္တပတ်၏ ကူးစက်မှုအရေအတွက်ထက် ၇ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါဗိုင်းရပ်စ် ကူးစက်မှုနှုန်းမြင့်တက်လာသည့် နေရာဒေသများတွင် အဓိကအားဖြင့် အမေရိကနိုင်ငံများနှင့် ဥရောပနိုင်ငံများ ပါဝင်သည်။

ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုအရေအတွက် အမြင့်ဆုံးဖြစ်သည့် အမေရိကန်နိုင်ငံတွင် ဗိုင်းရပ်စ်ကူးစက်မှုနှုန်း ၂ ရာခိုင်နှုန်း လျော့ကျခဲ့သည်ကို တွေ့ရှိရသော်လည်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုအရေအတွက် ဒုတိယအမြင့်ဆုံးဖြစ်သည့် အိန္ဒိယနိုင်ငံတွင် ဗိုင်းရပ်စ်ကူးစက်မှု ၂၁ ရာခိုင်နှုန်း မြင့်တက်လာခဲ့ပြီး ဗိုင်းရပ်စ်ကူးစက်မှုအရေအတွက် တတိယအမြင့်ဆုံးဖြစ်သည့် ဘရာဇီးနိုင်ငံတွင် ၁၈ ရာခိုင်နှုန်း မြင့်တက်လာသည်ကို တွေ့ရှိရသည်။



ယင်းသို့ ဗိုင်းရပ်စ်ကူးစက်မှုများ မြင့်တက်လာရသည့်အကြောင်းရင်းများမှာ ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှုများ မြင့်တက်လာခြင်း၊ ဗိုင်းရပ်စ်ကာကွယ်ရေးဆိုင်ရာ စည်းမျဉ်းများ စောစီးစွာ ဖြေလျှော့ခြင်းနှင့် စည်းမျဉ်းများကို တင်းကျပ်စွာ လိုက်နာမှုမရှိခြင်းတို့ကြောင့်ဖြစ်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အလေးပေးပြောကြားခဲ့သည်။

ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၈ ရက်အတွင်း ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် သေဆုံးသူ ၆၃၄၇၇ ဦး ရှိပြီး ယခင်ရက်သတ္တပတ်ကထက် ၆ ရာခိုင်နှုန်း ကျဆင်းလာသည်ကို တွေ့ရှိရသည်။ ထို့ပြင် ရောဂါကူးစက်မှုကြောင့် သေဆုံးသူအရေအတွက် လေးပတ်ဆက်တိုက် ကျဆင်းလာသည်ကို တွေ့ရှိရသည်။

ဗြိတိန်နိုင်ငံတွင် စတင်တွေ့ရှိခဲ့သည့် ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှုတွေ့ရှိသည့် နိုင်ငံနှင့် ဒေသပေါင်း ၁၀၆ ခု ရှိခဲ့ပြီး လွန်ခဲ့သော ရက်သတ္တပတ်အတွင်း ငါးနိုင်ငံ ထပ်မံကူးစက်ခံခဲ့ရသည်။ တောင်အာဖရိကနိုင်ငံတွင် စတင်တွေ့ရှိခဲ့သည့် ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှုတွေ့ရှိသည့် နိုင်ငံ ၅၆ နိုင်ငံရှိပြီး လွန်ခဲ့သောရက်သတ္တပတ်အတွင်း ငါးနိုင်ငံ ထပ်မံကူးစက်ခံခဲ့ရသည်။ အလားတူ ဘရာဇီးနိုင်ငံတွင် စတင်တွေ့ရှိခဲ့သည့် ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှုတွေ့ရှိသည့်နိုင်ငံ ၂၉ နိုင်ငံရှိပြီး ထပ်မံကူးစက်သည့်နိုင်ငံ မတွေ့ရှိသေးကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ တွေ့ရှိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**



# သတ်မှတ်ချိန်ထက်စောပြီး ကာကွယ်ဆေးဖြန့်ဖြူးပေးနိုင်မည်ဟု အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် ပြောကြား

**ဝါရှင်တန် မတ် ၃**

အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတစ်မျိုး ထပ်မံ သုံးစွဲခွင့်အတည်ပြုပေးခဲ့သည့်အတွက် သတ်မှတ်ထားသည့် အချိန်ကာလထက် အမေရိကန်ပြည်သူများအား ကာကွယ်ဆေးဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ယမန်နေ့တွင် ပြောကြားခဲ့သည်။

အမေရိကန်ပြည်သူ အရွယ်ရောက်ပြီးသူအားလုံးအား မေလနှောင်းပိုင်းတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ လုံလောက်စွာ ဖြန့်ဖြူးပေးမည်ဟု စီစဉ်ထားကြောင်း သိရသည်။

အမေရိကန် အစားအစာနှင့် ဆေးဝါး ကွပ်ကဲရေးအဖွဲ့က Johnson & Johnson ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အရေးပေါ် သုံးစွဲခွင့်ကို ဖေဖော်ဝါရီ ၂၇ ရက်တွင် အတည်ပြုပေးခဲ့သည်။ နိုင်ငံအတွင်းသို့ အဆိုပါ ကာကွယ်ဆေး တင်သွင်းမှုကို မတ် ၁ ရက်တွင် စတင်ခဲ့ပြီး မတ် ၂ ရက်တွင် အိုဟိုင်းအိုးပြည်နယ် ဆေးရုံတစ်ခုသို့ ကာကွယ်ဆေးပထမအသုတ် ရောက်ရှိခဲ့သည်။

Johnson & Johnson ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသည် နိုင်ငံအတွင်း သုံးစွဲခွင့် တတိယမြောက်အတည်ပြုသည့် ကာကွယ်ဆေးဖြစ်သည်။ ယင်းကာကွယ်ဆေးမတိုင်မီ အမေရိကန်ဆေးဝါးကုမ္ပဏီ Pfizer နှင့် ဂျာမနီဆေးဝါးကုမ္ပဏီ BioNTech တို့ ပူးပေါင်းထုတ်လုပ်သည့် Pfizer ကာကွယ်ဆေးနှင့် Moderna ကာကွယ်ဆေးတို့ကို အတည်ပြုခဲ့သည်။

Johnson & Johnson ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသည် တစ်ကြိမ်သာ ထိုးနှံရန် လိုအပ်သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဖြစ်သည်။ ၎င်းကို သာမန်အပူချိန် ၂ ဒီဂရီ စင်တီဂရိတ်မှ ၈ ဒီဂရီ စင်တီဂရိတ်အတွင်း သုံးလတိုင်တိုင် သိမ်းဆည်းထားနိုင်သည်။

အဆိုပါ ကာကွယ်ဆေးအား သုံးစွဲခွင့်ရရှိသည့်အတွက် အမေရိကန်နိုင်ငံအတွင်း ဆောင်ရွက်လျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေးအစီအစဉ်ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သမ္မတ ဂျိုးဘိုင်ဒင်က ဆိုသည်။

ဓွန်လမကုန်မီ ကာကွယ်ဆေး အလုံးရေသန်း ၁၀၀ ကို အမေရိကန်သို့ တင်ပို့သွားမည်ဖြစ်ကြောင်း Johnson & Johnson ဆေးဝါးကုမ္ပဏီက ဆိုသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# လာအိုနိုင်ငံရှိ ကျန်းမာရေးဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံသွားမည်

**ဗီယင်ကျန်း မတ် ၃**

တရုတ်နိုင်ငံမှ လှူဒါန်းသော Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို လာအိုနိုင်ငံရှိ ကျန်းမာရေးဝန်ထမ်းများအား မတ်လနှင့် ဧပြီလအတွင်း ထိုးနှံပေးသွားမည်ဟု ဒေသခံမီဒီယာများက ယနေ့ ပြောကြားသည်။

နိုင်ငံအတွင်း အသက် ၁၈ နှစ်နှင့် ၆၀ အတွင်းရှိ နိုင်ငံသားများနှင့် ကျန်းမာရေးချို့ယွင်းသူများ၊ ရွှေ့ပြောင်းလုပ်သားများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဦးစားပေး ထိုးနှံပေးသွားမည်ဖြစ်ကြောင်း ဗီယင်ကျန်းတိုင်းစ်သတင်းစာ၏ ပြောကြားချက်အရ သိရသည်။ ၂၀၂၀ ပြည့်နှစ် နှစ်ကုန်ပိုင်းတွင် စေတနာ့ဝန်ထမ်း ကျန်းမာရေးလုပ်သားများအား ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီး ယခုအကြိမ်သည် ဒုတိယအကြိမ်ကာကွယ်ဆေးထိုးနှံပေးခြင်းဖြစ်ကြောင်း သိရသည်။

လာအိုနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန တစ်ကိုယ်ရေသန့်ရှင်းမှုနှင့် ကျန်းမာရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဖိုနီပါဆက် အိုနာဖုန်က နိုင်ငံအတွင်းဆောင်ရွက်နေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများကို နိုင်ငံအတွင်း ချမှတ်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့် ထိန်းချုပ်ရေး စည်းမျဉ်းများနှင့်အညီ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ပြောကြားသည်။

နိုင်ငံအတွင်းရှိ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ စစ်ဆေးရေးလုပ်ငန်းများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း ၎င်းက ပြောကြားသည်။ တရုတ်နိုင်ငံမှ ထုတ်လုပ်သော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများသည် အစွမ်းထက်ထိရောက်သောကြောင့် လာအိုနိုင်ငံသားများအနေဖြင့် ၎င်းကာကွယ်ဆေးများကို ထိုးနှံချင်ကြကြောင်း ၎င်းက ပြောကြားသည်။

လာအိုနိုင်ငံ လူဦးရေ၏ ၂၀ ရာခိုင်နှုန်းကို ယခုနှစ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးနိုင်ရန် ရည်မှန်းထားပြီး ၂၀၂၂ ခုနှစ်တွင် ၅၀ ရာခိုင်နှုန်းနှင့် ၂၀၂၃ ခုနှစ်တွင် ၇၀ ရာခိုင်နှုန်း ထိုးနှံပေးနိုင်ရန် ရည်မှန်းထားကြောင်း လာအိုနိုင်ငံ အမျိုးသား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းကော်မတီက ပြောကြားသည်။ လာအိုနိုင်ငံမှ တာဝန်ရှိသူများအနေဖြင့် ဂျာမနီ၊ ဂျပန်နှင့် အခြားနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများရရှိစေရေးအတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**



# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထပ်မံဝယ်ယူရန် ကန်ဒေါ်လာသန်း ၂၁၀ ထိုင်းအစိုးရ အတည်ပြု

**ဗန်ကောက် မတ် ၃**
ထိုင်းအစိုးရအဖွဲ့သည် ဗြိတိန်နိုင်ငံထုတ် AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၃၅ သန်း ခန့် ထပ်မံဝယ်ယူရန်အတွက် အမေရိကန်ဒေါ်လာသန်း ၂၁၀ ခန့် တန်ကြေးရှိသည့်ဘတ်ဂျက်ကို ယမန်နေ့က အတည်ပြုခဲ့ရာ ထိုင်းနိုင်ငံအနေဖြင့် ဝယ်ယူရန် မှာယူထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးအရေအတွက် ၆၃ သန်းခန့်ရှိလာကြောင်း သိရသည်။

**ရောက်ရှိလာကြမည်**

အသစ်မှာယူထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသည် ယခင်မှာယူထားသည့် ဗြိတိန်နိုင်ငံထုတ် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၂၆ သန်းနှင့်အတူ တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါကွယ်ဆေးအလုံးရေ နှစ်သန်းခန့်သည်လည်း ထိုင်းနိုင်ငံသို့ တစ်ပြိုင်တည်း ရောက်ရှိလာကြမည်ဖြစ်ကြောင်း ထိုင်းအစိုးရ ပြောရေးဆိုခွင့်ရှိ သူတစ်ဦးက ပြောကြားသည်။

ထို့အပြင် ထိုင်းကျန်းမာရေးဝန်ကြီးဌာနသည် အခြားကာကွယ်ဆေးထုတ်လုပ်ရေးစက်ရုံများမှ ထုတ်လုပ်သော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကိုလည်း နောက်ထပ်ဝယ်ယူရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။




ထိုင်းအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဖေဖော်ဝါရီ ၂၈ ရက်မှစ၍ တရားဝင်ဆောင်ရွက်လျက်ရှိသည်။

ထိုင်းနိုင်ငံတွင် မတ် ၂ ရက်က ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၂ ဦး ထပ်မံတွေ့ရှိခဲ့ပြီးနောက် လက်ရှိအချိန်အထိ အဆိုပါ ရောဂါကူးစက်ခံရသူပေါင်း ၂၆၀၇၃ ဦးရှိလာကြောင်း သိရသည်။ ထို့အပြင် ထိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြင့် လက်ရှိအချိန်အထိ သေဆုံးသူပေါင်း ၈၄ ဦးရှိကြောင်း သိရသည်။

**တောင်းဆို**

တစ်ချိန်တည်းမှာပင် ထိုင်းခရီးသွားလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးပီပတ်ရတ်ချာကစ်ပရာကန်က ယခုနှစ်အတွင်း နိုင်ငံ၏ ခရီးသွားလုပ်ငန်း စတင်နိုင်ရေးအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဆိုင်ရာ နိုင်ငံကူးလက်မှတ်စနစ် အကောင်အထည်ဖော်မှုကို အတည်ပြုရန် ထိုင်းကျန်းမာရေးဝန်ကြီးဌာနအား တောင်းဆိုလိုက်သည်။

ထိုင်းအစိုးရသည် ကိုဗစ်-၁၉ ကာကွယ်ဆေးဆိုင်ရာ နိုင်ငံကူးလက်မှတ်စနစ် အတည်ပြုချက်ကြေညာရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကို စောင့်ဆိုင်းလျက်ရှိကြောင်း ဝန်ကြီးပီပတ်က မတ် ၁ ရက်တွင် ပြောကြားခဲ့သည်။

**ကိုးကား-ဗွီအင်န်အေ၊ ဘာသာပြန်-ဂျေတီ**



# အာဖရိကဒေသ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃ ဒသမ ၉ သန်းကျော်ရှိ

**အာဒစ်အာဘာဘာ မတ် ၃**
အာဖရိကဒေသတွင် ယမန်နေ့က ကိုဗစ်-၁၉ရောဂါကူးစက်ခံရသူ ၃၉၀၇၉၅၄ ဦးရှိခဲ့ပြီး အဆိုပါရောဂါကြောင့် သေဆုံးသူ ၁၀၄၀၅၁ ဦးရှိခဲ့ကြောင်း အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

တစ်ချိန်တည်းမှာပင် ဒေသအတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားခြင်းမှ ပြန်လည်ကျန်းမာလာသူ ၃၄၈၇၉၆၃ ဦးရှိလာကြောင်း အဆိုပါစင်တာက ပြောကြားသည်။ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ အရေအတွက် များပြားသော နိုင်ငံများမှာ တောင်အာဖရိက၊ အီသီယိုးပီးယား၊ မော်ရိုကို၊ တူနီးရှားနှင့် အီဂျစ်နိုင်ငံတို့ဖြစ် ကြောင်း သိရသည်။

တောင်အာဖရိကနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၅၀၀၇၇ ဦးရှိပြီး အီဂျစ်နိုင်ငံတွင် သေဆုံးသူ ၁၀၇၃၆ ဦးနှင့် မော်ရိုကိုနိုင်ငံတွင် သေဆုံးသူ ၈၆၃၇ ဦးရှိကြောင်း သိရသည်။ ကိုဗစ်-၁၉ ကပ်ရောဂါသည် ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေတစ်ရပ်သာမဟုတ်ဘဲ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အကျပ်အတည်းများကိုလည်း ဖြစ်စေခဲ့ကြောင်း အာဖရိက သမဂ္ဂက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၁၁၅၃၁၉၄၈၅ | ဦး |
| သေဆုံးသူ | ၂၅၆၂၈၇၆ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၉၁၂၁၀၈၈၈ | ဦး |

# COVAX အစီအစဉ်မှ ပထမအသုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၃၆၀၀၀ ခန့် ဂမ်ဘီယာနိုင်ငံ လက်ခံရရှိ

**ဘန်ဂျူးလ် မတ် ၃**
ဂမ်ဘီယာနိုင်ငံသည် COVAX အစီအစဉ်မှ ပထမအသုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၃၆၀၀၀ ခန့်ကို ဘန်ဂျူးလ်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ယမန်နေ့ညက လက်ခံရရှိခဲ့ကြောင်း ဂမ်ဘီယာကျန်းမာရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂနိုင်ငံတကာကလေးများ အရေးပေါ်ရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်)မှ ယနေ့ပူးတွဲထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

COVAX အစီအစဉ်မှ ယခုကဲ့သို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများအား ဂမ်ဘီယာနိုင်ငံအနေဖြင့် လက်ခံရရှိခြင်းသည် နိုင်ငံတော်အတွက် သမိုင်းဝင်သလို အလွန်အရေးပါကြောင်း ဂမ်ဘီယာကျန်းမာရေးဝန်ကြီး အာမာဒိုလာမင်ဆာမာတက်က ပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများနှင့် ဆေးထိုးအပ်များသည် နိုင်ငံအတွင်း အသင့်ရောက်ရှိခဲ့ပြီးဖြစ်ရာ မကြာမီနိုင်ငံအတွင်း ကာကွယ်ဆေးထိုးနှံမှု စတင်ဆောင်ရွက်မည်ဖြစ်ပြီး ကျန်းမာရေးဝန်ထမ်းများ၊ ရောဂါအခံရှိသည့်ပြည်သူများနှင့် အသက် ၆၅ နှစ်နှင့် အထက်ရှိ သက်ကြီးရွယ်အိုများကို ဦးစားပေးထိုးနှံပေးသွားမည်ဖြစ်ကြောင်း ဆာမာတက်က ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

"ဂမ်ဘီယာအစိုးရဟာ ဘေးကင်းလုံခြုံမှုရှိပြီး ထိရောက်မှုရှိကာ အသင့်စမ်းသပ်ပြီးဖြစ်တဲ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတွေကိုသာ လက်ခံရရှိတယ်ဆိုတာကိုပဲ ထပ်ခါတလဲလဲ ပြောရမှာပါ" ဟု ၎င်းက အလေးအနက် ပြောကြားခဲ့သည်။

တစ်ချိန်တည်းမှာပင် ဂမ်ဘီယာနိုင်ငံဆိုင်ရာ ယူနီဆက်ဖ်အဖွဲ့၏ ဌာနေကိုယ်စားလှယ် ဂေါ်ဒွန်ဂျော်နသန်လဲဝီးစ်က နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု စတင်ဆောင်ရွက်ရာတွင် သာတူညီမျှ ထိုးနှံပေးသွားမည်ဖြစ်ပြီး တစ်စုံတစ်ဦးမျှ ချန်လှပ်ထားမည်မဟုတ်ကြောင်း အတည်ပြု ပြောကြားခဲ့သည်။

ဂမ်ဘီယာနိုင်ငံအတွင်း သမိုင်းဝင်ကာကွယ်ဆေးထိုးနှံမှု သွက်လက်မြန်ဆန်စေရေးအတွက် အကူအညီပေးရန် ဂမ်ဘီယာကျန်းမာရေးဝန်ကြီးဌာန၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် အခြားအဓိက မိတ်ဖက်နိုင်ငံများနှင့်အတူတကွ ပူးတွဲလုပ်ဆောင်လိုပါကြောင်း ၎င်းက ထပ်မံပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ဂျေတီ**



# ဇင်ဘာဘွေနိုင်ငံရှိ စာသင်ကျောင်းများကို ယခုလအတွင်း ပြန်လည်ဖွင့်လှစ်မည်

**ဟာရာရီ မတ် ၃**
ဇင်ဘာဘွေနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသွားအလာကန့်သတ်မှုများ နှစ်လကြာချမှတ်ခဲ့ပြီးနောက် နိုင်ငံအတွင်းရှိ စာသင်ကျောင်းများကို ယခုလအတွင်း အဆင့်လိုက် ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ဇင်ဘာဘွေနိုင်ငံ ပြန်ကြားရေးဝန်ကြီး မော်နီကာမူဗန်ဝါက ယမန်နေ့တွင် ပြောကြားခဲ့သည်။

စာမေးပွဲဖြေဆိုရန်ရှိသည့် ကျောင်းသားများကို မတ် ၁၅ ရက်တွင် စတင်ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပြီး ကျန်ကျောင်းသားများကို မတ် ၂၂ ရက်တွင် သင်ကြားပေးသွားမည်ဟု ၎င်းက ပြောကြားသည်။ စာသင်ကျောင်းများတွင် ရောဂါကူးစက်မှုများမဖြစ်ပွားစေရန် လူစုလူဝေးများ မပြုလုပ်ဘဲ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများအတိုင်း သင်ကြားသွားမည်ဟု ၎င်းက ပြောကြားသည်။

နိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်ဆောင်ရွက်သောအချိန်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှထုတ်ပြန်ထားသော ကျန်းမာရေးဆိုင်ရာ စည်းမျဉ်းများအတိုင်း လိုက်နာဆောင်ရွက်သွားမည်ဟု သမ္မတ အီမာဆန်မန်ဂါဝါက ပြောကြားသည်။ နိုင်ငံအတွင်းရှိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုအစီအစဉ်များ ဆောင်ရွက်ပြီးပါက ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသွားအလာကန့်သတ်မှုများကို ဖြေလျှော့သွားမည်ဖြစ်ကြောင်း အီမာဆန်မန်ဂါဝါက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# ပြင်ဦးလွင်မြို့၌ ဆူပူဆန္ဒပြသူလူအုပ်စုမှ ရဲတပ်ဖွဲ့ဝင်နှစ်ဦးအား ဖမ်းဆီးခေါ်ဆောင်၍ အကြမ်းဖက်မှုများလုပ်ဆောင်


ရဲတကက သိန်းထွန်း


ရဲတကက အောင်ဆွေအေး

**နေပြည်တော် မတ် ၃**
ပြင်ဦးလွင်မြို့၌ ဆူပူဆန္ဒပြသူလူအုပ်စုက ရဲတပ်ဖွဲ့ဝင်နှစ်ဦးအား ဖမ်းဆီးခေါ်ဆောင်၍ အကြမ်းဖက်မှုများ လုပ်ဆောင်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်အရ ပြင်ဦးလွင်မြို့နယ် လားရှိုး-မန္တလေးကားလမ်း ဘူတာလမ်းဆုံ၌ ဆန္ဒပြလူစုလူဝေး အင်အား ၁၅၀ ခန့်သည် ယနေ့နံနက်ပိုင်းတွင် ဆူပူအော်ဟစ်ကာ စုဝေးရောက်ရှိလာသဖြင့် ပြင်ဦးလွင်တပ်နယ်မှတာဝန်ရှိသူများ ပူးပေါင်းအဖွဲ့က လူစုခွဲရန် ညှိနှိုင်းဖြေလျှော့ခဲ့ပါကြောင်း၊ ဆူပူဆန္ဒပြသူ အုပ်စုအနေဖြင့် လူစုခွဲမှုမရှိသဖြင့် မျက်ရည်ယိုဗုံး၊ ဒသမ ၁၂ ဗို့ပြောင်းချော သေနတ်များဖြင့် ခြောက်လှန့် ပစ်ခတ်လူစုခွဲခဲ့ရာ ဆန္ဒပြလူအုပ်စုမှာ ရဲတပ်ဖွဲ့ဝင်နှစ်ဦးကို ဖမ်းဆီးခေါ်ဆောင်ကာ လူစုခွဲခဲ့ကြောင်း။

ဆူပူဆန္ဒပြသူလူစုလူဝေးက ၎င်းတို့ဖမ်းဆီးခေါ်ဆောင်သွားသည့် တပ်ဖွဲ့ဝင်နှစ်ဦးအား ဗိုလ်ချုပ်လမ်းမပေါ်ရှိ ဓာတ်တိုင်တွင် လက်ပြန်ကြိုးတုပ်၍ ခေါင်းတုံးတုံးခြင်း၊ မျက်ခုံးမွေးရိတ်ခြင်းများကို အကြမ်းဖက်ပြုမူဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရကာ မြို့နယ်ရဲတပ်ဖွဲ့မှူးဦးစီးအဖွဲ့က နယ်မြေရဲစခန်းသို့ ပြန်လည်ခေါ်ဆောင်ခဲ့ရကြောင်း။

ဆန္ဒပြလူစုလူဝေးများအနေဖြင့် နေရာအနှံ့ပြုမူလုပ်ဆောင်နေမှုများသည် အကြမ်းဖက်မှုပုံသဏ္ဌာန်သို့ ပြောင်းလဲလုပ်ဆောင်လာနေသည်ကို တွေ့မြင်ရပါသဖြင့် ဆောင်ရွက်နေသည့် ပုံသဏ္ဌာန်အပေါ်မူတည်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အဓိကရုဏ်းဖြိုခွင်းခြင်းလုပ်ငန်းစဉ်များကို ထိရောက်စွာဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




# မုံရွာမြို့၌ ဆူပူအော်ဟစ်ဆန္ဒပြသူများကိုလူစုခွဲသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ခုခံတိုက်ခိုက်

**နေပြည်တော် မတ် ၃**
မုံရွာမြို့၌ ဆူပူအော်ဟစ်ဆန္ဒပြသူများကို လူစုခွဲသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များ ခုခံတိုက်ခိုက်ခံခဲ့ရကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်အရ မုံရွာမြို့ ထန်းတောရပ်ကွက် ပြည်ထောင်စုလမ်းနှင့် ဘုရားနီလမ်းဆုံအနီး၌ ဦးဆောင်သူ(စိစစ်ဆဲ)ပါ ဆန္ဒပြလူစုလူဝေးအင်အား ၃၀၀၀ ကျော်ခန့်သည် ယနေ့နံနက် ၉ နာရီခွဲခန့်တွင် ဆူပူအော်ဟစ်ဆန္ဒပြနေသဖြင့် အုပ်ချုပ်မှုဆိုင်ရာ တာဝန်ရှိသူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုခွဲရန် ဥပဒေနှင့်အညီ သွားရောက်တားမြစ်ခဲ့ကြောင်း၊ ထိုသို့ လူစုခွဲရန် အကြိမ်ကြိမ်တားမြစ်ခဲ့သော်လည်း ဆန္ဒပြလူစုလူဝေးအနေဖြင့် လိုက်နာမှုမရှိသည့်အပြင် လုံခြုံရေး တပ်ဖွဲ့ဝင်များအား ဂျင်ကလိများ၊ လေသေနတ်များ၊ ဖန်ဂေါ်လီနှင့် မူလီခေါင်းများကို လောက်လေးခွများဖြင့် ပစ်ခတ်ခြင်းများကို ပြုလုပ်ခဲ့ကြောင်း။

ဆူပူဆန္ဒပြသူ လူစုလူဝေးများအနေဖြင့် ထိန်းမနိုင်သိမ်းမရ အကြမ်းဖက်ဆန်စွာ ပြုမူလာသည့်အခြေအနေများအရ လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် မီးခိုးဗုံး၊ ဒသမ ၁၂ ဗို့ပြောင်းချော သေနတ်များ အသုံးပြုကာ ပစ်ခတ်လူစုခွဲခဲ့ရကြောင်း၊ ပစ်ခတ်စဉ်တွင် လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် ဆူပူဆန္ဒပြသူ လူအုပ်စုအတွင်း နီးကပ်စွာ တည်ရှိနေမှုကြောင့် ဆူပူဆန္ဒပြသူ အမျိုးသားနှစ်ဦး (စိစစ်ဆဲ)မှာ ရရှိသောဒဏ်ရာဖြင့် သေဆုံးခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင် တစ်ဦးမှာ ဆန္ဒပြသူလူအုပ်စုအတွင်းမှ ပစ်ခတ်သည့် ဂျင်ကလိ ထိမှန်ဒဏ်ရာရရှိခဲ့ကြောင်း။

ဖြစ်စဉ်တွင် သေဆုံးသူအမျိုးသားနှစ်ဦးအား ဆေးရုံသို့ ပို့ဆောင်ထားရှိကာ သက်ဆိုင်ရာရဲစခန်း၌ (သေမှုသေခင်း)ရေးဖွင့်ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



**သတင်းစဉ်**

# တောင်ကြီးမြို့နယ်နှင့် တာချီလိတ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၃**
မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁ ရက် ညပိုင်းတွင် တောင်ကြီးမြို့နယ် တောင်ကြီး-ဟိုပုံးသွားကားလမ်း (၄)မိုင် ပူးပေါင်းစစ်ဆေးရေးစခန်းတွင် ချစ်ထွေး(ခ)ရမ်ဘို မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၅၀ ကိုလည်းကောင်း၊ အလားတူ မတ် ၂ ရက် ညနေ ၅ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် ဝမ်ကောင်းမွန်းကျေးရွာအနီးတွင် အိုက်ခမ်း မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။


အိုက်ခမ်းအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**သတင်းစဉ်**

# ရေကြည်မြို့နယ်၌ မီးလောင်မှုဖြစ်ပွားရာမှ နေအိမ်တစ်လုံး ပျက်စီးဆုံးရှုံး



**ရေကြည် မတ် ၃**
ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ကျားချောင်ကျေးရွာအုပ်စု ကြာအင်းကျေးရွာ၌ ယနေ့ နံနက် ၁၁ နာရီခွဲခန့်က မီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒေါ်ချိုချို၏ နေအိမ်မီးဖိုချောင်ရှိ မီးကွင်းမီးကျန်မှတစ်ဆင့် နေအိမ်ရှိ ထရံအား မီးကူးစက်လောင်ကျွမ်းရာမှ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်းအား မီးကူးစက်၍ လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်ရာသို့ ရေကြည်မြို့နယ် မီးသတ်ဦးစီးဌာနရုံးမှ ဦးစီးအရာရှိ ဦးစိုးနိုင် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျုံပျော်မြို့နယ်ရှိ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်သူ ရပ်ကွက်သားများက မီးသတ်ရေယာဉ် သုံးစီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသွားကြောင်း သိရသည်။

မီးလောင်မှုကြောင့် လူနေအိမ်တစ်လုံးပျက်စီးဆုံးရှုံးခဲ့ပြီး လူနှင့်တိရစ္ဆာန်များ သေဆုံးမှုမရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# CDM လှုပ်ရှားမှုကြောင့် ဆုံးရှုံးနစ်နာမှုများစွာ ကြုံတွေ့ခဲ့ရသည့် ဝန်ထမ်းများနှင့် အခြေခံလူတန်းစားပြည်သူများ၏ စကားသံများ

**မောင်အေးချမ်း**

CDM လှုပ်ရှားမှုကြောင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး ဆုံးရှုံးနစ်နာမှုများစွာကြုံတွေ့ခဲ့ရသည့် ဝန်ထမ်းများနှင့် အခြေခံလူတန်းစားပြည်သူများအား တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည်။

**အကြီးတန်းစာရေး ကိုမျိုးလွင်**

"ကျွန်တော်က နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မည်သည့်အစိုးရပင် နိုင်ငံ့တာဝန်ယူသည်ဖြစ်စေ နိုင်ငံ့ဝန်ထမ်းတစ်ဦးရဲ့ တာဝန်တွေကို ဆက်လက်ထမ်းဆောင်သွားရမှာ ဖြစ်တယ်လို့ ခံယူထားပါတယ်။ ဒီလိုခံယူချက်အတိုင်းပဲ အခုအချိန်မှာ နိုင်ငံ့တာဝန်တွေကို ဆက်လက်ထမ်းဆောင်နေပါတယ်။ ယခု ဝန်ထမ်းတချို့ပြုလုပ်နေတဲ့ CDM လှုပ်ရှားမှုတွေဟာ ဥပဒေကို ချိုးဖောက်နေသလို နိုင်ငံရဲ့ အုပ်ချုပ်ရေးယန္တရားကို ပျက်ယွင်းအောင် ဆောင်ရွက်နေတယ်လို့လည်း မြင်မိပါတယ်။ နောက်ပြီး ဝန်ထမ်းတချို့ ပါဝင်ဆောင်ရွက်နေတာကလည်း နိုင်ငံရေးသမားတွေရဲ့ သွေးဆောင်ဖြားယောင်းမှုလို့လည်း ထင်မိပါတယ်။ အခုအချိန်က အချိန်မီပါသေးတယ်။ နိုင်ငံ့ဝန်ထမ်းတွေ မိမိတို့ သက်ဆိုင်ရာဌာနအသီးသီးကို အေးချမ်းစွာ ပြန်လည်တာဝန်ထမ်းဆောင်စေချင်ပါတယ်။ ဌာနက လုပ်ဖော်ကိုင်ဖက်ဝန်ထမ်းတွေကလည်း နွေးထွေးပျူငှာစွာ ကြိုဆိုနေကြမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်"ဟု ဆိုသည်။

**နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်တဲ့ ကိုထူးအောင်**

"ဒီဝန်ထမ်းလစာလေးနဲ့ တစ်မိသားစုလုံး ရပ်တည်နေရတာပါ။ အခုနောက်ပိုင်း ဘာတွေဖြစ်နေသလဲဆိုတော့ အိမ်ကနေ ရုံးကိုသွားရင် လမ်းကနေ CDM လုပ်ပေးဖို့ ချော့တစ်ခါ ခြောက်တစ်လှည့် လိုက်ပြောကြတယ်။ သူတို့က အလုပ်ကိုမသွားဖို့ မတရားဖိအားပေးတယ်။ ရန်ရှာခံရတယ်။ သူတို့ပြောသလို CDM လုပ်လိုက်လို့ ကျွန်တော်အလုပ်က ထွက်ရရင် ကျွန်တော့်မိသားစုကို ဘယ်သူတာဝန်ယူမလဲ"

**ကုန်စိမ်းနှင့် ကုန်ခြောက်ရောင်းချနေသူ ဈေးသည်တစ်ဦး**

"အရင်ကဆို ဈေးရောင်းရလွန်းလို့ ရွာက အမျိုးတွေပါ ခေါ်ထားရတယ်။ ရွာက ကျွန်မတူမလေးတွေလည်း အလုပ်အကိုင်တွေရကြတော့ အားလုံးအဆင်ပြေနေပါတယ်။ အခုဆို ဝန်ထမ်းတချို့ CDM လုပ်ပြီး ဆန္ဒပြတာတွေ ဖြစ်လာတဲ့အခါမှာ နိုင်ငံရေးမတည်မငြိမ် ဖြစ်ပေါ်လာတယ်။ ဒီလို ဖြစ်ပေါ်လာလို့ ရိုက်ခတ်မှုတွေကတော့ ကျွန်မတို့လို ဈေးသည်တွေ အတော်လေး ခံစားနေရပါတယ်။ မနက်ကနေ ညနေအထိမှ ဈေးဝယ်သူဆယ်ယောက်မပြည့်ပါဘူး။ ဈေးရောင်းကောင်းတုန်းက စုထားတဲ့ပိုက်ဆံလေးတွေကို အခုအချိန်မှာ ထိုင်သုံးစွဲနေရပြီ။ ပိုက်ဆံစုထားပြီး လုပ်ရမည့်အလုပ်တွေလည်း အခုအချိန်မှာ အိပ်မက်ပမာဖြစ်နေပါပြီ"

**တစ်ပတ်တစ်ခါ ကျောက်ကပ်ဆေးနေရသည့် ကလေးငယ်၏ မိခင်ဒေါ်လှသိန်း**

"ကျွန်မသားလေး တစ်ပတ်တစ်ခါကျောက်ကပ်ဆေးနေရတာပါ။ အခုဆို ဆေးရုံမှာ လက်ခံဆောင်ရွက်ပေးမယ့် ဆရာဝန်မရှိတော့ဘူး။ အစပိုင်းမှာ ကျွန်မသားလေးကျန်းမာရေးအတွက် ကျွန်မရင်လေးခဲ့ရတယ်။ မျက်ရည်တွေ ညတိုင်းကျခဲ့ရတယ်။ နောက်ပိုင်း စုံစမ်းရင်းနဲ့ တပ်မတော်ဆေးရုံကြီးတွေမှာ ကျွန်မတို့သာမန်ပြည်သူတွေကို လက်ခံကုသပေးနေတာသိရပါတယ်။ ဒါကြောင့် အမြန်ဆုံးသွားရောက်ကုသဖို့ သွားတဲ့အခါမှာ ဆေးရုံက ဆရာဝန်ကြီးတွေကလည်း အမြန်ဆုံး ပြုစုကုသပေးကြလို့ အခုတော့ ကျွန်မအပူတွေ လျော့ကျသွားပါပြီ"

မည်သည့်အခြေအနေပင်ရောက်ရောက် လူသားဆန်သည့် စိတ်ဓာတ်ရှိရမည်ဖြစ်သည်။ လူသားဆန်သည့်စိတ်ဓာတ်ဆိုသည်မှာ မိမိတာဝန်ကျရာ အခန်းကဏ္ဍမှ လူသားများအတွက် အကျိုးပြုသည့် တာဝန်များကို မည်သည့်အဟန့်အတားပင်ရှိနေပါစေ ထမ်းဆောင်ရမည်မှာ သမိုင်းပေးတာဝန်တစ်ရပ် ဖြစ်ပါသည်။ ထိုသို့ထမ်းဆောင်နိုင်မှသာ တန်ဖိုးရှိသူတစ်ယောက်ဖြစ်လာမည်ဟု ထင်မြင်မိသည်။

ဝန်ထမ်းများ၏ CDM လှုပ်ရှားမှုသည် သာမန်လူနေမှုဘဝနှင့် အခြေခံလူတန်းစားများဘဝအတွက် ထိခိုက်နစ်နာမှုများစွာ ဖြစ်ပေါ်နေသည်ကို ကျယ်လောင်စွာ ကြားသိနေရသည့်အပြင် CDM လှုပ်ရှားမှုတွင် ကျန်းမာရေးဝန်ထမ်းများစွာ ပါဝင်နေသည့်အတွက် ယခုကဲ့သို့ ကိုဗစ်ကာလတွင်တော့ ပြည်သူများအတွက် များစွာရင်လေးစရာဖြစ်နေသည်။

ယခု CDM လှုပ်ရှားမှုပါဝင်နေသူအများစုသည် နိုင်ငံရေး အတွေ့အကြုံနည်းပါးသူများဖြစ်နေသည်ကိုလည်း တွေ့ရှိရသည်။ ထို့ပြင် တချို့သူများသည် CDM လှုပ်ရှားမှုကို အကြောင်းပြု၍ ကိုဗစ်ကာလ ထွက်ပေါက်တစ်ခုအဖြစ် အသုံးချနေသည်ကိုလည်း တွေ့မြင်ရသည်။

နိုင်ငံတစ်နိုင်ငံတွင် ပြည်သူသည်သာ အဓိကဖြစ်ပါသည်။ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် ဘက်ပေါင်းစုံမှ ထိခိုက်နစ်နာစေမည့် မည်သည့်ကိစ္စရပ်မဆို နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဆောင်ရွက်ရန်မသင့်ပေ။ ထို့ကြောင့် CDM လှုပ်ရှားမှုတွင် ပါဝင်ထားသော ဝန်ထမ်းများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်အသိစိတ်ဓာတ်များဖြင့် လုပ်ငန်းခွင်သို့ပြန်လည်ဝင်ရောက်ကြပါရန် မေတ္တာရှေ့ထားပြီး နှိုးဆော်လိုပါသည်။

# သိမ်းငှက်တစ်ကောင်တွေ့ရှိသဖြင့် လာရောက်အပ်နှံ

**နေပြည်တော် မတ် ၃**

ရွှေဘိုခရိုင် ရေဦးမြို့နယ် ဂုဏ်တန်ကျေးရွာနေ ဦးဝင်းဇော်ထွေး (ဘ) ဦးထွန်းဝေက ငှင်းကျေးရွာအနီး ယာကွက်အတွင်းမှ သိမ်းငှက် တစ်ကောင်ကို ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၁၀ နာရီခန့်တွင် တွေ့ရှိပြီး မွန်းလွဲ ၁ နာရီခန့်တွင် ရေဦးမြို့နယ် သစ်တောဦးစီးဌာနသို့ တာဝန်သိစွာဖြင့် လာရောက်အပ်နှံခဲ့သဖြင့် ဦးဝင်းဇော်ထွေးအား ဂုဏ်ပြုဆုငွေကျပ် ၃၀၀၀၀ ချီးမြှင့်၍ ထိုသိမ်းငှက်အား ရေဦးမြို့နယ် သစ်တောဦးစီးဌာန ရုံးဝင်းအတွင်း၌ ထိန်းသိမ်းစောင့်ရှောက်ထားကြောင်း သိရသည်။

အဆိုပါ သိမ်းငှက်သည် ခန္ဓာကိုယ်အလျား နှုတ်သီးမှ အမြီးထိ ၁ ဒသမ ၅ ပေ၊ တောင်ပံ အလျား နှစ်ပေ၊ အရပ်အမြင့် တစ်ပေ၊ အလေးချိန် တစ်ပေါင်ခန့်ရှိ၍ ကျောပေါ်တွင် SNSVNET 139 စာတန်းပါ Birdtracking Transmitter တစ်ခုနှင့် ခြေထောက်တွင် NS G704 MOSKVA စာတန်းပါ သံကွင်းငယ်တစ်ခု ပါရှိသည်။ ယင်းသိမ်းငှက်မှာ ပျံသန်းနိုင်ခြင်း မရှိသေးပါသဖြင့် ပြုစုထိန်းသိမ်းခြင်းကို ရေဦးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်ဆေးကုဆရာဝန်များဖြင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ငှက်မျိုးစိတ်ကျွမ်းကျင်သူများထံ မေးမြန်းစုံစမ်းမှုအရ ဖော်ပြပါ ငှက်မှာ Black-eared Kite ဖြစ်ကြောင်းသိရှိရပြီး ယင်းငှက်နှင့်စပ်လျဉ်း၍ အရှေ့အာရှ-ဩစတြေးလျဒေသ ငှက်ပျံသန်းရာလမ်းကြောင်း ပူးပေါင်းထိန်းသိမ်းရေးအဖွဲ့ (East-Asian Australasian Flyway Partnership-EAAFP) သို့ အဆိုပါငှက်တွင် တပ်ဆင်ထားသော စက်/အမှတ်အသားများ၏ အချက်အလက်များ (စက်အမျိုးအစား၊ စက်တပ်ဆင်ခဲ့သည့်နိုင်ငံ၊ သုတေသနဆောင်ရွက်ရသည့်ရည်ရွယ်ချက်) ကို Radio Transmitter နှင့် သတ္တုကွင်းတို့တွင် ပါဝင်သော အမှတ်အသားနှင့် ဓာတ်ပုံမှတ်တမ်းများပူးတွဲ၍ ဆက်သွယ်မေးမြန်းခဲ့ရာ EAAFP မှ Science Officer ဖြစ်သူ Dr. Zeng Qing မှ အဆိုပါ Black-eared Kite အား ငှက်ပျံသန်းရာလမ်းကြောင်း ကွန်ရက်နယ်မြေများ (Flyway Site Networks) တွင် အပါအဝင်ဖြစ်သည့် တရုတ်နိုင်ငံ Hulun Lake National Nature Reserve မှ Backpack GPS Transmitter တပ်ဆင်ပေးခဲ့ခြင်း ဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ ယင်းငှက်ရွှေ့ပြောင်းပျံသန်းခဲ့သည့်လမ်းကြောင်းအား ပူးတွဲပေးပို့ပါကြောင်း၊ အဆိုပါ Black-eared Kite အား ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပြီး ပြန်လည်စေလွှတ်မည်ဟု သိရသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း အကြောင်းပြန်ကြားခဲ့သည်။

အဆိုပါငှက်မှာ စွန်မျိုးစိတ် (အင်္ဂလိပ်အမည်-Black-eared Kite) ဖြစ်ပြီး တရုတ်နိုင်ငံ ရှိ Hulun Lake National Nature Reserve မှ ငှက်များရွှေ့ပြောင်းပျံသန်းခြင်းကို ခြေရာခံသည့် GPS Transmitter တပ်ဆင်ပေးထားခြင်းဖြစ်ကြောင်း၊ ယင်းငှက်အား လိုအပ်သည့် ပြုစုကုသမှုများ ဆောင်ရွက်ပြီးစီး၍ ပျံသန်းနိုင်သော အခြေအနေတွင် ပြန်လည်စေလွှတ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# ဟသ်ာတခရိုင်အတွင်း ငါးသားပေါက်များ မျိုးစိုက်ထည့်နိုင်ရေး ကွင်းဆင်းဆောင်ရွက်

**ဟသ်ာတ မတ် ၃**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးတင့်လွင်နှင့်အဖွဲ့သည် ဟသ်ာတငါးသားပေါက်စခန်းသို့ ဖေဖော်ဝါရီ ၂၈ ရက် မွန်းလွဲပိုင်းတွင်ရောက်ရှိပြီး စခန်းအတွင်း စိုက်ပျိုးထားသော သစ်ပင်များ စိုက်ပျိုးထိန်းသိမ်းထားရှိမှုအခြေအနေ၊ ငါးမွေးကန်များ ရေထိန်းသိမ်းထားရှိမှုအခြေအနေ၊ ယခုကာလငါးသားဖောက်ရာသီအတွင်း သားဖောက်ထားရှိသော ရွှေဝါငါးကြင်းသားပေါက်များ အခြေအနေနှင့် တိုင်းရင်းငါးမျိုးဖြစ်သည့် ငါးဖမ်းမ မျိုးထိန်းသိမ်းထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပေါင်းစပ်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

ယခုအခါ တစ်မတ် ငါးမူးအရွယ်(.၂၅"၊ .၅") ဖြစ်နေသော ရွှေဝါငါးကြင်းသားပေါက်များကို တစ်လက်မ တစ်လက်မခွဲအရွယ်အထိ ရောက်ရှိစေရေး ဂရုစိုက်ထိန်းသိမ်းစောင့်ရှောက် မွေးမြူရန်နှင့် ယခုနှစ်မက်လနောက်ဆုံးပတ်တွင် ဆည်များအတွင်း ငါးမျိုးစိုက်ထည့်ရန် စီမံဆောင်ရွက်သွားမည်ဖြစ်ပြီး ငါးသယံဇာတလိုအပ်မှုနှင့် တောင်းဆိုချက်များသော ကြံခင်းမြို့နယ်ရှိ ဆည်အတွင်း အဓိကထားမျိုးစိုက်ထည့်ပြီး အင်္ဂပူမြို့နယ်ရှိ ဆည်များသို့ ဆက်လက်မျိုးစိုက်ထည့်သွားမည်ဖြစ်ကြောင်း ခရိုင်ဦးစီးဌာနမှူးက ပြောသည်။

ခရိုင်အတွင်း အစဉ်အလာအရ ဇူလိုင်၊ ဩဂုတ်လများတွင်သာ မျိုးစိုက်ထည့်သည့်အလေ့အထရှိသော်လည်း ပြည်သူများစားဝတ်နေရေးနှင့် ဝမ်းစာရေးကိုဖြည့်စည်းပေးနိုင်ရေးနှင့် အာဟာရပြည့်ဝသော ငါးစားသုံးမှုကို ပြည်သူများ အပြည့်အဝခံစားနိုင်ရေးအတွက် များများမွေး မြန်မြန်စိုက် ဂရုတစိုက်လုပ်ကိုင်၍ စေတနာထားဆောင်ရွက်ပါက အောင်မြင်မည်ဖြစ်ကြောင်း၊ နွေရာသီ၊ မိုးရာသီအလိုက် ငါးမျိုးစိုက်ထည့်ခြင်းလုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်းမှာကြားခဲ့ရာ ငါးစခန်းတာဝန်ခံက ယခုအခါ ရွှေဝါငါးကြင်းသားပေါက်ကောင်ရေ သုံးသိန်းခန့်ပြုစုထားကြောင်း၊ ထပ်မံ၍လည်း သားဖောက်သွားမည်ဖြစ်ကြောင်းနှင့် ရေအရင်းအမြစ်လိုအပ်ချက်အခက်အခဲသာရှိကြောင်း ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**ကမ္ဘာ့အပူချိန် လျော့ချဖို့ အိုဇုန်းလွှာ ကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့**

ကြေးမုံ အယ်ဒီတာ့ထံ ပေးစာ

## မိသားစုတွေနဲ့အမြန်တွေ့ဆုံနိုင်ရေး ဆူပူဆန္ဒပြနေမှုများ အမြန်ရပ်တန့်စေလို

အယ်ဒီတာခင်ဗျာ–

ကျွန်တော်က ရန်ကုန်ကနေ နယ်မှာ လာရောက်တာဝန်ထမ်းဆောင်နေတာဖြစ်ပါတယ်။ ကျွန်တော်ဟာ အိမ်ထောင်သည်ဖြစ်ပြီး လူမမယ် ကလေးနှစ်ဦး၊ တစ်ဦးက ၇ နှစ်၊ တစ်ဦးက ၄ နှစ်ရှိပါပြီ။ ရန်ကုန်မှာ သူတို့ရဲ့ အနာဂတ်အတွက် အတန်းပညာကောင်းကောင်း သင်ကြားပြီး ပညာတတ်တွေဖြစ်ဖို့ ရည်ရွယ်ချက်နဲ့ ကျွန်တော်ကတော့ အပင်ပန်းခံပြီး နယ်မှာ သွားရောက်တာဝန်ထမ်းဆောင်နေတာပါ။

အရင်ကဆိုရင် လစာထုတ်တိုင်း တစ်လတစ်ကြိမ် မိသားစုရှိတဲ့ ရန်ကုန်ကို ပြန်နေကျပါ။ ကိုဗစ်–၁၉ ရောဂါတွေဖြစ်တော့ ရောဂါပိုးတွေ ကျွန်တော့်မိသားစုကို ကူးစက်မှာစိုးလို့ အိမ်မပြန်ဖြစ်တာ ကြာပါပြီ။ ပြီးခဲ့တဲ့ ၂၀၂၁ ဇန်နဝါရီလထဲမှာ ကိုဗစ်ကာကွယ်ဆေးတွေ ရောက်ပြီး ဆေးတွေထိုးတော့မှာဆိုတော့ မိသားစုနဲ့တွေ့ရမယ့်အရေး တွေးပျော်ခဲ့ရတာ ညပေါင်းများစွာပါ။

ဒါပေမယ့် အခုတော့ ကိုဗစ်လည်း ကြောက်ရတဲ့အပြင် မတည်မငြိမ်ဖြစ်အောင် ဆူပူသူတွေနဲ့ ငါတို့လုပ်သလို လိုက်မလုပ်ရင် ငဲ့ရန်သူဆိုတဲ့သူတွေကြောင့် အိမ်ပြန်ရဖို့အရေး ပိုဝေးသွားပြီလားလို့ အိပ်မပျော်ခဲ့ရတာတွေလည်း များပါပြီ။ ကျွန်တော့်လိုပဲ ကျွန်တော်နဲ့ အတူ အလုပ်လုပ်နေတဲ့ လုပ်ဖော်ကိုင်ဖက်တွေလည်း သူတို့အတွေးနဲ့ သူတို့ စီစဉ်ထားတာတွေ ပျက်ကုန်လို့ ကျွန်တော်တို့အချင်းချင်း နေ့စဉ်ရင်ဖွင့်ပြောဆိုနေကြရတာပါပဲ။

တစ်နေ့ပြီးတစ်နေ့ ပြီးသွားမလား၊ ရပ်သွားမလား၊ အမြင်မှန်ရသွားမလားနဲ့ စောင့်မျှော်ရင်းနဲ့ အချိန်တွေကုန်လို့ လူမောစိတ်မောဖြစ်နေရပါတယ်။ CDM မှာပါဝင်သူအချို့ကတော့ ကျွန်တော်တို့ကို CDM မလုပ်လို့ စိတ်ကွက်ပြီး မခေါ်နိုင် မပြောနိုင်နဲ့ဖြစ်နေတော့ နေရထိုင်ရလည်း ခက်ပါတယ်။ ကျွန်တော်က CDM လည်းမလုပ်နိုင်ပါ။ ကျွန်တော့်မိသားစုကို ကျွန်တော့်လစာနဲ့ ထောက်ပံ့နေရတာပါ။ သူတို့ပြောတာက CDM လုပ်တဲ့သူတွေကို ငွေကြေးထောက်ပံ့နေတယ်လို့ ပြောပေမယ့် သူတို့လည်း ဖွယ်ဖွယ်ရာရာစားနေတာ မတွေ့ရပါဘူး။

ကျွန်တော်သူတို့လို မလုပ်နိုင်ပါ။ ကျွန်တော့်မိသားစု ရှေ့ရေးအတွက် ကျွန်တော်ကြိုးစားရဦးမှာ ဖြစ်ပါတယ်။ ကျွန်တော်ဒီအလုပ်မှာ မလုပ်တော့ရင် ကျွန်တော့်မိသားစုကို ဘယ်သူထောက်ပံ့ပေးမလဲ ကျွန်တော်မသိပါ။ ကျွန်တော်သိတာကတော့ ကျွန်တော် အလုပ်လုပ်ရမယ်၊ ဒါမှ ကျွန်တော့်မိသားစုဘဝကို စောင့်ရှောက်နိုင်မယ်။

တစ်နေ့က လူမှုကွန်ရက်ဖေ့စ်ဘွတ်မှာ လူတစ်ယောက်ရေးတင်ထားတာ တွေ့လိုက်ပါတယ်။ သူရေးထားတာကတော့ “CDM လုပ်တဲ့သူတွေကို ထောက်ပံ့ပေးဖို့အတွက် ဒီဖုန်းနံပါတ်တွေကို ဆက်ပါဆိုပြီး တက်လာတာတွေ့တယ်၊ ဖုန်းဆက်ကြည့်တော့ ဟိုလိုလို ဒီလိုလိုနဲ့ ဟိုတစ်ယောက် မရှိသေးလို့ ပြီးရင်ပြန်ဆက်ပါပြောတယ်၊ နောက်တစ်ခါ ထပ်ဆက်တော့ မကိုင်တော့ဘူး၊ ဒါကြောင့်မို့ CDM လုပ်တဲ့သူတွေ မယုံကြည်ကြပါနဲ့” ဆိုပြီးတွေ့ပါတယ်။

အိမ်မပြန်ရတာလည်း ကြာပါပြီ၊ မိသားစုကိုလည်း လွမ်းလှပါပြီ။ ဒါကြောင့်မို့ ဆန္ဒပြဆူပူမှုတွေကို အမြန်ဆုံး ရပ်တန့်ပေးနိုင်ဖို့အတွက် ကူညီဆောင်ရွက်ပေးနိုင်ရန် အယ်ဒီတာမှတစ်ဆင့် နိုင်ငံတော်အကြီးအကဲများထံ တင်ပြပေးစေလိုပါတယ် ခင်ဗျာ။

**ငြိမ်းချမ်းစွာနေလိုတဲ့ နယ်မြို့ရောက် ဝန်ထမ်းတစ်ဦး**

## လုံခြုံရေးအတွက်၊ စိတ်ဖြောင့်ဖြောင့် အလုပ်လုပ်နိုင်ဖို့အတွက် အမြန်ဆုံး ကူညီစောင့်ရှောက်ပေးစေချင်

အယ်ဒီတာရှင့်

ကျွန်မက နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်ပါတယ်။ ကျွန်မ သူငယ်ချင်းတွေ၊ မိသားစုဝင်တွေ CDM လုပ်ပေမယ့် ကျွန်မက ကျွန်မယုံကြည်ချက်နဲ့ ကျွန်မမို့ CDM မှာ မပါဝင်ပါ။ ဒါကြောင့် အိမ်မှာ၊ လမ်းမှာ၊ ရပ်ကွက်မှာ ကျွန်မတို့လို CDM မလုပ်တဲ့သူတွေကြောင့်၊ ရှုံးသွားတဲ့သူတွေကြောင့် လူတွေသေနေရတယ်လို့ ပြစ်တင်စွပ်စွဲ ပြောဆိုခံနေရပါတယ်။

အိမ်က အမျိုးတွေကအစ ရှုံးသွားတဲ့ သမီးကို သတ်မယ်လို့ ကြိမ်းမောင်းနေပါတယ်။ ကျွန်မတို့ လုံခြုံရေးအတွက်၊ စိတ်ဖြောင့်ဖြောင့် အလုပ်လုပ်နိုင်ဖို့အတွက် အမြန်ဆုံး ကူညီစောင့်ရှောက်ပေးစေချင်ပါတယ်ရှင့်။ အခုလို နိုင်ငံတော်က ကိုယ့်နိုင်ငံသားတွေမို့၊ ကိုယ့်ပြည်သူတွေမို့ ဆန္ဒပြတဲ့သူတွေကို အဖျက်လုပ်ရပ်တွေကို စိတ်ရှည်လက်ရှည်နဲ့ ဖျောင်းဖျပြောဆို၊ စောင့်ကြည့်နေပေမယ့် ထူးမလာဘဲ တဖြည်းဖြည်း ပိုဆိုးလာနေတာမို့ CDM လုပ်သူတွေကို ထိထိရောက်ရောက် အရေးယူပေးပါရှင့်။ ကျွန်မတို့လို CDM မလုပ်တဲ့သူတွေအနေနဲ့ အစစအရာရာ လုံခြုံမှုမရှိတော့ပါသဖြင့် သက်ဆိုင်ရာက ထိရောက်စွာ အရေးယူပေးနိုင်ပါရန် အယ်ဒီတာမှတစ်ဆင့် တောင်းဆိုလိုက်ရပါတယ်ရှင့်။

**မလုံခြုံသော ဝန်ထမ်းတစ်ဦး**

## အယ်ဒီတာ့ထံ ပေးစာကဏ္ဍသို့ ပေးစာများ ပေးပို့နိုင်

ကြေးမုံသတင်းစာ ဖတ်ရှုသူပြည်သူများအနေဖြင့် မိမိတို့ပတ်ဝန်းကျင်၌ ဖြစ်ပျက်နေသော အကြောင်းအရာများကို သတင်းစာဖတ်ပြည်သူများနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ သိရှိစေရန် အပြုသဘောဖြင့် ရေးသားထားသော ပေးစာများကို ကြေးမုံသတင်းစာ အယ်ဒီတာ့ထံပေးစာကဏ္ဍသို့ လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ယင်းကဲ့သို့ ပေးစာများပေးပို့ရာတွင် အမည်၊ ဆက်သွယ်ရမည့် လိပ်စာနှင့် ဖုန်းနံပါတ်တို့ကို ထည့်သွင်းရေးသားရမည်ဖြစ်ပြီး ပေးပို့သည့် ပေးစာအတွက် တာဝန်ယူသည်ဟု ပါရှိရမည်ဖြစ်ပါကြောင်း သတင်းစာဖတ် ပြည်သူများအား အသိပေးဖိတ်ခေါ်လိုက်ပါသည်။

စာတည်းအဖွဲ့

## မြိတ်မြို့၌ အကြမ်းဖက်သူလူတစ်စုက ရဲတပ်ဖွဲ့သုံးယာဉ်အား အကြောင်းမဲ့ မီးရှို့ဖျက်ဆီး

**နေပြည်တော် မတ် ၃**

မြိတ်မြို့၌ အကြမ်းဖက်သူလူတစ်စုက ရဲတပ်ဖွဲ့သုံးယာဉ်အား အကြောင်းမဲ့ မီးရှို့ဖျက်ဆီးခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်တွင် မြိတ်မြို့အတွင်း အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်ရန် မသင်္ကာဖွယ်လူတစ်စု ရောက်ရှိနေကြောင်း ယနေ့နံနက်ပိုင်းတွင် သတင်းရရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက မြို့အတွင်း လုံခြုံရေးဖြန့်ခွဲဆောင်ရွက်ခဲ့ကြောင်း။

ထိုသို့ဆောင်ရွက်နေစဉ် မသင်္ကာဖွယ်လူနှစ်ဦး (စိစစ်ဆဲ)သည် ဆိုင်ကယ်ဖြင့် မြိတ်မြို့ ဈေးတန်းရပ်ကွက် ရုံးတောင်လမ်းရှိ မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးရှေ့တွင် အရန်ထားရှိသည့် ရဲတပ်ဖွဲ့ပိုင် ယာဉ်အမှတ် (1C/ 2621)၊ Faw ယာဉ်၏ ယာဉ်ခေါင်းခန်းအတွင်းသို့ မီးကွင်းများ ပစ်ထည့်ကာ ထွက်ပြေးသွားခဲ့ကြောင်း၊ မီးကွင်းများ အပစ်ခံရမှုကြောင့် ယာဉ်၏ ဦးခေါင်းပိုင်း မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ မီးသတ်ယာဉ်နှစ်စီးဖြင့် မီးငြိမ်းသတ်ခဲ့ရကြောင်း၊ မီးကွင်းပစ်ထွက်ပြေးသူများကို သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။



အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်လိုသူများအနေဖြင့် ဆန္ဒပြလူစုလူဝေးတွင် ပါရှိလာပြီး မြို့နယ်များအတွင်း ယာဉ်အန္တရာယ်နှင့် မှုခင်းကြိုတင်ကာကွယ်ရေးအတွက် အသုံးပြုလျက်ရှိသည့် CCTV ကင်မရာများကိုဖျက်ဆီးခြင်း၊ ယာဉ်ထိန်းအချက်ပြအဆောက်အအုံများကို ရိုက်ချိုးဖျက်ဆီးခြင်းအပါအဝင် ပြည်သူပိုင်ပစ္စည်းများကို အကြောင်းမဲ့စွာဖြင့် အကြမ်းဖက်အဖွဲ့ဆန်ဆန် လုပ်ဆောင်လာနေသည်ကို တွေ့မြင်ရပြီး သာမန်ပြည်သူလူထုအနေဖြင့် ၎င်းအဖျက်အမှောင့်လုပ်ရပ်များတွင်ပါဝင်မှုမရှိဘဲ သတိပြုရှောင်ကြဉ်ကြပါရန် အသိပေးထားကြောင်း သိရသည်။

သတင်းစဉ်

## ကရင်ပြည်နယ်အတွင်း ငါးသားပေါက်များ မျိုးစိုက်ထည့်နိုင်ရေး ဆောင်ရွက်လျက်ရှိ

**ဘားအံ မတ် ၃**

ကရင်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ကရင်ပြည်နယ်အတွင်းရှိ ငါးလုပ်ငန်းစခန်းများဖြစ်သော ဘားအံငါးလုပ်ငန်းစခန်းနှင့် ကျုံဒိုးငါးလုပ်ငန်းစခန်းများတွင် ရွှေဝါငါးကြင်းသားပေါက်များ သားဖောက်ထုတ်လုပ်လျက်ရှိရာ ဘားအံငါးလုပ်ငန်းစခန်းအနေဖြင့် ဇန်နဝါရီ ၁၆ ရက်မှစ၍ ရွှေဝါငါးကြင်းသားဖောက်ပြီး ပြုစုထားလျက်ရှိသည်။ ထို့အတူ ကျုံဒိုးငါးလုပ်ငန်းစခန်းတွင်လည်း ရွှေဝါ ငါးကြင်းများ သားဖောက်ထုတ်လုပ်လျက်ရှိပြီး ကရင်ပြည်နယ်အတွင်း ငါးမျိုးများ စိုက်ထည့်သွားမည်ဖြစ်ကြောင်း သိရသည်။

ငါးလုပ်ငန်းဦးစီးဌာနရှိ ငါးလုပ်ငန်းစခန်း ၂၇ ခုတို့တွင် နှစ်စဉ် ဇန်နဝါရီနှင့် ဖေဖော်ဝါရီလများ၌ ရွှေဝါငါးကြင်းငါးများကို သဘာဝနည်းဖြင့်လည်းကောင်း၊ ဆေးထိုးသားဖောက်ခြင်းဖြင့် လည်းကောင်း သားဖောက်ထုတ်လုပ်လျက်ရှိကြောင်း၊ အဆိုပါသားဖောက်ထုတ်လုပ်ခြင်းမတိုင်မီ ရွှေဝါငါးကြင်းမျိုးငါးများကို ထိန်းသိမ်းပြုစုစောင့်ရှောက်ပြီး သားဖောက်ရာသီချိန်တွင် စတင်သားဖောက်ပြီး ငါးသားပေါက်များ မွေးမြူထုတ်လုပ်ကာ မြစ်ချောင်း၊ အင်းအိုင်၊ ဆည်တမံများတွင် ငါးမျိုးများစိုက်ထည့်ခြင်းနှင့် ငါးမွေးတောင်သူများအား ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# လူစုလူဝေးဖြင့် အကြမ်းဖက်မှုဖြစ်စဉ်များတွင် ပြည်သူလူထုအနေဖြင့် လိုက်ပါဆောင်ရွက်မှုမပြုရန်နှင့် သတိပြုနေထိုင်ကြရန် သတိပေးထုတ်ပြန်



**နေပြည်တော် မတ် ၃**

နိုင်ငံတော်ဆန့်ကျင်ရေးကို ဦးတည်ဆောင်ရွက်နေသည့် အဖွဲ့အစည်းများအနေဖြင့် နေရာဒေသအချို့၌ ဥပဒေများအား ချိုးဖောက်ကာ သာမန်လူစုလူဝေးဖြင့် အများပြည်သူ အသုံးပြုသွားလာနေသည့် လမ်းကြောင်းများအား တာယာကွင်းများ အစုအပုံလိုက်ဖြင့် တားဆီးခြင်း၊ မီးရှို့ခြင်း၊ သစ်ပင်သစ်ကိုင်းများအား ခုတ်လှဲ၍ လမ်းပိတ်ဆို့ခြင်း၊ ကွန်ကရစ်တုံးများ ချထား၍ လမ်းပိတ်ဆို့ခြင်းများပြုလုပ်ခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂျင်ကလိ၊ လောက်လေးခွ၊ သံဆူးချွန်များဖြင့် ပစ်ခတ်ခြင်း၊ ဒေသအချို့တွင် တူမီးနှင့် လေသေနတ်များ အသုံးပြုပစ်ခတ်ခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဖမ်းဆီးနှိပ်စက်ခြင်း၊ လုံခြုံရေးကင်မရာ (CCTV) များအား ဖျက်ဆီးခြင်းနှင့် ပြည်သူပိုင်ယာဉ်များအား ဖျက်ဆီးခြင်း စသည့်လုပ်ငန်းများကို အကြမ်းဖက်အဖွဲ့အစည်းပုံစံဖြင့် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်နေကြသည်ကို တွေ့ရှိရကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်း ထုတ်ပြန်ချက်အရ ယနေ့တွင် ဆူပူအကြမ်းဖက်ဆောင်ရွက်ခဲ့သည့် ဖြစ်စဉ်များအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်း၊ လှိုင်၊ ရန်ကင်း၊ တာမွေ၊ အင်းစိန်၊ သာကေတနှင့် ဒဂုံ(တောင်)မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံ၊ ပြည်ကြီးတံခွန်၊ မြင်းခြံ၊ မိတ္ထီလာနှင့် ပြင်ဦးလွင်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်း၊ ရွှေဘိုနှင့် မုံရွာမြို့နယ်၊ မကွေးတိုင်းဒေသကြီး မကွေး၊ စလင်းနှင့် တောင်တွင်းကြီးမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်၊ မြန်အောင်နှင့် ဝါးခယ်မမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်နှင့် ထားဝယ်မြို့နယ်၊ ကချင်ပြည်နယ် ဖားကန့်မြို့နယ်၊ ကရင်ပြည်နယ် ဘားအံမြို့နယ်၊ ချင်းပြည်နယ် ဟားခါးမြို့နယ်တို့တွင် လူစုလူဝေးများဖြစ်ပွားခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖြိုခွဲထိန်းသိမ်းခဲ့ရကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အေးချမ်းစွာ ဆန္ဒပြမှုများအား အချိန်ကာလတစ်ခုအထိ စိတ်ရှည်သည်းခံစွာ စောင့်ကြည့် ထိန်းသိမ်းခဲ့သော်လည်း လက်ရှိကာလတွင် နေရာဒေသအချို့၌ ဆောင်ရွက်နေမှုများသည် သာမန်ဆူပူမှုအဆင့်ထက်ကျော်လွန်ကာ အဖျက်အမှောင့်လုပ်ငန်းများကို နည်းမျိုးစုံအသုံးပြုပြီး အကြမ်းဖက်မှုပုံသဏ္ဌာန်သို့ ပြောင်းလဲဆောင်ရွက်လာသည့် အခြေအနေသို့ ရောက်ရှိနေသည်ကို တွေ့ရှိရကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် အမိကရုဏ်း ဖြိုခွဲရေးလက်နက်များကိုသာ အသုံးပြုပြီး ထိခိုက်ဒဏ်ရာရရှိမှုအနည်းဆုံးဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ သို့ဖြစ်၍ ပြည်သူလူထု၏ လုံခြုံတည်ငြိမ်အေးချမ်းသာယာရေးကိုရှေးရှု၍ လူစုလူဝေးဖြင့် အကြမ်းဖက်မှုဖြစ်စဉ်များတွင် ပြည်သူလူထုအနေဖြင့် လိုက်ပါဆောင်ရွက်မှု မပြုဘဲ ရှောင်ကြဉ်ရန်နှင့် ဂရုပြုနေထိုင်သွားကြပါရန် အသိပေးထားကြောင်း သိရသည်။

**သတင်းစဉ်**









# နေပြည်တော်ကောင်စီတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် လုံခြုံရေးရဲတပ်ဖွဲ့ဝင်များအား ထောက်ပံ့ငွေနှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်



**နေပြည်တော် မတ် ၃**

နေပြည်တော်ကောင်စီတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် လုံခြုံရေးရဲတပ်ဖွဲ့ဝင်များအား ထောက်ပံ့ငွေနှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က နေပြည်တော်ကောင်စီသည် ကျန်တိုင်းဒေသကြီး/ပြည်နယ်များနှင့် သဘောသဘာဝ အနည်းငယ်ကွဲပြားမှုရှိပြီး နိုင်ငံတော်၏ ပြည်ထောင်စုအဆင့်ရုံးများ ရုံးစိုက်ရာ ပြည်ထောင်စုနယ်မြေဖြစ်သည့် နေပြည်တော်ကို စီမံခန့်ခွဲအုပ်ချုပ်ရခြင်းဖြစ်၍ အခြားတိုင်းဒေသကြီး/ပြည်နယ်များနှင့် မတူညီသော အုပ်ချုပ်ရေးဆိုင်ရာ လျင်လျင်မြန်မြန် ဆောင်ရွက်ပေးရသည့် အခြေအနေမျိုးများရှိကြောင်း၊ အားလုံးသိရှိပြီးဖြစ်သည့်အတိုင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်၏ တာဝန်များကို အခြေအနေအရ လွှဲပြောင်းရယူခဲ့ရပြီးနောက်ပိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်ကို သစ္စာရှိရှိဖြင့် အုပ်ချုပ်ရေးယန္တရား ယိမ်းယိုင်မှုမရှိအောင် ဝန်ထမ်းကျင့်ဝတ်များနှင့်အညီ ကိုယ်စီတာဝန်များကို ကျေပွန်စွာထမ်းဆောင်နေကြသည့်အပေါ်မှာလည်း အထူးပင် ကျေးဇူးတင်ဂုဏ်ပြုပါကြောင်း။

နိုင်ငံတော်၏ ရှေ့ဆက်လုပ်ဆောင်မည့် အချက် Road Map (၅) ချက်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီအောင်မြင်အောင်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်သည့်အတွက် အုပ်ချုပ်ရေးယန္တရား၏ အဓိကကျသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်၏ မူဝါဒများ အောင်မြင်ရန်အတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများမှာ ခေတ်အဆက်ဆက် မည်သို့သောအစိုးရ၊ မည်သို့သော အုပ်ချုပ်ရေးစနစ်မျိုးမှာပဲဖြစ်ဖြစ် တာဝန်ကျေပွန်သည့် ဝန်ထမ်းများအဖြစ်နှင့် ကျရာ အခန်းကဏ္ဍမှာ တာဝန်သိသိ သစ္စာရှိစွာဖြင့် အုပ်ချုပ်ရေးယန္တရား ပိုမိုအားကောင်းခိုင်မာအောင် ဆောင်ရွက်ပေးခဲ့သည့် အစဉ်အလာကို ဆက်လက်ထိန်းသိမ်းကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ထောက်ပံ့ငွေနှင့် စားသောက်ကုန်ပစ္စည်းများကို ပေးအပ်ရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က ဌာနခွဲ(၁)ရှိ ဝန်ထမ်းများအား လည်းကောင်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင်က ဌာနခွဲ(၂)ရှိ ဝန်ထမ်းများနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသည့် ပြည်ထောင်စုနယ်မြေအတွင်းရှိ ရဲတပ်ဖွဲ့ဝင်များအား လည်းကောင်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းက ဌာနခွဲ(၃)ရှိ ဝန်ထမ်းများအား လည်းကောင်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးက ဌာနခွဲ(၄)ရှိ ဝန်ထမ်းများအား လည်းကောင်း၊ နေပြည်တော်ကောင်စီ အတွင်းရေးမှူး ဒေါ်ဆွေဆွေနိုင်က နေပြည်တော်ကောင်စီရုံးဝင်းအတွင်း လုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် ရဲဝန်ထမ်းများနှင့် အထောက်အကူပြုဝန်ထမ်းများအားလည်းကောင်း ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ထောက်ပံ့ငွေနှင့် စားသောက်ကုန်ပစ္စည်းများပေးအပ်ခြင်းအတွက် နေပြည်တော် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဖြိုးသူအောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယနေ့ ထောက်ပံ့ငွေနှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်ရာတွင် နေပြည်တော်ကောင်စီတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် ပြည်ထောင်စုနယ်မြေအတွင်းရှိ လုံခြုံရေးရဲတပ်ဖွဲ့ဝင်များအတွက် ငွေကျပ် ၄၆၃၀၀၀၀ တန်ဖိုးရှိ စားသုံးဆီ၊ ကြက်ဥနှင့် ထောက်ပံ့ငွေများကို ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ





**နေပြည်တော် မတ် ၃**

မြန်မာနိုင်ငံတော်ဗဟိုဘဏ် နေပြည်တော်၊ ရန်ကုန်ဘဏ်ခွဲနှင့် မန္တလေးဘဏ်ခွဲတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ဒါရိုက်တာအဖွဲ့အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဝင်းသော်နှင့် ဒေါ်သန်းသန်းဆွေ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြသည်။

အစည်းအဝေး၌ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်မှာကြားချက်များကို အရာထမ်းနှင့် အမှုထမ်းများ သိရှိလိုက်နာစေရန် ဌာနအသီးသီးသို့ ဖြန့်ဝေထားပြီးဖြစ်ကြောင်း၊ နိုင်ငံတော်ကို ပုံမှန်အခြေအနေ ရောက်ရှိစေရန် ဆောင်ရွက်နေဆဲကာလအတွင်း ဌာနများအားလုံး၏ လုပ်ငန်းများ ရပ်တန့်သွားခြင်း မရှိစေရေး၊ မြန်မြန်ဆန်ဆန်နှင့် မှန်မှန်ကန်ကန်ဖြစ်စေရန် ဝိုင်းဝန်းဆောင်ရွက်ရေးနှင့် နိုင်ငံတော်မှ ချမှတ်ထားသော မူဝါဒများကို အောင်မြင်စွာဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ချမှတ်ထားသော ဥပဒေ၊ စည်းမျဉ်းများအတွင်း စေတနာအလေးထား၍ ဆောင်ရွက်ရေးတို့သည် အရေးကြီးပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် တာဝန်ထမ်းဆောင်နေစဉ်အတွင်း ပါတီနိုင်ငံရေးကင်းရှင်းရန် လိုအပ်ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်နေစဉ်ကာလအတွင်း ဆက်စပ်ဆောင်ရွက်နေသော ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် အဓိကရည်မှန်းချက်များဖြစ်သည့် ငွေကြေးတည်ငြိမ်ရေး၊ ငွေရေးကြေးရေးစနစ်တည်ငြိမ်ရေးနှင့် ထိရောက်၍စွမ်းဆောင်ရည်ပြည့်ဝသော ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ်များ ခိုင်မာဖြစ်ပေါ်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ ငွေပေးချေမှုနည်းလမ်းများသည် တိုးတက်ပြောင်းလဲနေပြီဖြစ်ကြောင်း၊ လုံခြုံ၍ စွမ်းဆောင်ရည်ပြည့်ဝသော အမျိုးသားငွေပေးချေမှုစနစ်တစ်ခု ဖွံ့ဖြိုးတိုးတက်မှုသည် မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးကဏ္ဍနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အရေးပါသော အခန်းကဏ္ဍတစ်ရပ်ဖြစ်ပါကြောင်း၊ ငွေပေးချေမှုစနစ်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန် အမျိုးသားငွေပေးချေမှုစနစ်မဟာဗျူဟာ (၂၀၂၀-၂၀၂၅) ကို ပြဋ္ဌာန်းပြီးဖြစ်ကြောင်း၊ ငွေပေးစနစ်ဥပဒေ (မူကြမ်း)ကို ရေးဆွဲဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ် အဆင်ပြေချောမွေ့စေရန် ပမာဏကြီးမားသော ငွေပေးချေမှုများအတွက် ဘဏ်အချင်းချင်း ငွေပေးချေမှုစနစ် (CBM-NET) System Second Phase နှင့် အလိုအလျောက်စာရင်းရှင်းလင်းမှုစနစ် (ACH) တို့ကို အကောင်အထည်ဖော်ခဲ့ပြီး ဒစ်ဂျစ်တယ်စနစ်ဖြင့် ငွေပေးချေမှုများ တိုးတက်ရေးအတွက် ဝန်ဆောင်မှုများကို ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ငွေပေးချေမှုစနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဘဏ်များနှင့် ဘဏ်မဟုတ်သည့် ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ ငွေသားစီမံခန့်ခွဲမှု ပိုမိုကောင်းမွန်စေရန်အတွက် ယာယီလိုက်နာဆောင်ရွက်ရန်ကိစ္စရပ်များကို ဘဏ်များသို့ ညွှန်ကြားထားပြီးဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသည့် ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက မိမိတို့၏ လုပ်ငန်းတာဝန်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**










# ကမ္ဘာကြည့်ကြည့်မြင်၍ အမိနိုင်ငံတော်ကြီးကို ကာကွယ်ကြ

ဇော်လေး

**နိဒါန်း**

ဤလမ်းကြောင်း၏ လားရာသည် နိုင်ငံနှင့်လူမျိုးအတွက် အကျိုးရှိနိုင်ဖွယ်ရာ လုံးဝမပါသော တိုင်းပြည်ကို အလုံးစုံပျက်သုဉ်းရေးဆီသို့ တွန်းပို့နေခြင်းသက်သက် ရည်ရွယ်ချက်ဖြင့် ဆုံးရှုံးနစ်နာဖို့သာ ရှိပါကြောင်း အပြည့်အဝသိကြမြင်ကြဖို့ အချိန်ရောက်ပါပြီ။

ယခုအချိန်အထိ မသိမမြင်သေးဘဲ ရှေ့ဆက်၍သာ တိုးမည်ဆိုပါက မိမိတို့ မြန်မာပြည်သူတို့၏ ဘဝသည် နူရာဝဲစွဲ၊ လဲရာသူခိုးထောင်းဆိုသကဲ့သို့ နိုင်ငံတကာ နိုင်ငံရေးအမြင် ကင်းမဲ့(ကန်း)ကြသော လူအချို့မိုက်မဲမှုကြောင့် ၂၀၂၁ ခုနှစ်သည် အဆင်းရဲဆုံးနိုင်ငံအဖြစ်မှ (သူတို့ဖြစ်စေချင်သည့်အတိုင်း) ကျရှုံးနိုင်ငံအဖြစ်သို့ သက်ဆင်းပြိုကွဲသွားနိုင်ပါတော့သည်။

ဤစာကိုဖတ်ရှု၍ အမှန်တရားကို သတိပြုမိသူသည် မိမိပတ်ဝန်းကျင်ကို မျှဝေအသိပေးကြပါကုန်။ အန္တရာယ်ကင်းဝေးကာ ပြန်လည်ထူထောင်နိုင်အောင် ကြိုးစားကြရပါမည်။

**သူတို့အကြံအစည်**

အကျိုးအကြောင်း ကွင်းဆက်အရှည်ကြီးကို အကျယ်မဖော်ပြတော့ပါ။ သူတို့ ချမှတ်ထားသော လမ်းစဉ်ကိုကြည့်လိုက်ပါ။ ဘာရည်ရွယ်ချက်လဲ တွေ့ရပါလိမ့်မည်။ ဘယ်သူ့အကျိုးအတွက်လဲဆိုသည့် အချက်ကို မြင်ရပါလိမ့်မည်။ သူတို့အကျိုးအတွက် သက်သက်ဖန်တီး စီမံလုပ်ဆောင်နေပါကလားဟု အထင်အရှားနားလည်သဘောပေါက်ပါလိမ့်မည်။ မြင်အောင်ကြည့်၍ သိအောင်သုံးသပ်ကြပါ။

သူတို့သည် မြန်မာတိုင်းရင်းသားများမဟုတ်ပါ။

သင်တို့ ကျွန်ုပ်တို့လေးစားထိုက်သူများလည်း တစ်ယောက်တလေမျှပင် မပါပါ။ (နှာခေါင်းချွန်သူတွေ မုတ်ဆိတ်ထူတွေသာ) နိုင်ငံခြားသားများ ချည်းသာဖြစ်ပါ၏။

သူတို့အကျိုးအတွက်၊ သူတို့စီးပွားအတွက် သူတို့အကျိုးအမြတ်တွက်ကိန်းအရ ချမှတ်စီမံနေကြခြင်းသာ ဖြစ်ကြ၏။ အတိအကျအမှန်ပါ။

သင့်ကိုကောင်းအောင် လုံးဝလုပ်မပေးနိုင်ပေ။ အဘယ့်ကြောင့်ဆိုသော် သင့်အတွက် လုံးဝ ထည့်စဉ်းစားခဲ့ခြင်းမရှိပါ။

မြန်မာပြည်၏ ကောင်းကျိုးလုံးဝမပါခဲ့ပါ။ မြန်မာပြည်သူများ၏ လူနေမှုဘဝကောင်းမွန်ရေး၊ ဖွံ့ဖြိုးရေး၊ တိုးတက်ရေး၊ အေးချမ်းသာယာရေး၊ လုံခြုံရေး၊ ငြိမ်းချမ်းရေးများလုံးဝမပါခဲ့ပါ။ ဘာပဲပါသလဲ။ အချင်းချင်းခွပ်ပြီး သေကျေပျက်စီးရေး ရည်ရွယ်ချက်ကြီးသာ ချမှတ်စီမံထားခြင်း ဖြစ်ခဲ့ပေသည်။ ယာလည်း ညက်စေ၊ ကြက်လည်းပန်းစေ။ နှစ်ကောင်စလုံး သေလည်းကြိုက်သည်။ ဤ တောကြက်နှစ်ကောင်စလုံးကို ချက်စားဖို့ရာ မီးဖိုပေါ်မှာ ကြက်သားအိုးပင် တည်ထားခဲ့လေပြီ။ အစားခံမလား။

မြန်မာပြည် မြန်မာလူမျိုး၊ မြန်မာနိုင်ငံသား တိုင်းရင်းသားတို့၏ ကောင်းကျိုးဟူ၍ နှမ်းတစ်စေ့မျှမပါခဲ့သော ဤ "တိုင်းပြည်ဖျက် စီမံကိန်း" လူစုလှုပ်ရှားမှုရေလှိုင်းကြီးထဲမှာ မိုက်မဲမှားယွင်းစွာ သင်၏မိသားစုက ဘာကြောင့်လိုက်ပါမျောပါရမည်နည်း။ အမှားသိမြင် အမှန်ပြင်ကြပါကုန်လော့။

> **တာဝန်သိ ဝန်ထမ်းများကို ရန်ပြုပိတ်ဆို့ဝိုင်းပယ်နေပါက သင်နှင့် သင့်မိသားစုကို တရားဥပဒေနှင့်အညီ အေးချမ်းလုံခြုံအောင် ကာကွယ်ပေးနေသူများအား ကျေးဇူးကန်းရာရောက်နေပြီ မဟုတ်ပါလား။ ကျေးကွင်းစွပ်သူများ၏ မိုက်မဲလွဲမှားမှုကို ဘယ်သူမှ ကယ်နိုင်မည်မဟုတ်။ လူဆိုးလူမိုက်များ၏ ဗိုလ်ကျအနိုင်ကျင့်ခံရ၍ ဘဝပျက်မှ နောင်တ ရရပေလိမ့်မည်။ နောက်ကျမှရသော နောင်တကား အသုံးမကျ။**

အသိဉာဏ်ဆင်ခြင်တုံတရားဖြင့် အမှန်အမှား ခွဲခြားတတ်အောင် သုံးသပ်စေလိုပါသည်။

သူတို့ချမှတ်ထားသော (အကြံ) မဟာဗျူဟာကို သင်သိပါသလား။ သိသည်၊ အားလုံးက မှန်သည် ဆက်လုပ်ထိုက်သည်။ တစ်စုံတစ်ရာကောင်းကျိုး ရမည်ဟုများ ထင်သေးလျှင် ဆက်မှားပေရော့။ သွားပေတော့။

မသိသေးလျှင် သိအောင်လေ့လာပါ။

မမြင်မိသေးလျှင် မြင်အောင်ကြည့်ပါ။

**မသိ လမ်းလွဲလိုက်မိနေခဲ့**

"ဒါတွေကို အစက ကျွန်တော်တို့မသိလို့ပါ"

"ဒီလိုမှန်း လုံးဝမသိခဲ့ပါ"

"ဒီလောက်အကြံပက်စက်မှန်းမသိဘူး"

"အဲဒါတွေက ဘာတွေတုန်း"

ဆက်လျှောက်ရင် ဒုက္ခရောက်ဖို့သာရှိသော ထိုသူတို့၏ မဟာဗျူဟာအကြံအစည်ကား သင်တို့ ကြည်ညိုသူကို အာဏာရစေဖို့လည်း လုံးဝမပါပါ။ ထားရစ်ခဲ့ပြီ။

သင်နှင့် သင့်မိသားစု ကောင်းစားရေးလည်း မပါ။

သင့်လမ်း၊ သင့်ရပ်ကွက်၊ သင့်ရွာ အကျိုးအတွက်လည်း လုံးဝမပါခဲ့ပါ။ (ပါတယ်ဆိုလျှင် လိမ်ညာခံရခြင်းသာ)

အပြည့်အဝသေချာသည်မှာ တိုင်းပြည်နှင့် လူမျိုးအတွက် ကောင်းကျိုးရှိစေမည့် ဦးတည်ချက်၊ ရည်ရွယ်ချက် လုံးဝမပါခဲ့ဘဲ အလုံးစုံပျက်သုဉ်းရေး ချေမှုန်းဖျက်ဆီးရေးသက်သက်အတွက် စီမံဖန်တီးထားခြင်းသာဖြစ်ကြောင်းပါ။

မကြာမီ ဇာတ်ခေါင်းကွဲမည့်ဇာတ်ထဲကို ဆက်လက်ပြီး ပါဝင်ကပြချင်သေးသပဆိုလျှင်လည်း "က" ပေရော့။ ယခုဤလမ်းဆုံမှာ အမှားသိလျှင် အမှန်ပြင်ချိန်ရပါသေး၏။ ရှေ့ခရီးလမ်းဆုံးကား သင့်ဘဝနစ်မွန်းဆုံးရှုံးရန်သာရှိနေပါ၏။ ရှေ့ကိုမျှော်ကြည့်လိုက်ပါ။

အမှားဘက်ကိုလိုက်၍ လူကြိုက်များအောင် မလုပ်ဆောင်လေနှင့်။ ဘဝက တန်ဖိုးရှိလှသည်။ လူမိုက်နှင့်ပေါင်းမိပါက ဘဝပျက်ရုံသာရှိမည်။

အမှန်ဘက်ကိုလိုက်ပါသဖြင့် လူမုန်းများပါက တစ်ခဏသာဖြစ်၏။ အမှန်တရားသည် ဓမ္မဖြစ်၍ နောက်ဆုံးမှာ အောင်မြင်မည်သာ။ အဓမ္မကို ဓမ္မဟု ထင်မှားအောင် မျက်လှည့်ပြ၍ ဇွတ်အတင်း ဆွဲဆောင်နေကြသူများ၏ အလိမ်အညာသည် မကြာမီပင် ထင်ထင်ရှားရှား မြင်တွေ့ရပါတော့မည်။

တန်ဖိုးရှိလှသော လူ့ဘဝကို မှန်ကန်သော ရပ်တည်ချက်ဖြင့် နိုင်ငံ၊ ပြည်သူ၊ ပြည်ထောင်စုသားများ၏ ကောင်းကျိုးချမ်းသာအတွက်သာ ဆက်လက်ရှင်သန်နိုင်ပါစေ။

**တိုင်းပြည်ဖျက် စီမံကိန်း**

"ဆက်ပြီးသာ ဆန္ဒပြကြ"တဲ့။ ပြည်ပက ထောက်ပံ့တဲ့ငွေက အလျှဉ်မပြတ်။ ပြည်တွင်းကသာ ရန်ပုံငွေရှာအလှူခံပြီး ဆက်ထောက်ပံ့ကြပါတဲ့။ ငါးကြင်းဆီနဲ့ ငါးကြင်းကြော်နေပြီ။ မင်းတို့ပဲ အနာခံကြ၊ ငါတို့က ဆရာလုပ်ရုံပဲ။ (အဝေးကသာ ခလုတ်နှိပ်၍ ညွှန်ကြားနေ၏။ မြေပြင်မှာ သွေးမြေကျနေရပြီကို သူတို့ဝမ်းမနည်းပါ။ သွေးကွဲလေ သဘောကျလေ။ တဟားဟား ရယ်မောနေမည်။) "မင်းတို့လောက်အတဲ့လူမျိုး ငါတို့ခုမှတွေ့ဖူးတယ်"ဟု ဘိုလိုမှတ်နေကြပုံကို တွေးကြည့်လိုက်ပါ။ ငါဘယ်လောက်များ အ, လိုက်သလဲ၊ မှားလိုက်သလဲ။

တပ်မတော်သား၊ ပြည်သူ့ရဲ၊ ပြည်သူ့ဝန်ထမ်း အစိုးရအမှုထမ်းအားလုံးကို ကျက်သရေ ကင်းမဲ့အောင် ပုတ်ခတ်ရှုတ်ချ၊ နာမ်နှိမ်ပြီး ဝိုင်းပယ်အောင် လုပ်ရမည်ဟု ညွှန်ကြားသည်။ တာဝန်သိ ဝန်ထမ်းများကို ရန်ပြုပိတ်ဆို့ဝိုင်းပယ်နေပါက သင်နှင့် သင့်မိသားစုကို တရားဥပဒေနှင့်အညီ အေးချမ်း လုံခြုံအောင် ကာကွယ်ပေးနေသူများအား ကျေးဇူးကန်းရာရောက်နေပြီ မဟုတ်ပါလား။ ကျေးကွင်းစွပ်သူများ၏ မိုက်မဲလွဲမှားမှုကို ဘယ်သူမှ ကယ်နိုင်မည်မဟုတ်။ လူဆိုး လူမိုက်များ၏ ဗိုလ်ကျ အနိုင်ကျင့်ခံရ၍ ဘဝပျက်မှ နောင်တ ရရပေလိမ့်မည်။ နောက်ကျမှရသော နောင်တကား အသုံးမကျ။

လောကမှာ အမှန်သိမြင်လွယ်သူရှား၏။ အမြင်မှန်ဖို့ ကြိုးစားရပေမည်။ အမှားကို လိမ်ညာလှည့်စားလျှင် ယုံလွယ်သူက များကြ၏။ ကျွန်ုပ်တို့က ကိုယ့်လိုပဲ ရိုးရိုးစင်းစင်းတွေပဲဟု ကိုယ်ချင်းစာ၍ ယုံကြည်တတ်သော ရိုးလွန်းခြင်းသဘောပင်။

ဘုမသိ ဘမသိနှင့် ရောယောင်ပြီးမှားတတ်၏။

ဘုမသိ ဘမသိ ဆိုတာကိုပင် အချို့ကအမှန်မသိ။

**ဘု** နှင့် **ဘ** သည် **ပု** နှင့် **ပ** မှ အသံနီးကပ်သောကြောင့် စကားအရာ ပြောင်းလဲလာသော ဝေါဟာရဖြစ်ပါ၏။

**ဘု** ဆိုသည့်မူရင်းက **ပု** ဖြစ်၏။

**ပု** သည် **ပုည** ဟူသောပါဠိ ဝေါဟာရ၏အတိုကောက်ဖြစ်ပြီး **ဘ** ဟူသည် **ပ** ဟူသော ပါဠိဝေါဟာရကိုအတိုကောက်ထားခဲ့ခြင်းသာပင်။ အဓိပ္ပာယ်က မကောင်းမှုနှင့် ကောင်းမှုကို ခွဲခြားသိရေး ဖြစ်ပါ၏။

ဘု = ပု = ပုည (ပါဠိ) = ကောင်းမှု၊ မိမိကိုကောင်းကျိုးရစေသောအပြုအမူ။

ဘ = ပ = ပါပ (ပါဠိ) = မကောင်းမှု၊ မိမိနှင့်တကွလောကကို ဆိုးကျိုးဖြစ်ပေါ်စေသော အမှုကိစ္စ။

ပု နှင့် ပ ကိုကွဲကွဲပြားပြား ဂဃနဏသိကြရပါမည်။

**ပု** မသိ **ပ** မသိ ဆက်မှားမနေသင့်တော့ပြီ။

ရှင်းရှင်းလင်းလင်းသိရပေပြီ။ သင်၏ ဆုံးဖြတ်ချက်မှန်ကန်ပါစေ။

**နိဂုံး**

မြန်မာပြည်သူများ နိုင်ငံတကာ အခြေအနေကို နားလည်အောင်မျက်စိဖွင့်၍ လေ့လာပါ။ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးကို သူတစ်ပါးလက်အောက်ကျရောက်အောင် သူတို့ကြံစည်လုပ်ဆောင်နေကြပုံကို အထင်အရှားအမှန်မြင်နိုင်ကြပါစေ။ ။

## ပြည်သူများသို့ ပန်ကြားချက်

၁။ မြန်မာ့စီးပွားရေးဘဏ်သည် နိုင်ငံ့ဝန်ထမ်းလစာများနှင့် အငြိမ်းစားဝန်ထမ်းလစာများအား လစဉ်ထုတ်ပေးမှုကို ဆောင်ရွက်လျက်ရှိပါသည်။ အငြိမ်းစားဝန်ထမ်းများအနေဖြင့် ပင်စင်လစာထုတ်ယူခြင်းကို လစဉ် ရုံးဖွင့်ရက်(၂၁)ရက်နေ့ တစ်ရက်တည်းတွင်သာ စုပြုံထုတ်ယူရန် မလိုအပ်ဘဲ မိမိအဆင်ပြေမည့် အခြားဘဏ်ဖွင့်သည့်ရက်များတွင်လည်း လွယ်ကူအဆင်ပြေစွာ ထုတ်ယူနိုင်ရန် ဆောင်ရွက်ပေးထားပြီးဖြစ်ပါသည်။

၂။ နိုင်ငံ့ဝန်ထမ်းများ၏ လစာနှင့်စရိတ်များ ထုတ်ယူနိုင်ရန် ဌာနဆိုင်ရာများအနေဖြင့် သတ်မှတ်ထားသည့် နေ့ရက်များအတိုင်း ပုံမှန်လစာထုတ်ယူနိုင်ရေးကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၃။ အငြိမ်းစားဝန်ထမ်းများအနေဖြင့် ပင်စင်လစာငွေများအား လစဉ်(၂၁)ရက် တစ်ရက်တည်းတွင်သာ စုပြုံထုတ်ယူခြင်းအစား လစဉ်(၂၁) ရက်နောက်ပိုင်း ဘဏ်ဖွင့်သည့်ရက်များတွင် ထုတ်ယူခြင်း၊ Mobile Money စနစ် အသုံးပြု၍ နီးစပ်ရာ Mobile Agent များတွင် ထုတ်ယူခြင်းတို့ကို အဆင်ပြေစွာ ထုတ်ယူနိုင်ပါကြောင်း အသိပေးပန်ကြားအပ်ပါသည်။

**မြန်မာ့စီးပွားရေးဘဏ်**

# ကနေ့ကောလာဟလ

စာချစ်သူ

ညအိပ်ရာဝင်လျှင် ဖတ်ရှုရန် အိပ်ရာဘေးတွင် စီထားသော စာအုပ်များကို ယနေ့မဖတ်နိုင်တော့ပြီ။ လက်တလော ချင်ခြင်းတပ်၊ အာသီသပြင်းပြနေသော စာအုပ်က လွန်ခဲ့သည့် ၄၅ နှစ်၊ ၁၉၇၆ ခုနှစ် ဇန်နဝါရီလက ထုတ်ဝေခဲ့သော "ကနေ့ကောလာဟလ" စာအုပ်လေးပါ။

ဒီစာအုပ်လေးကို ပြန်လည်အမှတ်ရ ဖတ်ရှုလိုသည့် အကြောင်းရင်းကလည်း ကနေ့ကောလာဟလများကြောင့်။ လူမှုကွန်ရက်ထက်တွင် တစ်နေ့တစ်မျိုးမရိုးနိုင်လောက်အောင် ရေးကြ၊ တင်ကြသော သတင်းလိမ်၊ သတင်းမှား ကောလာဟလများကြောင့် ရိုးသားသော ပြည်သူများသည် အထိတ်တလန့် ကျိုးလန့်စာစား ဖြစ်နေကြရခြင်းကြောင့် ဖြစ်သည်။


အထူးသဖြင့် ကျွန်တော့်အစ်မများ။

သူတို့က ဘဏ်လုပ်ငန်းများနှင့် ပတ်သက်သည့် ကောလာဟလများကြောင့် အထိတ်တလန့် ဖြစ်ကြသည်။ သူတို့ချွေးနဲ့စာဖြင့် ရှာဖွေစုဆောင်းထားသော ငွေကြေးလေးများအတွက် စိုးရိမ်သောကဖြစ်ကြသည်။ သူတို့က စာတိုပေစ ဖတ်ရှုလေ့လာတတ်သူ ကျွန်တော့်ကို သူတို့လူမှုကွန်ရက်တွင် ဖတ်ရသော၊ ရပ်ကွက်ထဲတွင်ကြားရသောကောလာဟလသတင်းများနှင့်ပတ်သက်၍ မေးတတ်မြန်းတတ်ကြသည်။

ကျွန်တော့်အစ်မများအပါအဝင် ရိုးသားသော ပြည်သူအများစုသည် နေ့စဉ်နေ့တိုင်း မရိုးအီနိုင်သော ကနေ့ကောလာဟလ၏ သားကောင်များ ဖြစ်မှန်းမသိ ဖြစ်လာလေသည်။

သို့နှင့် ယနေ့ည "ကနေ့ကောလာဟလ" စာအုပ်လေးကို စာအုပ်ပုံထဲက ပြန်လည်ရှာဖွေဖတ်ရှုဖြစ်သည်။ စာအုပ်လေးက ကျွန်တော့်အသက်နှင့် မတိမ်းမယိမ်းဖြစ်၍ အတော်ပင်ဟောင်းနွမ်းလေပြီ။ အဖုံးပင်ပြုတ်မတတ်၊ သို့တစေ ဟောင်းပင်ဟောင်းသော်လည်း ကောင်းနေဆဲ၊ တန်ဖိုးကြီးဆဲ၊ "ကနေ့"ဟူသည့် အသုံးအနှုန်းနှင့်အညီ ခေတ်မီနေဆဲ။ နည်းပညာပြောင်းလဲမှုကြောင့် ကောလာဟလ ဖြန့်ချိရာ ကြားခံဝါဒဖြန့်ချိရေးယန္တရားသာ ပြောင်းသွားသော်ငြား ကောလာဟလ၏ သဘောတရားက မပြောင်း။

ဆောင်းပါးများကလည်း ထိုခေတ်ထိုအခါက နာမည်ကြီးစာရေးဆရာ၊ သတင်းစာဆရာကြီးများ ဖြစ်ကြသော တက်တိုး၊ ဇဝန၊ မောင်သစ္စာ၊ ဇင်လင်း၊ ထီးချိုင့်မောင်၊ ဟံသာဝတီအယ်ဒီတာအဖွဲ့နှင့် သက်ဆိုင်ရာသတင်းစာများမှ အယ်ဒီတာချုပ်များ ဖြစ်ကြလေသည်။




### ကောလာဟလ စိုက်ပျိုးနည်းသုံးမျိုး

ဆရာကြီးတက်တိုးက ၁၉-၂-၁၉၇၅ ရက်စွဲပါ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာတွင် ရေးသားဖော်ပြခဲ့သော "ကောလာဟလ၏သဘောနှင့်သတ္တိ" ဆောင်းပါးတွင် ထိုခေတ်ထိုအခါက ကောလာဟလ စိုက်ပျိုးနည်းသုံးမျိုးကို ဖော်ပြထားသည်။

**"ပထမနည်း။** ။ သင်နှင့် သင့်မိတ်ဆွေတိုင်ပင်ပြီး မြို့ပတ်မီးရထားတွဲတစ်တွဲထဲသို့ တံခါးနှစ်ခုမှခွဲ၍ဝင်၊ လူပြည့်ကျပ်ချိန် အကောင်းဆုံးအချိန်မှာ မနက်ရုံးတက်ချိန်၊ မျိုးချချင်သည့် ကောလာဟလ သတင်းကို တစ်ယောက်က တစ်ယောက်ကို လှမ်းပြော။ ယင်းသတင်းနှင့်ပတ်သက်ပြီး အနည်းငယ်ဆွေးနွေး။ နောက်ဘူတာတွင် အသီးသီးဆင်းသွားကြ။ နောက်ရထားတစ်စင်းပေါ်တက်ပြီး ထိုလုပ်ငန်းစဉ်အတိုင်း ထပ်လုပ်။ သင်လွှင့်လိုက်သော ကောလာဟလ ပြန့်သွားလေမည်မှာ သေချာသည်။

၁၉၃၄ ခုနှစ်က ကမ္ဘာကျော် ချက်စတားဖီးလ်ဒ်စီးကရက်စက်ရုံတွင် အနူတစ်ယောက် ဝင်ရောက်လုပ်ကိုင်နေသော ကောလာဟလကို ပထမနည်းဖြင့် ဖြန့်လိုက်ရာ ထိုစီးကရက်များရောင်းရန္ဒန်း ထိုးကျသွားသဖြင့် နှစ်အတော်ကြာသည့်တိုင်အောင် နာလန်ထူ ယူရလေသည်။

**ဒုတိယနည်း။** ။ ကျောင်း၊ စက်ရုံ၊ သင်္ဘောစသည့် လူအများစုရုံးလိုက်ပါရသော ယာဉ်များ၊ နေရာများတွင် ယင်းတို့နှစ်ဦး တီးတိုးပြောကြ။ ကောလာဟလသတင်းကို ဘေးနားက လူများကြားသည့်အခါ သူတို့က အနီးအနားက လူတွေကို တီးတိုးပြန်ပြောကြ။ သို့နှင့်ပင် မိမိချလိုက်သော ကောလာဟလ မျိုးစေ့သည် အောင်သွားလေတော့သည်။

**တတိယနည်း။** ။ ကောလာဟလကို သတင်းစာတွင် သတင်းအဖြစ်ထည့်လိုက်ပါ။ တကယ်သတင်းဖြစ်သွားတော့သည်။ ကောလာဟလကို ကောလာဟလမှန်းသိလျက်နှင့် သတင်းစာက ထည့်လေ့မရှိပေ။ သို့သော် မည်သို့မျှရည်ရွယ်ရင်းမရှိဘဲ အမှတ်မထင်ပါသွားတတ်သည်။ လန်ဒန်မြို့အနီးရှိ ဆလောင်းအမည်ရှိသော မြို့ကလေး၌ ထုတ်ဝေသော သတင်းစာတစ်စောင်တွင် ရုရှားနိုင်ငံဆိုက်ဗေးရီးယားပြည်နယ်၌ အလုပ်သမားသပိတ်ဖြစ်ပွားသဖြင့် ဆားတွင်းများ ပိတ်ထားရသည့်သတင်းကိုထည့်စဉ် သတင်းအယ်ဒီတာက ဆားရှားဖွယ်ရှိကြောင်းဟူသော ထင်မြင်ချက်ကို ရေးထည့်လိုက်မိသဖြင့် တစ်မြို့လုံးရှိဆိုင်များမှ ဆားကို အပြေးအလွှားဝယ်ကြသဖြင့် ဆားပြတ်ပြီး တကယ်တမ်း ဆားရှားသွားလေသည်"ဟု ဆရာကြီးက ရေးသားဖော်ပြခဲ့၏။

တစ်ဆက်တည်းမှာပင် ပစ္စက္ခ ယနေ့တိုင်ခေတ်မီဆဲဖြစ်သော ကောလာဟလ၏ သဘောနှင့် သတ္တိကို ဆရာကြီးက ခွဲခြမ်းစိတ်ဖြာဖော်ပြထားလေသည်။

### အပြိုင်အဆိုင် ပေါ်ပေါက်

**"ကောလာဟလသည် အရေးပေါ်အခြေအနေမျိုးတွင် အပြိုင်အရိုင်း ပေါ်ပေါက်တတ်သည်။ အခြေအနေကို လူများစုက ပြည့်စုံစွာ မသိကြရသည်နှင့်အမျှ သိချင်စိတ်တက်ကြွလျက်ရှိသည်။ မတည်ငြိမ်သော အခြေအနေကြောင့် သတင်းစုံလင်စွာ ထုတ်လုပ်ပေးနိုင်ရန် မဖြစ်ချေ။ လူများက သတင်းကို အများကြီးလိုသည်။ သတင်းအများကြီးကိုလည်း မပေးနိုင်ကြချေ။ ထိုလိုကွက်ကို ကောလာဟလက ဖြည့်တင်းပေးသည်။ မသမာသူတို့က မျိုးချ၍ ကောလာဟလသတင်းအမျိုးမျိုး ပျံ့နှံ့စေသည်။**

"ကောလာဟလသတင်းများသည် မလိုမုန်းထား၍ အသရေနှင့်သိက္ခာတို့ကို ဖျက်ဆီးလိုသောဆန္ဒမှ ပေါ်ပေါက်လာသည်က များသည်။ ကောလာဟလနှင့် ပတ်သက်သော စိတ်ပညာကျမ်းတွင် အာဃာတကောလာဟလတို့သည် မဖြစ်ဘဲနေသည်ကို ဖြစ်စေလို သော ဆန္ဒမှ ပေါက်ဖွားလာသည်ဆို၏။

**"ကောလာဟလသတင်းများတွင် အချို့မှာ အခြေအမြစ်လုံးဝမရှိ။ လွှင့်သူက အာဃာတစိတ်ထားဖြင့် တစ်ဖက်သားပျက်စီးစေလိုသော စေတနာကြောင့်သာ ပေါ်ပေါက်လာကြသည်။ ကောလာဟလ၏ သဘောသတ္တိမှာ ပြန့်ပွားသည်နှင့်အမျှ ကြီးလာတတ်သည်။ သာမန်အဓိပ္ပာယ်များမှ မလိုလားအပ်သော၊ ကြီးမားသော အဓိပ္ပာယ်မျိုး ပေါ်ပေါက်လာတတ်သည်"ဟု သုံးသပ်ရေးသားထားသည်။**

စာမျက်နှာ ၂၁ သို့ ❖

❖ **၁၈-၁၂- ၁၉၇၄ ရက်နေ့ထုတ် ဗိုလ်တထောင်သတင်းစာတွင် ဆောင်းပါးရှင် မောင်သစ္စာက " လူတို့သည် အခြေအနေတစ်ရပ် သို့မဟုတ် လှုပ်ရှားမှုတစ်ခု ရှုပ်ထွေးလာပြီဆိုပါက ထင်ကြေးပေး၍ အမျိုးမျိုးပြောဆိုဝေဖန်ကြလေ့ရှိသည်။ ဖြစ်ရပ်မှန်ကို သိလိုသော သုံးသပ်အကဲဖြတ်လိုသောသဘောဖြင့် တစ်ဆင့်စကားတစ်ဆင့်ကြားများကို ပြောဆိုဖလှယ်ကြကုန်သည်။ ဤသည်မှာ မလွန်ဆန်နိုင်သော ဓမ္မတာပါတည်း။**

❖ **"အမှန်တရားကို ရှာဖွေလက်ဆင့်ပွားကြပါမူ တော်သေးသည်။ မည်သည့်အန္တရာယ်မျှလည်း မဖြစ်နိုင်။ သို့သော် တကယ့်ဖြစ်ရပ်သည် ဤသို့မဟုတ်ပါချေ။ ရိုးသားစွာ သတင်းဖလှယ်ကြ၊ ဝေဖန်သုံးသပ်ကြသူများရှိသကဲ့သို့----**

**(၁) နိုင်ငံရေးကျားကွက် ကစားလိုသူများက အခြေအနေများ ပိုမိုရှုပ်ထွေးအောင် လည်းကောင်း၊**

**(၂) ဖောက်ပြန်ရေးဘက်တော်သားများက ပြည်သူများတွေဝေအောင် ဝါဒဖြန့်၍ လည်းကောင်း၊**

**(၃) စီးပွားရေး အမြတ်ထုတ်လိုသူများက ပြည်သူလူထု တုန်လှုပ်ချောက်ချားအောင်နှင့် ဈေးများ ကမောက်ကမ ဖြစ်အောင် လည်းကောင်း၊**

**(၄) ပွဲလန့်လျှင် ဖျာခင်းလိုသူများက ပြည်သူလူထု ဖရိုဖရဲဖြစ်အောင်လည်းကောင်း အမျိုးမျိုးသတင်းလွှင့်ကြကုန်သည်" ဟူ၍ " လာသမျှ ကောလာဟလ ဆီးပြီး တိုက်ခိုက်ချေဖျက်ကြ" ခေါင်းစဉ်ဖြင့် ရေးသားခဲ့။**

**❖ စာမျက်နှာ ၂၀ မှ**

ဆရာကြီးဇဝနက ၁-၃-၁၉၇၅ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် “မယုံထိုက်သော စကားတို့ကို ယုံမှားခဲ့မိကြ၍” ခေါင်းစဉ်ဖြင့် ရေးသားခဲ့သည့် ဆောင်းပါးကလည်း သင်ခန်းစာယူစရာပင်-

ဆရာကြီးက ဆောင်းပါးအဖွင့်တွင် “ကောလာဟလ၏ သားကောင်များ”ဟု စဖွင့်သည်။ ပြီးမှ “သူတို့ကိုတော့ သည်လိုပဲ နာမည်ပေးရလိမ့်မည်၊ သူတို့ဆိုသည်မှာ ခရမ်းမြို့မှ ကျောင်းသားငါးဦးနှင့် ကျောင်းသူနှစ်ဦးဖြစ်ကြသည်။ လွန်ခဲ့သည့် ဒီဇင်ဘာလအတွင်းက တက္ကသိုလ်နယ်မြေတွင် ဆူပူလှုပ်ရှားမှုများဖြစ်ခဲ့ရာတွင် ရဲတပ်ဖွဲ့ဝင်များက ဝင်ရောက်ထိန်းသိမ်းခဲ့ရသည်။

“ခရမ်းမြို့မှ ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်ပညာသင်ကြားနေသော ကျောင်းသားတစ်ဦး အသတ်ခံရသည့်အထဲတွင် ပါဝင်သည်ဟူသော သတင်းတစ်ရပ်သည် ခရမ်းမြို့ပေါ်တွင် ပေါ်ထွက်လာသည်။ သတင်းဖြန့်သူက အဖျက်သမားတစ်ဦး ဖြစ်လေသည်။

“ထိုကောလာဟလသတင်းဖြန့်သူ အဖျက်သမားက ကျောင်းသားများကို စည်းရုံးသည်။ ကျောင်းသား ၅၀၀၀ တောခိုကုန်ကြပြီး လက်နက်အပြည့်အစုံနှင့် သထုံမြို့အနီး ဒုံးဝန်းတစ်ဝိုက်တွင် ရှိနေကြသည်ဟု ဆိုသည်။

“ဤတွင် ခရမ်းမှ လမ်းစဉ်လူငယ်အမာခံ ကျောင်းသူနှစ်ဦး၊ ကျောင်းသား ငါးဦးနှင့် သူတို့၏ အပေါင်းအသင်း အစိုးရဝန်ထမ်းသုံးဦး စုစုပေါင်း ၁၀ ဦးတို့သည် တောခိုပြီး အစိုးရကို တော်လှန်ပုန်ကန်ရန် ဆုံးဖြတ်ကြသည်။ မိမိတို့၏ လက်မောင်းမှ သွေးများကို ဖောက်ထုတ်သောက်မျိုပြီး သစ္စာဆိုကြသည်။ သည်နောက်တွင် သူတို့သည် တောခိုရန် ခရမ်းမြို့မှ ထွက်ခွာလာကြသည်။

“သို့သော် သူတို့အား သွေးထိုးလှုံ့ဆော်ပေးခဲ့သူသည် မှုမမှန်သည့်အလုပ်ကို လုပ်သူဖြစ်သည့် အလျောက် သူတို့နှင့် အတွေ့မခံတော့ဘဲ ရုတ်ရုတ်သဲသဲဖြစ်ရုံမျှ သူတို့ကို လှုံ့ဆော်ပေးခဲ့ပြီးနောက် အခြားကျောင်းသားကျောင်းသူ လူငယ်များကို သွေးထိုးပေးရန် အရပ်တစ်ပါးသို့ ထွက်ခွာသွားခဲ့လေပြီ။

“ထိုအဖျက်သမားကား ကျင်လည်ပါးနပ်စွာ တိမ်းရှောင်သွားလာနိုင်လျက်ရှိသော်လည်း သူ သွေးထိုးပေးခဲ့သည်ကို အဟုတ်ထင်ပြီး တောခိုရန် ထွက်လာကြသူ ကျောင်းသူနှစ်ဦးအပါအဝင် လူငယ် ၁၀ ဦးတို့မှာ ပဲခူးမှ ထွက်စမှာပင် အဖမ်းခံကြရလေတော့သည်။

“ထိုလူငယ် ၁၀ ဦးသည် ယင်းသို့ အဖမ်းခံရသည့်အချိန်အထိ သူတို့ကြားရသည့် ကောလာဟလသတင်းကို ယုံကြည်နေကြသေးသည်။ အင်းစိန်အကျဉ်းစခန်းသို့ ရောက်တော့မှ လုံ့စွပ်ဖြင့် ထိုးသတ်ခံရ၍ သေပြီဟု ကြားသိထားရသူကို ထိုစခန်းတွင် တွေ့ကြရကာ အံ့အားသင့်ကြရတော့သည်။ ထိုအခါမှ သူတို့၏ အမှားကို သူတို့သိမြင်လာကြလေတော့သည်။

“ယနေ့ ကျောင်းသူနှစ်ဦးနှင့် ကျောင်းသား ငါးဦးကို အင်းစိန်ထောင်မှ လွှတ်လိုက်လေပြီ။ သူတို့သည် အပြင်မထွက်မီ မိမိတို့၏ အမှားကို လူကြီးများရှေ့တွင် ဝန်ခံပြောဆိုကြသည်။ ထို့နောက် မည်သူမျှ ပြောဆိုတိုက်တွန်းရခြင်းမရှိဘဲ လူကြီးများကို ထိုင်၍ကန်တော့ကြသည်။

“အဖျက်သမားတို့ကမူ ယခုထက်တိုင် ကောလာဟလသတင်းများကို လွှင့်နေကြဆဲ ဖြစ်သည်။ ကောလာဟလကို ယုံသူတို့က ယုံကြည်နေကြသေးသည်။ သူတို့ကို ကောလာဟလ၏ သားကောင်များအဖြစ် သနားရုံမှလွဲ၍ အခြားဘာမျှ တတ်နိုင်ကြမည်မဟုတ်ပေ”ဟု ရေးသားဖော်ပြခဲ့လေ၏။

၁၈-၁၂-၁၉၇၄ ရက်နေ့ထုတ် ဗိုလ်တထောင် သတင်းစာတွင် ဆောင်းပါးရှင် မောင်သစ္စာက **“ လူတို့သည် အခြေအနေတစ်ရပ် သို့မဟုတ် လှုပ်ရှားမှုတစ်ခု ရှုပ်ထွေးလာပြီဆိုပါက ထင်ကြေးပေး၍ အမျိုးမျိုးပြောဆိုဝေဖန်ကြလေ့ရှိသည်။ ဖြစ်ရပ်မှန်ကို သိလိုသော သုံးသပ်အကဲဖြတ်လိုသော သဘောဖြင့် တစ်ဆင့်စကားတစ်ဆင့်ကြားများကို ပြောဆိုဖလှယ်ကြကုန်သည်။ ဤသည်မှာ မလွန်ဆန်နိုင်သော ဓမ္မတာပါတည်း။**

**“အမှန်တရားကို ရှာဖွေလက်ဆင့်ပွားကြပါမူ တော်သေးသည်။ မည်သည့်အန္တရာယ်မျှလည်း မဖြစ်နိုင်။ သို့သော် တကယ့်ဖြစ်ရပ်သည် ဤသို့မဟုတ်ပါချေ။ ရိုးသားစွာ သတင်းဖလှယ်ကြ၊ ဝေဖန်သုံးသပ်ကြသူများရှိသကဲ့သို့----**

(၁) နိုင်ငံရေးကျားကွက် ကစားလိုသူများက အခြေအနေများ ပိုမိုရှုပ်ထွေးအောင်လည်းကောင်း၊

(၂) ဖောက်ပြန်ရေး ဘက်တော်သားများက ပြည်သူများတွေဝေအောင် ဝါဒဖြန့်၍လည်းကောင်း၊

(၃) စီးပွားရေး အမြတ်ထုတ်လိုသူများက ပြည်သူလူထု တုန်လှုပ်ချောက်ချားအောင်နှင့် ဈေးများ ကမောက်ကမဖြစ်အောင်လည်းကောင်း၊

(၄) ပွဲလန့်လျှင် ဖျာခင်းလိုသူများက ပြည်သူလူထု ဖရိုဖရဲဖြစ်အောင်လည်းကောင်း အမျိုးမျိုးသတင်းလွှင့်ကြကုန်သည်” ဟူ၍ “ လာသမျှကောလာဟလ ဆီးပြီး တိုက်ခိုက်ချေဖျက်ကြ” ခေါင်းစဉ်ဖြင့် ရေးသားခဲ့လေ၏။

**☆ ၂၀-၁-၁၉၇၅ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဆောင်းပါးရှင် ထီးချိုင့်မောင်က “ ယခုလည်း အခြေအနေကို ရှုပ်ထွေးအောင်လုပ်နေကြပြန်သည်။ ကုလသမဂ္ဂတပ်တွေလာတော့မည် အသင့်ပြင်ထားကြဟုတစ်မျိုး၊ ဘယ်နေ့တွင် ဗုံးလာကြဲမည် ရှောင်နေကြဟုတစ်ဖုံ စသည် စသည်ဖြင့် ပြည်ပအားကိုး ဝါဒဖြန့်ကြပြန်။**

**☆ “ကုလသမဂ္ဂနှင့် သို့လျှင် ပတ်သက်ပါမည်နည်း။ ဤအရေးသည် ကမ္ဘာ့ငြိမ်းချမ်းရေး လုံခြုံရေးကို မထိခိုက်၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ အငြင်းမပွား၊ တစ်နိုင်ငံကတစ်နိုင်ငံကို ကျူးကျော်ခြင်းလည်းမဟုတ်။ တရားဥပဒေစိုးမိုးရေးနှင့် အများပြည်သူ ငြိမ်းချမ်းသာယာရေးအတွက် လုပ်ဆောင်သော ပြည်တွင်းရေးသက်သက်သာဖြစ်သည်” ဟု “ယုတ္တိကင်းသော ကောလာဟလ” ခေါင်းစဉ်ဖြင့် ထိုခေတ်ထိုအခါက ပေါ်ပေါက်ခဲ့ဖူးသော ကောလာဟလသတင်းတစ်ရပ်ကို ဖော်ပြ၍ သုံးသပ်ဆွေးနွေးခဲ့။**

၂၂-၂-၁၉၇၅ ရက်နေ့ထုတ် လုပ်သားပြည်သူ့နေ့စဉ်သတင်းစာတွင်မူ ဆောင်းပါးရှင် ဇင်လင်းက “ကောလာဟလ၏ သဘောသဘာဝ” ခေါင်းစဉ်ဖြင့် ဖြစ်ပေါ်ခဲ့သော ကောလာဟလသတင်းအမျိုးအစားများကို ခြုံငုံ၍ သုံးမျိုးသုံးစား ခွဲခြားသုံးသပ်ရေးထားသည်။

ကြောက်ရွံ့စိုးရိမ်မှုမှ ပေါ်ပေါက်လာသော ကောလာဟလသတင်း၊ မုန်းတီးရွံရှာစက်ဆုပ်ခြင်းမှ ပေါ်ပေါက်လာသော ကောလာဟလသတင်း၊ မျှော်လင့်တမ်းတခြင်းမှ ပေါ်ပေါက်လာသော ကောလာဟလသတင်းများ ဖြစ်သည်” ဟု ဆို၏။

တစ်ဆက်တည်းမှာပင် ကောလာဟလ သတင်းများကို ချေဖျက်နိုင်ရန် “ပြဿနာ၏ အရင်းခံကို ပစ်မှတ်ပရိသတ်နားလည်စေရန် ဖြေရှင်းချက်နှင့် ရှင်းလင်းတင်ပြခြင်း၊ ရန်သူ့ကောလာဟလ ညွှတ်ကွင်းသို့မသက်ဆင်းမိစေရန် နည်းလမ်းမျိုးစုံဖြင့် ပညာပေးခြင်း၊ ကောလာဟလသတင်း၏ အခြေအမြစ်ကို အမြန်ဆုံးဖော်ထုတ်ချေဖျက်ခြင်း” နည်းလမ်းသုံးသွယ်ကို အချိန်အခါနှင့် အခြေအနေအရ အသုံးပြုသွားရမည်ဟု ဆို၏။

၂၀-၁-၁၉၇၅ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ဆောင်းပါးရှင် ထီးချိုင့်မောင်က “ ယခုလည်း အခြေအနေကို ရှုပ်ထွေးအောင်လုပ်နေကြပြန်သည်။ ကုလသမဂ္ဂတပ်တွေ လာတော့မည် အသင့်ပြင်ထားကြဟုတစ်မျိုး၊ ဘယ်နေ့တွင် ဗုံးလာကြဲမည် ရှောင်နေကြဟု တစ်ဖုံ စသည် စသည်ဖြင့် ပြည်ပအားကိုး ဝါဒဖြန့်ကြပြန်သည်။

“ကုလသမဂ္ဂနှင့် သို့လျှင်ပတ်သက်ပါမည်နည်း။ ဤအရေးသည် ကမ္ဘာ့ငြိမ်းချမ်းရေး လုံခြုံရေးကို မထိခိုက်၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ အငြင်းမပွား၊ တစ်နိုင်ငံက တစ်နိုင်ငံကို ကျူးကျော်ခြင်းလည်း မဟုတ်။ တရားဥပဒေစိုးမိုးရေးနှင့် အများပြည်သူ ငြိမ်းချမ်းသာယာရေးအတွက် လုပ်ဆောင်သော ပြည်တွင်းရေး သက်သက်သာဖြစ်သည်”ဟု “ယုတ္တိကင်းသော ကောလာဟလ” ခေါင်းစဉ်ဖြင့် ထိုခေတ် ထိုအခါက ပေါ်ပေါက်ခဲ့ဖူးသော ကောလဟလသတင်း တစ်ရပ်ကို ဖော်ပြ၍ သုံးသပ်ဆွေးနွေးခဲ့ပါ၏။

ယခင်က လမ်းဘေးစာအုပ်အဟောင်းတန်းလေးတွင် ဝယ်ပြီး အပေါ်ယံရှုပ်ဖတ်ခဲ့သော “ကနေ့ကောလာဟလ” စာအုပ်ငယ်လေးက ယခုသေချာစေ့ငုဖတ်ကြည့်တော့ တန်ဖိုးရှိလေစွ။ ဆရာကြီးဇဝန ဆောင်းပါးထဲကလို ကောလာဟလ၏ သားကောင်မဖြစ်ဖို့ အလင်းပြနေသည့် ခေတ်အဆက်ဆက် လမ်းပြမြေပုံလေးပါတကား။ ။

# ဈေးကွက်ဝင် အရည်အသွေးကောင်းစပါးမျိုးသစ်များရရှိရန် သုတေသနလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၃**

စိုက်ပျိုးရေးသုတေသနဦးစီးဌာန စပါးသီးနှံသုတေသနဌာနခွဲ စပါးသီးနှံသုတေသနဗဟိုဌာနသည် မြန်မာနိုင်ငံ၏ရေ၊ မြေ၊ ဒေသအသီးသီးအတွက် သင့်လျော်ပြီး အထွက်ကောင်း၍ ရောဂါပိုးမွှားဒဏ်ခံနိုင်သော စပါးမျိုးသစ်များ ပြောင်းလဲလာသောရာသီဥတုနှင့် လိုက်လျောညီထွေမှုရှိသည့် စပါးမျိုးသစ်များ၊ ဈေးကွက်ဝင် အရည်အသွေးကောင်း စပါးမျိုးသစ်များနှင့် အာဟာရဓာတ်ပြည့်ဝသော စပါးမျိုးသစ်များရရှိရန်အတွက် သုတေသနလုပ်ငန်းများအား စဉ်ဆက်မပြတ် အကောင်ထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ၂၀၂၀-၂၀၂၁ ခုနှစ်အတွင်း အစားအစာဖူလုံရေးနှင့် အာဟာရပြည့်ဝစေရေးအတွက် မျိုးသစ်များ မွေးမြူထုတ်လုပ်ရန် Project သုံးခု ၊ Activities ၄၀ ဖြင့်လည်းကောင်း၊ ရေရှည်တည်တံ့သော စိုက်ပျိုးရေးအတွက် ခံနိုင်ရည်ရှိသော မျိုးသစ်များ မွေးမြူထုတ်လုပ်ရန်အတွက် Project လေးခု၊ Activities ၄၇ ခု ဖြင့်လည်းကောင်း သုတေသနပြု ဆောင်ရွက်လျက်ရှိကြောင်း။

အဆိုပါ စပါးသုတေသနလုပ်ငန်းများကို စပါးသီးနှံသုတေသနဗဟိုဌာနမှ ဒေါက်တာစန္ဒာမိုးနှင့်အဖွဲ့က အဆင့်မြင့်မျိုးကူးစပ်ခြင်းနည်းလမ်း (Advanced Breeding Methods) များဖြင့် သုတေသနပြု ဆောင်ရွက်လျက်ရှိပြီး အရည်အသွေးကောင်း၊ အထွက်ကောင်း၊ သက်လျှင် ရေအနည်းလို စပါးမျိုးသစ်များ ရှာဖွေခြင်းသုတေသနမှ YN- 3473၊ YN- 3474၊ YN-3475 နှင့် YN-3479 စသော အလားအလာကောင်းသော မျိုးတွဲများရရှိနေပြီဖြစ်ကြောင်း။

အလားအလာကောင်းသည့် မျိုးလိုင်းသစ်များသည် စိုက်ပျိုးရေမလုံလောက်သော ဒေသများအတွက် သာမန်စပါးမျိုးများ ရေလိုအပ်ချက်ထက် (၃၀-၅၀%) ခန့်အထိ လျှော့ချနိုင်ပြီး မီသိန်းဓာတ်ငွေ့ကိုလည်း လျှော့ချနိုင်သောကြောင့် သဘာဝအရင်းအမြစ်ချွေတာနိုင်သည့်အပြင် စပါးစိုက်ပျိုးထုတ်လုပ်ခြင်းမှ ဖြစ်ပေါ်နိုင်သည့် သဘာဝပတ်ဝန်းကျင်အတွက် ဆိုးကျိုးများကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထိုစပါးမျိုးများကို ပျိုးနှုတ်ကောက်စိုက်လျက်ရှိသော စိုက်ခင်း၌ ကြီးကြပ်နေသည့် သုတေသနပညာရှင်များအား ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်းက ယခုအခါ ရာသီဥတုပြောင်းလဲလာပြီး မိုးရွာသွန်းမှုနည်း၍ စိုက်ပျိုးရေရှားပါးလာသောကြောင့် အဆိုပါ အလားအလာကောင်း ရေအနည်းလို စပါးမျိုးမွေးမြူရွေးချယ်ခြင်း သုတေသနများသည် စိုက်ပျိုးရေမလုံလောက်သော မိုးစပါးစိုက်ဧရိယာများ၊ ဆည်ရေသောက်ဧရိယာများအတွက် များစွာအကျိုးပြုနိုင်ကြောင်း၊ ဈေးကွက်အခြေခံသော သုတေသနများအားလည်း ပိုမိုအားကောင်းစေရန် ဆောင်ရွက်သင့်ကြောင်း၊ သုတေသနနှင့် နည်းပညာပြန့်ပွားရေးချိတ်ဆက်မှုများဖြစ်သော သုတေသန၊ ပညာပေးခြင်းနှင့် တောင်သူများအကြားချိတ်ဆက်မှု (Research, Extension, Farmers Linkage) အားမျိုးနှင့် နည်းပညာများကို စမ်းသပ်ခြင်း (Technology Testing)မှ စတင်ကာ ချိတ်ဆက်မှသာလျှင် တောင်သူများ လက်ခံသုံးစွဲမှု ပိုမိုမြင့်မားလာစေမည် ဖြစ်ကြောင်း၊ တောင်သူများအနေဖြင့် မိမိတို့သုတေသနပြု ရရှိလာသည့် မျိုးနှင့် နည်းပညာများကို ပိုမိုလက်ခံသုံးစွဲလာရေးအတွက် သုတေသနနှင့် နည်းပညာပြန့်ပွားရေးချိတ်ဆက်မှု ဆောင်ရွက်နေခြင်းများ ပိုမိုအားကောင်းလာစေရန် ပြုပြင်ပြောင်းလဲဆောင်ရွက်သင့်သည်များကိုလည်း ပြုပြင်ပြောင်းလဲဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မှာကြားခဲ့သည်ဟု သတင်းရရှိသည်။

**သတင်းစဉ်**

# ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**ဘားအံ မတ် ၃**

ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများသည် မတ် ၂ ရက် နံနက်ပိုင်းက လှိုင်းဘွဲ့မြို့နယ် ထီလုံကျေးရွာ ဈေးရုံတည်ဆောက်ခြင်း၊ ထီလုံ-တာပေါင်-ပတ-နဘူး-ကော့ကရိတ်(တံတားကျိုး)လမ်းပေါ်ရှိ လမ်းတံတားလုပ်ငန်းများ ကြည့်ရှုစစ်ဆေးခြင်းအစရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ထီလုံဈေးရုံတည်ဆောက်ခြင်းလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ပြည်နယ်စည်ပင်သာယာရေးညွှန်ကြားရေးမှူး သူရမြင့်သူနှင့်တာဝန်ခံအင်ဂျင်နီယာတို့က ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် နှစ်ထပ်ဈေးရုံသစ် တည်ဆောက်နေမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဈေးရုံသစ် တည်ဆောက်ပြီးစီးပါက ဈေးဆိုင်ခန်းများအား စနစ်တကျနေရာ ချထားပေးနိုင်ရေး၊ ရေ၊ မီး အစရှိသည့် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး၊ သန့်ရှင်းသာယာလှပ၍ ဈေးအင်္ဂါရပ်နှင့်အညီ စီမံဆောင်ရွက်ပေးနိုင်ရေးတို့ကို ဖြည့်စွက်မှာကြားခဲ့ပြီး ဈေးရုံတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ထီလုံ-တာပေါင်-ပတ-နဘူး-ကော့ကရိတ်(တံတားကျိုး) လမ်းပိုင်း လမ်းတံတားလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ တံတားအထူးအဖွဲ့ (၁၄) မှ ဒုတိယညွှန်ကြားရေးမှူးဦးဇော်မိုးလွင်နှင့်လမ်းဦးစီးဌာနညွှန်ကြားရေးမှူး ဦးနန်းမြင့်အောင်တို့က အဆိုပါလမ်းပိုင်းတွင် လမ်းအထူးအဖွဲ့ (၂၂) နှင့် တံတားအထူးအဖွဲ့တို့က ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင်ဆောင်ရွက်မည့်လမ်းတံတားလုပ်ငန်းများအား ရှင်းလင်းတင်ပြရာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက သတ်မှတ်စံချိန်စံနှုန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန်မှာကြားခဲ့ပြီး သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းနှင့် ထီလုံ-တာပေါင်-ပတ-နဘူးလမ်း ၁၂ ပေအကျယ်မှ ၁၈ ပေအကျယ်ကတ္တရာလမ်းချဲ့ခြင်းလုပ်ငန်းခွင်တို့အား ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဝဲကင်းအံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုန္ဒရအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ဆက်လက်၍ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကော့ကရိတ်မြို့နယ် ထို့ကော်ကိုးဒေသသို့ သွားရောက်၍ KNU/KNLA ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌစောထော့လေး၊ အထွေထွေအတွင်းရေးမှူးဒေါက်တာနော်ကပေါ်ထူးနှင့်အဖွဲ့ဝင်များအားတွေ့ဆုံ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်ငါးရပ်ကို ရှင်းလင်းပြောကြားပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေရရှိရေး၊ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်မီးရရှိရေး အစရှိသောဒေသဖွံ့ဖြိုးရေးကဏ္ဍများကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြကာ သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည်ကော့ကရိတ်မြို့နယ်ကော့ပလံဘုန်းတော်ကြီးကျောင်းသို့ရောက်ရှိပြီး ဆရာတော် ဘဒ္ဒန္တခေမာစာရအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ကော့ပလံဘုန်းတော်ကြီးသင်ပညာရေးကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်ရန် အလှူငွေကျပ် သိန်း ၅၀၊ ပါးစပ်နှင့် နှာခေါင်းစည်း ၂၀၀၀၊ လက်သန့်ဆေးရည် ၁၄၄ ဘူးတို့ကို ဆက်ကပ်လှူဒါန်း၍ ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုကို ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**





# မိတ္ထီလာမြို့နယ်၌ စက်ချုပ်အခြေခံသင်တန်း(အခမဲ့) ဖွင့်လှစ်

**မိတ္ထီလာ မတ် ၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းမှ စက်ချုပ်နည်းပညာအခြေခံသင်တန်းကို မတ် ၃ ရက်မှစတင်၍ အခမဲ့ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း (မိတ္ထီလာ) မှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာပညာရပ်များပြန့်ပွားလာစေရန်၊ စက်ချုပ်နည်းပညာရပ်များကို အသုံးပြု၍ အဝတ်အထည်များ ဒီဇိုင်းလှပပြီး ဈေးကွက်ဝင်အထည်များအဖြစ် ထုတ်လုပ်လာနိုင်စေရန်၊ ကျေးလက်ဒေသရှိ အမျိုးသမီးငယ်လေးများ စက်ချုပ်နည်းပညာရပ်ကိုတတ်ကျွမ်းပြီး တစ်ပိုင်တစ်နိုင်လုပ်ငန်းငယ်များထူထောင်ပြီး မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ စက်ချုပ်နည်းပညာအခြေခံသင်တန်းကို မတ် ၃ ရက်မှ ဧပြီ ၂ ရက်အထိ နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ သင်တန်းသူ ၂၀ အား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသောလမ်းညွှန်ချက်များနှင့်အညီ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း မိတ္ထီလာမြို့နယ် ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးသာဝထံမှ သိရသည်။

အဆိုပါ စက်ချုပ်နည်းပညာအခြေခံသင်တန်းတွင် စက်ကိုင်တွယ်အသုံးပြုနည်းများ၊ စက်နင်းလေ့ကျင့်ခြင်းနှင့် အခြေခံချုပ်ရိုးများချုပ်ခြင်း၊ အမျိုးသမီးဝတ်ရင်စေ့အင်္ကျီ၊ နောက်ကွဲခါးတင်အင်္ကျီ၊ အမျိုးသမီးဝတ်ရင်ဖုံးအင်္ကျီ၊ စကတ်ချုပ်နည်းအမျိုးမျိုး၊ အတွန့်ပါဂါဝန်၊ ကလေးဝတ် ဘောင်းဘီရှည် စသည့်ဘာသာရပ်များကို စာတွေ့လက်တွေ့ သင်ကြားသွားမည်ဖြစ်သည်။

**သိန်းမြင့်ကျော်**
**(မိတ္ထီလာ)**

# ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တိုင်းဒေသကြီး/ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ပဲခူး မတ် ၃**

ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ယနေ့ မွန်းလွဲ ၂ နာရီက တိုင်းဒေသကြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို Online Meeting စနစ်ဖြင့် ကျင်းပရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်း တက်ရောက်ခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဖေဖော်ဝါရီ ၁၈ ရက်တွင် ဥပဒေအမှတ်(၈/၂၀၂၁)ဖြင့် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေအခန်း(၃)နှင့် အခန်း(၅)တို့ကို ရုပ်သိမ်းခဲ့ပြီးဖြစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေအရ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီမှ တိုင်းဒေသကြီး/မြို့နယ် စည်ပင်သာယာရေးအဖွဲ့များကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းပေးထားပြီးဖြစ်၍ စည်ပင်သာယာရေးလုပ်ငန်းများကို ထုတ်ပြန်ထားသည့် စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရှိန်အဟုန်မပြတ် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ အခက်အခဲများရှိပါကလည်း အချိန်နှင့်တစ်ပြေးညီ တင်ပြပေးရန်လိုအပ်ပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် စီမံကိန်းများ ဆောင်ရွက်ရာတွင် ပြည်သူ့ဘဏ္ဍာငွေများ အလေအလွင့်မရှိစေရန်နှင့် အလွဲသုံးစားမှု မဖြစ်ပေါ်စေရေး အဆင့်ဆင့်ကြီးကြပ်ဆောင်ရွက်သွားရန်၊ မိုးရာသီမရောက်မီ ပွင့်လင်းရာသီအတွင်း စည်ပင်သာယာရေးလုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေး ဆောင်ရွက်သွားရန် လိုအပ်ကြောင်းနှင့် ဝန်ထမ်းများအနေဖြင့် ထုတ်ပြန်ထားသော နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေနှင့်အညီ တာဝန်ကျေပွန်စွာ လိုက်နာဆောင်ရွက်သွားရန် လမ်းညွှန်အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်(၂)နှင့် အတွင်းရေးမှူးတို့က ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များ သုံးသပ်ခြင်းနှင့် စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်အချိန်ကာလအတွင်း စည်ပင်သာယာရေးလုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေး အကြံပြုဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသည့် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် မြို့နယ် ၂၈ မြို့နယ်ရှိ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိများက မြို့နယ်အလိုက် ပစ္စည်းတင်ဒါနှင့် လုပ်ငန်းတင်ဒါ ခေါ်ယူပြီးစီးမှု တင်ဒါအောင် ကုမ္ပဏီများနှင့် စည်ပင်သာယာရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် ဈေးများဖွင့်လှစ်ထားရှိမှုအခြေအနေ၊ အခွန်ရရှိမှုအခြေအနေများကို တင်ပြခဲ့ရာ ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းက လိုအပ်သည်များ ဖြည့်စွက်လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

အစည်းအဝေးသို့ ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်း၊ ကောင်စီဝင်(၂)၊ အတွင်းရေးမှူးနှင့် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



# ဒလမြို့နယ်၌ အသက် ၆၅ နှစ်အထက် သက်ကြီးဘိုးဘွားများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးစတင်ထိုးနှံပေး

**ရန်ကုန် မတ် ၃**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ အသက် ၆၅ နှစ်အထက် သက်ကြီးဘိုးဘွားများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ယနေ့ နံနက် ၉ နာရီမှ စတင်၍ မွန်းတည့် ၁၂ နာရီအထိ ဒလမြို့နယ် ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်ကြီးစံပြကျေးရွာရှိ တိုက်နယ်ဆေးရုံနှင့် ရခိုင်ချောင်ကျေးရွာရှိ တိုက်နယ်ဆေးရုံတို့တွင် စတင်ထိုးနှံပေးလျက်ရှိသည်။

ထိုသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းဆောင်ရွက်ရာတွင် ဆေးထိုးမည့်သူများအား ကနဦး ကိုယ်အပူချိန်တိုင်းတာခြင်း၊ သွေးပေါင်ချိန်ခြင်း၊ ကျန်းမာရေး စစ်ဆေးပေးခြင်းတို့ကို ဆောင်ရွက်စေပြီး ကျန်းမာရေးကောင်းမွန်သူများအား ကာကွယ်ဆေးထိုးနှံခြင်းကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ပြုလုပ်ပေးလျက်ရှိသည်။

### လာရောက်ထိုးနှံဖို့တိုက်တွန်း

မြို့နယ်ဆရာဝန်ကြီး ဒေါက်တာထွန်းဝင်းက ဒလမြို့နယ်အတွင်း အသက် ၆၅ နှစ်အထက် သက်ကြီးဘိုးဘွား စုစုပေါင်း ၁၀၀၀၀ နီးပါးခန့်ရှိကြောင်း၊ အဆိုပါသက်ကြီးရွယ်အိုများကို ပထမဦးဆုံးအကြိမ်အဖြစ် ကာကွယ်ဆေးထိုးခြင်းကို ယနေ့တွင် စတင်ပြီး မတ် ၅ ရက်အထိ ဆေးထိုးပေးသွားမည်ဖြစ်ကြောင်း၊ ဆေးထိုးစုရပ်များအနေဖြင့် မြို့နယ်ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်ကြီးစံပြကျေးရွာရှိ တိုက်နယ်ဆေးရုံနှင့် ရခိုင်ချောင်ကျေးရွာရှိ တိုက်နယ်ဆေးရုံစသည့် ဆေးရုံတို့တွင် အသီးသီးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယမန်နေ့က ကျန်းမာရေးဝန်ထမ်းများအား ဒုတိယအကြိမ်ကာကွယ်ဆေး ထိုးနှံပေးခဲ့ကြောင်း၊ သက်ကြီးရွယ်အိုများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး လာရောက်ထိုးနှံကြဖို့ တိုက်တွန်းအပ်ပါကြောင်း ပြောကြားသည်။

### အသက်အန္တရာယ်စိုးရိမ်ရ

ဆီးချို၊ သွေးတိုး၊ နှလုံး၊ ကင်ဆာစသည့် နာတာရှည်ရောဂါ အခံရှိသောသူများနှင့် ယင်းရောဂါများအတွက် သက်ဆိုင်ရာ ဆေးဝါးများသောက်သုံးနေရသောပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုး၍ရကြောင်း၊ ရောဂါအခံရှိနေသောသူများသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရလျှင် အသက်အန္တရာယ်စိုးရိမ်ရသောကြောင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးသင့်သောသူများဖြစ်ကြောင်း သိရသည်။



### ဆေးထိုးပြီး နာရီဝက်စောင့်ကြည့်

"အဘွားက သွေးတိုးအခံရှိတယ်၊ ဒီနေ့ သွေးပေါင်ချိန်တာ ပုံမှန်ပဲ၊ နှလုံးခုန်တာလည်းကောင်းတယ်၊ ဆေးထိုးလို့ရသွားတယ်၊ ပထမက စိုးရိမ်တာပေါ့နော်၊ သွေးတိုးရောဂါအခံရှိတယ်ဆိုတော့ ဆေးထိုးရင် တစ်ခုခုဖြစ်မလားဆိုပြီး တွေးပူမိတာပေါ့၊ ခုကာကွယ်ဆေးထိုးပြီးတော့ ထူးခြားမှု ရှိ၊ မရှိကို နာရီဝက်စောင့်ကြည့်တာဖြစ်ပါတယ်"ဟု လာရောက်ထိုးနှံသည့် အဘွားတစ်ဦးက ပြောကြားသည်။

### ကျန်းမာရေးစောင့်ရှောက်မှုပေး

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပြီးသူများအား ကာကွယ်ဆေးနှင့် ဓာတ်တည့်မှု ရှိ၊ မရှိနှင့် ပြင်းထန်သည့် ဘေးထွက် ဆိုးကျိုးများ ရှိ၊ မရှိအတွက် သတ်မှတ်နေရာများတွင် နာရီဝက်ခန့် စောင့်ကြည့်စေပြီး လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများကို မြို့နယ်ဆရာဝန်ကြီး ဒေါက်တာထွန်းဝင်းနှင့် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**နိုင်လင်းကျော်(IPRD)**

# အုန်းချောသီတဂူစက္ခုဒါနဆေးရုံ၌ လူနာများအား အပတ်စဉ် အခမဲ့ကုသပေး

**မန္တလေး မတ် ၃**

မန္တလေးမြို့ ပုသိမ်ကြီးမြို့နယ် အုန်းချောရွာ သီတဂူစက္ခုဒါနဆေးရုံတော်၌ အပတ်စဉ်ကြာသပတေးနေ့နှင့် တနင်္ဂနွေနေ့တို့တွင် အထွေထွေရောဂါ၊ သွားရောဂါများကို အခမဲ့ကုသပေးလျက်ရှိသည်။

သီတဂူ စက္ခုဒါနဆေးရုံသည် ၂၀၁၅ ခုနှစ်မှစတင်ကာ အထွေထွေရောဂါလူနာများအား ကြာသပတေးနှင့် တနင်္ဂနွေနေ့တို့တွင် အခမဲ့ ကုသပေးခြင်း၊ ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ နှစ်စဉ် အခမဲ့ မျက်စိခွဲစိတ်ကုသမှုများ ပြုလုပ်ပေးခြင်းများကို ပြုလုပ်လျက်ပြီး ခွဲစိတ်မှုများအတွက် မျက်စိခွဲစိတ်ဆရာဝန် ကိုးဦး၊ မျက်စိစမ်းသပ်ဆရာဝန် ငါးဦး၊ သူနာပြု ၂၀၊ စေတနာ့ဝန်ထမ်းအသင်းအဖွဲ့ ၁၂ ဖွဲ့တို့က ပူးပေါင်းဆောင်ရွက်သည်။



အဆိုပါဈေးရုံတော်၌ လူနာများအား အပတ်စဉ် အခမဲ့ကုသပေးရာတွင် လစဉ် ငွေစုစာအုပ်ဖြင့် လှူဒါန်းခြင်း၊ အခါအားလျော်စွာ လာရောက်လှူဒါန်းသောအလှူငွေများဖြင့် ကုသပေးခြင်းဖြစ်သည့်အတွက် အထွေထွေရောဂါများကုသနိုင်ရန်အတွက်အလှူငွေများ လှူဒါန်းလျက်ရှိသည်။

မျက်စိ အခမဲ့ စမ်းသပ်ခွဲစိတ်ကုသပေးခြင်းအတွက် မျက်စိအလင်းဒါနပြုလိုသူများအနေဖြင့် မျက်စိတစ်လုံးခွဲစိတ်ကုသခငွေကျပ် ၂၅၀၀၀ နှုန်းဖြင့် အုန်းချောသီတဂူစက္ခုဒါနဆေးရုံ ဦးဆောင်ဆရာတော် ဒေါက်တာသုန္ဒရ (Phd) ဖုန်း ၀၉-၇၇၇၇၅၂၉၄၅သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**နွေနဒီ(မြစ်ငယ်)**



# ပင်လောင်းမြို့နယ်အတွင်း ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးများထိုးနှံ

**ပင်လောင်း မတ် ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် မြို့ပေါ်ရပ်ကွက်အတွင်းရှိ အသက်တစ်နှစ်ခွဲအောက် ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးများထိုးနှံပေးခြင်းနှင့်ဆေးတိုက်ကျွေးခြင်းလုပ်ငန်းကို ယနေ့နံနက်ပိုင်းကမိခင်နှင့်ကလေးကျန်းမာရေးဌာန၌ ဆောင်ရွက်ခဲ့သည်။

အသက်တစ်နှစ်အောက် ကလေးငယ်များအား ပိုလီယို၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှော(ရိုတာ)၊ ပြင်းထန်အဆုတ်ရောင်(ပီစီဗီ)၊ ဆုံဆို့-ကြက်ညှာ-မေးခိုင်-အသည်းရောင်အသားဝါ(ဘီ)-ဦးနှောက်အမြှေးရောင်(ငါးမျိုးစပ်ကာကွယ်ဆေး)၊ ဂျပန်ဦးနှောက်ရောင်၊ ဝက်သက်-ဂျိုက်သိုးရောဂါ ပုံမှန်ကာကွယ်ဆေးများဖြစ်ပြီး ပင်လောင်းမြို့နယ်အတွင်းရှိ တိုက်နယ်ဆေးရုံများနှင့် ကျေးလက်ကျန်းမာရေးဌာနများမှ စုစုရပ်အသီးသီးတွင်လည်း ပုံမှန်ကာကွယ်ဆေးများထိုးနှံပေးခြင်းနှင့် ဆေးတိုက်ကျွေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကျေးရွာတွင်းလမ်း ကွန်ကရစ်ရေမြောင်းပြုလုပ်

**ဝန်းသို မတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် အောင်းပင်ကျေးရွာတွင် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ အတိုးရငွေဖြင့် ရွာတွင်းလမ်းများ လမ်းဘေးဝဲ/ယာတစ်လျှောက် ကွန်ကရစ်ရေ မြောင်းပြုလုပ်ခြင်းကို ကျေးရွာလူထုကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကွန်ကရစ်ရေမြောင်း အရှည်ပေ ၁၇၀၀၊ အကျယ် တစ်ပေ၊ အမြင့် ၆ လက်မ ပြုလုပ်ခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေမှ ခွင့်ပြုငွေကျပ်သိန်း ၁၀၀ ဖြင့် ဆောင်ရွက်လျက်ရှိပြီး ဆက်လက်၍ အရှည်ပေ ၁၇၀၀ ၊ အကျယ် ၁၂ ပေ၊ ဒု လေးလက်မရှိ ရွာတွင်းလမ်း ဂျင်းမြေခင်းခြင်းလုပ်ငန်းကိုလည်း ဆောင်ရွက်သွားမည်ဖြစ်သည်။


အောင်းပင်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ဆဋ္ဌမစက်ဝန်းလည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ အတိုးရငွေ ကျပ်သိန်းပေါင်း ၃၇၀ ကျော်ရရှိနေပြီဖြစ်ကာ ယင်းအတိုးရငွေမှ ကျပ် သိန်း ၁၀၀ အသုံးပြု၍ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းကို ပြည်သူဗဟိုပြုစနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးမြတ်မျိုးထွန်းထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည် ၄ မျိုးနှင့် အရုဏ်ဆွမ်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်း၊ ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်

**နေပြည်တော် မတ် ၃**

ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းအဆင်ပြေစေရေးအတွက် တပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီး၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည် ၄ မျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းများကို ဆောင်ရွက်လျက်ရှိသည်။



**ဆက်ကပ်လှူဒါန်း**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့၊ မွန်ပြည်နယ် မော်လမြိုင်မြို့၊ ကျိုက်မရောမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၊ မှော်ဘီမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့၊ ရခိုင်ပြည်နယ် စစ်တွေမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်၊ ကလေးမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တို့ရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်တိုက်များနှင့် ဘာသာရေးကျောင်း စုစုပေါင်း ၁၄ ကျောင်းသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည် ၄ မျိုး၊ ကိုဗစ် - ၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့၊ ကျွန်းစုမြို့၊ ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့၊ ရခိုင်ပြည်နယ် စစ်တွေမြို့၊ တောင်ကုတ်မြို့၊ စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်၊ ကလေးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်စာသင်တိုက် စုစုပေါင်း ၁၉ ကျောင်းရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား အရုဏ်ဆွမ်းနှင့် နေ့ဆွမ်းများကို လည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ထို့အပြင် တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့ သီရိမင်္ဂလာဘုန်းတော်ကြီးကျောင်းရှိ ဆွမ်းစားဆောင် ဆောက်လုပ်ရန်အတွက် ဘိလပ်မြေအိတ် ၂၀ နှင့် အလှူငွေ ခြောက်သိန်းကျော်တို့ကို ယနေ့တွင် တနင်္သာရီရေတပ်စခန်းဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြသည်။

ထို့အပြင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့ သုခိတာရုံစာသင်တိုက်နှင့် တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့ သီရိမင်္ဂလာ ဘုန်းတော်ကြီးကျောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် ကန်သစ်ကျေးရွာဘုရားကြီးကျောင်းတိုက်၊ ကလေးမြို့နယ် ချမ်းမြေ့အောင်စည်ရပ်ကွက် မိုးကုတ်ဝိပဿနာကျောင်းတိုက်များရှိ ဆရာတော် သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား တပ်မတော်မှ ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ

**နေပြည်တော် မတ် ၃**

တပ်မတော်အနေဖြင့် တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက်(၆၅)နှစ်အထက် သက်ကြီးဘိုးဘွားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ကော့ခနိကျေးရွာ ကော့ခနိရွှေကျောင်းတိုက်ဆရာတော် မြို့နယ်သံဃာ့ဝန်ဆောင် ဘဒ္ဒန္တသုမန အမှူးပြုသော မြို့ပေါ်ကျောင်းတိုက်များမှ သံဃာတော် အပါး ၂၀ အား အဆိုပါကျောင်းတိုက်၌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးအဖွဲ့များက ကျန်းမာရေးစစ်ဆေးပေးပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကိုမောင်နှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု ဖူးမြော်ကြည်ညိုကြပြီး သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ တိုင်းဒေသကြီး/ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် မိသားစုဝင် ၄၃၀ တို့ကို တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံနေမှုများ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်ဖြိုးသန့်နှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မုံရွာမြို့ရှိ ပြည်သူ့ဆေးရုံကြီး ခုတင် (၅၀၀)၌ ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် လူနာများနှင့် ကျန်းမာရေးဝန်ထမ်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကားပြောကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# တာဝန်သိ မိဘပြည်သူများက လက်နက်ကိုင်ဆောင်ထားသူတစ်ဦးအား နယ်မြေခံရဲစခန်းသို့ လာရောက်အပ်နှံ

**နေပြည်တော် မတ် ၃**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အောင်သပြေရပ်ကွက်မှ တာဝန်သိ မိဘပြည်သူများက မသင်္ကာဖွယ်ရာ လူတစ်ဦးကို ပွိုင့်-၂၂ လက်နက်တစ်လက်နှင့်အတူ ထောက်ကြန့်နယ်မြေရဲစခန်းသို့ ယနေ့နံနက် ၈ နာရီခန့်တွင် လာရောက်အပ်နှံခဲ့သည်။

အဆိုပါ လက်နက်နှင့်အတူ လာရောက်အပ်နှံသူအား အသေးစိတ်စစ်ဆေးခဲ့ရာ ကျော်ရဲအောင်ဖြစ်ပြီး ၂၀၁၇ ခုနှစ်တွင် တပ်မတော်အတွင်းသို့ ဝင်ရောက်ခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ်တွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း စစ်ဆင်ရေးတာဝန်ထမ်းဆောင်စဉ် ခွင့်မဲ့ပျက်ကွက် ဖြစ်ပွားခဲ့ကာ ၎င်းနယ်မြေအတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တစ်ဖွဲ့ထံသို့ ရောက်ရှိခဲ့ပြီး ၎င်းအဖွဲ့ထံတွင် ခေတ္တနေထိုင်ခဲ့ကြောင်း၊ ၎င်းအဖွဲ့အတွင်း နေထိုင်နေစဉ် ဖြစ်စဉ်တွင် ကိုင်ဆောင်ခဲ့သည့် လက်နက်အားခိုးယူ၍ ဖေဖော်ဝါရီလကုန်ပိုင်းတွင် ထွက်ပြေးခဲ့ကြောင်း၊ ထိုကဲ့သို့ လက်နက်နှင့်အတူ ထွက်ပြေးနေရာမှ ကားကြုံနှင့်လိုက်ပါလာပြီး မင်္ဂလာဒုံမြို့နယ် အောင်သပြေရပ်ကွက်အတွင်းသို့ ရောက်ရှိခဲ့စဉ် ယခုကဲ့သို့ ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ ဝင်္ကြွေးတော်ပြေဘုန်းတော်ကြီးကျောင်း ဆရာတော်အား ဆူပူအကြမ်းဖက်သူများက လေးခွများဖြင့် ပစ်ခတ်

**နေပြည်တော် မတ် ၃**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၈၂)ရပ်ကွက် ကရဏာလမ်း အမှတ်(၅၂၀)ရှိ ဝင်္ကြွေးတော်ပြေ ဘုန်းတော်ကြီးကျောင်းမှ ဆရာတော် ဘဒ္ဒန္တသီရိဓမ္မ သက်တော် (၅၀) နှစ် ဝါတော် (၁၉) ဝါအား မတ် ၂ ရက် ည ၈ နာရီခန့်တွင် ဆူပူအကြမ်းဖက်သူ အင်အား ၁၀၀ ခန့်က ကျောင်းအတွင်းဝင်ရောက်၍ လေးခွများဖြင့် ပစ်ခတ်မှုကြောင့် ဆရာတော်တွင် နဖူး၊ ဦးခေါင်းနှင့် ဘယ်မျက်လုံးတို့ထိခိုက်ခဲ့ပြီး နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။



ဖြစ်စဉ်မှာ အဆိုပါရပ်ကွက်အတွင်းမှ ဆူပူအကြမ်းဖက်သူ အင်အား ၁၀၀ က ကျောင်းအတွင်းသို့ ဝင်ရောက်၍ လူမိုက်အားထုတ်ပေးရန် အော်ဟစ်ဆူပူလျက်ရှိသဖြင့် ဖြေရှင်းပြောဆိုရန် ထွက်လာစဉ် လေးခွများဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါဘုန်းတော်ကြီးကျောင်းတွင် သံဃာတော်တစ်ပါး၊ ကပ္ပိယ တစ်ဦးနှင့်ဘုန်းကြီးကျောင်းသားတစ်ဦးသာရှိပြီး ကျောင်းအနီး၌ ကျူးကျော်နေထိုင်သည့် ဒေါ်ခင်လေးမြိုင်သည် ညအချိန်မတော် သံပုံးတီးခြင်းများနှင့်ပတ်သက်၍ ဆရာတော်က ပြောဆိုဆုံးမသည့်အပေါ် မကျေနပ်သဖြင့် ဘုန်းတော်ကြီးကျောင်းအတွင်း လူမိုက်များရှိနေကြောင်း ရပ်ကွက်အတွင်း ပြောဆိုခြင်းများကြောင့် ယခုကဲ့သို့ ရန်ပြုသွားခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ဆရာတော်၏ ဒဏ်ရာများအား နယ်မြေခံတပ်မတော်ဆေးရုံ၌ လိုအပ်သည့် ဆေးဝါးကုသမှုများနှင့် စမ်းသပ်စစ်ဆေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မေတ္တာပန်းတို့ လန်းရာမြေ

**မောင်ပြည်ချစ်**

**နိုင်ငံတစ်နိုင်ငံမှာ မေတ္တာအရင်းခံသော အုပ်ချုပ်မှုစနစ်ရှိရေးသည် အလွန်အရေးကြီးပါသည်။ ထို့အပြင် အပြောမဟုတ် အလုပ်ဖြင့် ချက်ချင်းလက်ငင်းသက်သေပြနိုင်ပြီး ပြည်သူ့အကျိုး သယ်ပိုးစွမ်းဆောင်နိုင်သော “တိုင်းပြည်စီမံခန့်ခွဲမှု”သည် စေတနာမေတ္တာ အပြည့်ပါသော မိသားစုစိတ်ထား အမှန်စင်စစ်ဖြစ်ပါသည်။**

### ခေါ်ယူမှုမပြုနိုင်ခဲ့

တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် ကိုယ့်နိုင်ငံသား၊ ကိုယ့်ပြည်သူများ၏ ဘဝသည် ကိုယ့်နိုင်ငံ၏ အနာဂတ်ဖြစ်သည်ဟု ခံယူချက်ဖြင့် အကြောင်းအမျိုးမျိုးကြောင့် မိခင်နိုင်ငံကို ပြန်မလာနိုင်ကြသော၊ မလေးရှားနိုင်ငံရောက်နေကြသော ပြည်သူ ၁၀၈၆ ဦးကို ဖေဖော်ဝါရီလ ၂၇ ရက်နေ့ ညနေပိုင်းတွင် မြန်မာနိုင်ငံသို့ အရောက် ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့သည်။ ယခင်အစိုးရလက်ထက်က မလေးရှားနိုင်ငံတွင် ရောက်ရှိနေပြီး အခက်အခဲဖြစ်နေကြသည့် ကိုယ့်နိုင်ငံသူနိုင်ငံသားများကို ခေါ်ယူရန် တင်ပြခဲ့သော်လည်း ခွင့်ပြုချက်မရရှိခဲ့၍ ခေါ်ယူမှုမပြုနိုင်ခဲ့ပါ။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတာဝန်ယူပြီး ၁၅ ရက်အတွင်းမှာပင် အတိဒုက္ခရောက်နေကြသော မိမိတို့၏ နိုင်ငံသားများကို အမြန်ဆုံး အမိမြေကို ပြန်လည်ခေါ်ဆောင်နိုင်ခဲ့မှုသည် ကာယကံရှင်များသာမက နိုင်ငံသူနိုင်ငံသားများ၊ ဆွေမျိုးသားချင်းများ၊ ဒေသတွင်းနိုင်ငံများ၊ မလေးရှားနိုင်ငံနှင့် တစ်ကမ္ဘာလုံးကပါ နှစ်ထောင်းအားရ ကြည်နူးမှုအပြည့်အဝဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လူသားချင်း စာနာနားလည်သော လုပ်ဆောင်မှုကို ကြိုဆိုခဲ့ကြပါသည်။ ယခု အစီအစဉ်ကို ဖခင်တစ်ဦး၏ မေတ္တာစေတနာများအရင်းခံပြီး အချိန်မဆိုင်း အမြန်ဆုံး စီစဉ်အကောင်အထည်ဖော်ဆောင်ပေးသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ပြည်သူများအပေါ်ထားရှိသည့် သံယောဇဉ်တရားနှင့် စာနာနားလည်မှုများကို အထင်အရှားမြင်တွေ့ကြရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် တပ်မတော်၏ **“ပြည်သူသာအမိ၊ ပြည်သူသာအဖ”** ဟူသော မူဝါဒသည် ခေတ်အဆက်ဆက် ဖြတ်သန်းခဲ့ရသော အတွေ့အကြုံများက သမိုင်းသက်သေပင် ဖြစ်ပါသည်။ တပ်မတော်သည် တိုင်းသူပြည်သားများအပေါ် မိဘသဖွယ် ရိုရိုသေသေ လေးလေးစားစားဖြင့် မည်သည့်အခက်အခဲအကျပ်အတည်းမျိုးကိုမဆို ပြည်သူများဘက်က မားမားမတ်မတ်ရပ်တည်ခဲ့သည်ချည်း ဖြစ်ပါသည်။ မသိကျိုးကျွန်ပြုခြင်း၊ မသိလိုက် မသိဘာသာနေခြင်း၊ ခွဲခြားမှုများဖြင့် ရပ်တည်ဆက်ဆံခြင်းမျိုးများကို နိုင်ငံတော်နှင့် ပြည်သူအပေါ် စိုးစဉ်းမျှ မပြုမူခဲ့ပါ။ တိုင်းပြည်နှင့် ပြည်သူများအပေါ် မိဘသဖွယ် အလေးအမြတ်ထား ပြုမူဆက်ဆံခြင်းသည် တပ်မတော်၏ ခိုင်မာတည်ကြည်သော မူဝါဒနှင့် သစ္စာတရားလည်း ဖြစ်ပါသည်။

### ရင်ဝယ်သားကဲ့သို့ သဘောထား

တပ်မတော်သည် နိုင်ငံသူ နိုင်ငံသားများ အခက်အခဲကြုံတွေ့လာသည့်အခါတိုင်းတွင်လည်း ပြည်သူများအပေါ် ရင်ဝယ်သားကဲ့သို့ ဆက်ဆံကူညီဆောင်ရွက်ဆဲ၊ ဆောင်ရွက်မြဲ ဖြစ်ပါသည်။ ယခုအချိန်အခါတွင် တပ်မတော်သည် ပြည်ပတွင် အခက်အခဲမျိုးစုံဖြင့် အတိဒုက္ခရောက်နေကြသော ကိုယ့်နိုင်ငံသားများကို ရင်ဝယ်သားကဲ့သို့ သဘောထားကာ အမြန်ဆုံးနည်းလမ်းဖြင့် ကူညီကယ်ဆယ်မှုကို အခက်အခဲများကြားကပင် ကြိုးပမ်းဖော်ဆောင်ပေးခဲ့ပါသည်။

**ယခုလို တိုင်းတစ်ပါးမှာ အခက်အခဲ ရောက်နေကြသော ကိုယ့်နိုင်ငံသားများကိုတောင် နည်းလမ်းရှာဖွေကူညီ ကယ်ဆယ်နေသော တပ်မတော်အပေါ် ပြည်ပနိုင်ငံအချို့နှင့် ပြည်တွင်းက အပျက်သဘော ဦးတည်လှုံ့ဆော်နေသူများ၏ ဝါဒဖြန့်စကားများက ကောလာဟလ သက်သက်သာဖြစ်သည်ကို အခြေအနေမှန်နှင့် လက်တွေ့သရုပ်မှန်ကို ဝေခွဲပိုင်းခြားတတ်သူများက သိမြင်နားလည်နိုင်ကြမည်ဖြစ်။**

တပ်မတော်၏ စေတနာ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ မေတ္တာကရုဏာတို့ကြောင့် တိုင်းတစ်ပါးတွင် ကိုယ်စိတ်နှစ်ပါး သောကဗျာပါဒများ ခံစားနေကြရသော ပြည်သူထောင်နှင့်ချီပြီး အတိုင်းအဆမသိ ဝမ်းသာကြည်နူးမှုများဖြင့် အမိမြန်မာပြည်ကို ခြေချနိုင်ခဲ့ကြပြီဖြစ်ပါသည်။ ယခုလို တိုင်းတစ်ပါးမှာ အခက်အခဲရောက်နေကြသော ကိုယ့်နိုင်ငံသားများကိုတောင် နည်းလမ်းရှာဖွေကူညီကယ်ဆယ်နေသော တပ်မတော်အပေါ် ပြည်ပနိုင်ငံအချို့နှင့် ပြည်တွင်းက အပျက်သဘော ဦးတည်လှုံ့ဆော်နေသူများ၏ ဝါဒဖြန့်စကားများက ကောလာဟလ သက်သက်သာဖြစ်သည်ကို အခြေအနေမှန်နှင့် လက်တွေ့သရုပ်မှန်ကို ဝေခွဲပိုင်းခြားတတ်သူများက သိမြင်နားလည်နိုင်ကြမည်ဖြစ်ပါသည်။

### ပကတိအရှိတရား

အရေးကြုံလာတိုင်း ပြည်သူ့အခက်အခဲများအတွက် ပြည်သူ့ဘက်က မားမားမတ်မတ် ရပ်တည်ပေးသော တပ်မတော်၏ ပြည်သူအပေါ်ထားသော စေတနာတရားများကို မျက်ဝါးထင်ထင် ရှုမြင်နိုင်ကြရပါမည်။ ကိုယ်ကျိုးမဖက် တိုင်းပြည်အတွက် ပြည်သူ့ဘက်က ထာဝစဉ်ရပ်တည်နေသော တပ်မတော်၏ သဘောထားကို နားလည်လက်ခံရမည်မှာ ပြည်သူများ၏ ပကတိအရှိတရားဖြစ်ပါသည်။

ဘယ်သောအခါကမျှ ပြည်သူနှင့် တိုင်းပြည်အပေါ် အနိုင်မကျင့်သော၊ ပြည်သူ့မျက်နှာကို အစဉ်ဦးထိပ်ထားလေးစားသော တပ်မတော်၏ သံယောဇဉ်တရား၊ မေတ္တာတရား၊ သစ္စာစောင့်သိမှုများသည် အနာဂတ် မြန်မာနိုင်ငံတော်ကြီးကို မေတ္တာပန်းများ လန်းရာမြေအဖြစ် ထုဆစ်ကြိုးပမ်းနေမှုများအဖြစ် ပြည်သူထဲက ပြည်သူတစ်ဦးက ရှုမြင်ခံစားနားလည်မိပါကြောင်း တင်ပြလိုက်ရပါသည်။ ။



မလေးရှားနိုင်ငံရောက် မြန်မာနိုင်ငံသားများအား တပ်မတော်စစ်ရေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်လာစဉ်။

## ထန်တလန်မြို့နယ်ရှိ မီအေပီရာဟူးတောင်နှင့် လေစိကျောက်ဂူကိုခရီးသွားလုပ်ငန်းဖော်ဆောင်မည်

**ထန်တလန် မတ် ၃**

ချင်းပြည်နယ် ထန်တလန်မြို့နယ် ဟာရီဖီးကျေးရွာအနီး အမြင့်ပေ ၆၅၀၀ရှိ မီအေပီရာဟူးတောင်နှင့် ကျေးရွာအနီးရှိ လိုဏ်ဂူအရှည်ပေ ၁၀၈၀ ရှိသော လေစိကျောက်ဂူကို ခရီးသွားလုပ်ငန်း ဖော်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

“ ဟာရီဖီးကျေးရွာအနီးမှာ ထူးခြားဆန်းကြယ်တဲ့ မြေအောက်ချောင်းဖြတ်သန်းစီးဆင်းတဲ့အတွက် လေစိကျောက်ဂူကို သွားရောက်လေ့လာနိုင်ပါမယ်။ လိုဏ်ဂူရဲ့အကျယ်ဆုံးနေရာက ၁၉ ပေနဲ့ အမြင့်ဆုံးနေရာက ၄၇ ပေ ရှိပါတယ်။ လိုဏ်ခေါင်းတစ်လျှောက် ကျောက်တုံးငယ်တွေနဲ့ ဖြတ်သန်းစီးဆင်းနေတဲ့ချောင်းကို တွေ့နိုင်ပါတယ်။ ဟားခါးမြို့ကနေ မီအေပီရာဟူးတောင်ကို ကား၊ ဆိုင်ကယ်တွေနဲ့ သွားရောက်လည်ပတ်နိုင်ပါတယ်။ လေးနာရီလောက်မောင်းတာနဲ့ ရောက်ရှိနိုင်ပါတယ်။ အဲဒီမှာ တောင်တက်စွန့်စားခရီးတွေ၊ လိုဏ်ဂူတွင်းစွန့်စားခရီးတွေ သွားရောက်လည်ပတ်နိုင်မှာပါ ”ဟု ချင်းပြည်နယ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မီအေပီရာဟူးတောင်သည် ရာသီဥတုကြည်လင်သည့်အချိန်တွင် တောင်ပေါ်မှ အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ် စိုင်ဟာခရိုင်အထိ တွေ့မြင်နိုင်ကြောင်း၊ အဆိုပါတောင်သည် ၁၂၃၅၅ ဧကကျယ်ဝန်းပြီး တောင်ကြောတစ်လျှောက်တွင် တောရိုင်းတိရစ္ဆာန်များ၊ သစ်ခွပန်းများနှင့် တောင်ဆိတ်များ အလွန်ပေါများစွာ မြင်တွေ့နိုင်သည့်အပြင် တောင်ခြေတွင် ဒေသခံများ စပါး၊ ပဲစိုက်ပျိုးသော ဧက ၃၀၀ ကျော်ရှိ Phaipi Nel (ခေါ်) လွင်ပြင်ကြီးကို မြင်တွေ့နိုင်မည်ဖြစ်ကြောင်း ချင်းပြည်နယ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ဟာရီဖီးကျေးရွာသည် ထန်တလန်မြို့၏ အနောက်ဘက် ၃၅ မိုင်အကွာ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၅၃၀၀ တွင်တည်ရှိပြီး ယခုအခါ ကျေးရွာတွင် တိုင်းရင်းသားမျိုးနွယ် စုပေါင်း ၂၇ မျိုး၊ လူဦးရေ ၈၀၀ ကျော် နေထိုင်ကြကြောင်း သိရသည်။

**ဇိုဟေဆာ**

■

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ စီးပွားရေး
(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ လူမှုရေး
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## တိုင်းဒေသကြီးလယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီနှင့် တိုင်းဒေသကြီးလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်

**ရန်ကုန် မတ် ၃**

ရန်ကုန်တိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီနှင့် တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၂ ရက် မွန်းလွဲ ၁ နာရီက တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမတွင် ပြုလုပ်သည်။

ရှေးဦးစွာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးက အမှာစကားပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးသိန်းဦးက ဆွေးနွေးတင်ပြရာတွင် လျော်ကြေးပေးပြီးဖြစ်သည့် ကိစ္စရပ်များတွင် ယနေ့ခေတ်အခြေအနေအရ သိမ်းဆည်းစဉ်ကာလ လျော်ကြေးနည်းပါးနေ၍ ထပ်မံတောင်းဆိုလာသည့်ကိစ္စရပ်များ၊ မြေပြင်၌ ကျူးကျော်ဝင်ရောက်နေသူရှိ၍ ဖြေရှင်းရန်ခက်ခဲသည့် ကိစ္စရပ်များ၊ အမှုတွဲအလိုက် အဆင့်ဆင့်သော စိစစ်ရေးအဖွဲ့များက စိစစ်သုံးသပ်ပြီးသည့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုအမှုတွဲများ၊ မြို့ပြတိုးချဲ့ခြင်းနှင့် စက်မှုဇုန်များရှိ မြေယာပြဿနာများ၊ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ဦးဆောင်၍ လုပ်ကိုင်ခွင့်ရကုမ္ပဏီများနှင့် တောင်သူလယ်သမားများ သုံးပွင့်ဆိုင် ညှိနှိုင်းဆွေးနွေးပြီး နှစ်ဦးနှစ်ဖက် နစ်နာမှုမရှိစေရေးအတွက် ဖြေရှင်းပေးရမည့်ကိစ္စများ၊ ယခင်ကာလများတွင် ဆက်လက်စိစစ်ဖြေရှင်းပြီး အမှုတွဲများ၊ ယခုကာလတွင် စိစစ်ဖြေရှင်းရမည့် လက်ကျန်အမှုတွဲများ၊ ဗဟိုသို့ လမ်းညွှန်မှုခံယူ၍ သက်ဆိုင်ရာဝန်ကြီးဌာန၏ သဘောထားပြန်ကြားပေးရန် တောင်းခံထားသည့် အမှုတွဲများ၊ မြေပြင်ကွင်းဆင်းစိစစ်ခြင်း ဆောင်ရွက်နေသည့် အမှုတွဲများ၊ ကျေနပ်မှုမရှိ၍ တိုင်ကြားလာမှုများအပေါ် ပြီးပြတ်အောင် စိစစ်ဆုံးဖြတ်ပေးရမည့်ကိစ္စရပ်များနှင့် ရန်ကုန်တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်၏ ဖွဲ့စည်းပုံ မူလတာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ လယ်ယာမြေပေါ်တွင် စပါးအစား အခြားသီးနှံ ပြောင်းလဲစိုက်ပျိုးခွင့် လျှောက်ထားသည့်အမှုတွဲများ၊ လယ်ယာမြေကို အခြားနည်းအသုံးပြုရန် လျှောက်ထားသည့် အမှုတွဲများ၊ လယ်ယာမြေလုပ်ပိုင်ခွင့်အငြင်းပွားမှု ဖြေရှင်းပေးရန် တင်ပြထားသည့် အမှုတွဲများနှင့် အယူခံမှုအမှုတွဲများ စသည့် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးကြသည်။

ယင်းနောက် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ရန်ကုန်တိုင်းဒေသကြီးအတွင်း မြေယာနှင့်ပတ်သက်၍ ဆောင်ရွက်နေဆဲနှင့် ဆောင်ရွက်ပေးရမည့် အမှုတွဲများစွာ ကျန်ရှိနေသဖြင့် မိမိတို့တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူထားသည့်ကာလတွင် အမြန်ဆုံးပြီးပြတ်အောင် ဆောင်ရွက်ပေးရန်၊ မြေယာအမှုအခင်းများ အမြန်ဆုံးပြီးပြတ်အောင် ဆောင်ရွက်ပေးမှသာ မြေယာကို အရင်းပြု၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများဖြင့် ဝမ်းစာစီးပွားရှာဖွေစားသောက်နေရသည့် ကျေးလက်နေတောင်သူလယ်သမားများအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး တစ်ဦးချင်းဝင်ငွေ တိုးတက်လာမည်ဖြစ်ကြောင်း၊ မြေယာမှုခင်းအပေါ် အခြေခံ၍ ဖြစ်ပေါ်လာမည့် ရာဇဝတ်မှုများလည်း တားဆီးနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် အဆင့်ဆင့်သော စိစစ်ရေးကော်မတီဝင်များသည် ပြဋ္ဌာန်းထားပြီးဖြစ်သော ဥပဒေလုပ်ထုံးလုပ်နည်းများအတိုင်း သမာသမတ်ကျကျ စိစစ်ဆောင်ရွက်ပေးရန် အရေးကြီးကြောင်း၊ ဝန်ကြီးဌာနအသီးသီးမှ ပြန်လည်စွန့်လွှတ်သည့် မြေများကိုလည်း မူဝါဒနှင့်အညီ သိမ်းဆည်းခံ လယ်သမားများ၏ လက်ဝယ်သို့ အမြန်ဆုံး ပြန်လည်ပေးအပ်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန် ပြောကြားသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး အမျိုးသမီးယာဉ်မောင်းသင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြား

**ရန်ကုန် မတ် ၃**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်) ဦးညီညီ၊ အတွင်းရေးမှူး ဦးညွန့်ဖေနှင့် သက်ဆိုင်ရာ ဌာနမှူးများနှင့်အတူ ယနေ့နံနက် ၈ နာရီက အလုံမြို့နယ် သစ်တောလမ်းရှိ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန မော်တော်ယာဉ်ဌာနခွဲ အမျိုးသမီးယာဉ်မောင်းသင်တန်း အမှတ်စဉ်(၂) ဖွင့်ပွဲသို့ တက်ရောက်သည်။

ရှေးဦးစွာ မြို့တော်ဝန်က နိုင်ငံတကာတွင် အမျိုးသမီးများသည် အမျိုးသားများနှင့် ရင်ပေါင်တန်းလုပ်ဆောင်နေကြသလို ကုန်တင်ယာဉ်ကြီးများကိုပင် မောင်းနှင်နေကြသည်ကို တွေ့ရှိရကြောင်း၊ ယနေ့ သင်တန်းတက်ရောက်သည့် အမျိုးသမီးဝန်ထမ်း ယာဉ်မောင်းများအနေဖြင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကို ဂရုစိုက်ဆောင်ရွက်ကြရန်နှင့် သွားလာဆောင်ရွက်သည့်အခါ သတိတရားလက်ကိုင်ထား၍ အန္တရာယ်ကင်းအောင် ဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

အဆိုပါသင်တန်းမှာ မတ် ၃ ရက်မှ ၉ ရက်အထိ ကြာမြင့်မည်ဖြစ်ပြီး အမျိုးသမီး ယာဉ်မောင်း ၄၂ ဦး တက်ရောက်သည်။ ၂၀၁၉ ခုနှစ် အောက်တိုဘာလက ဖွင့်လှစ်ခဲ့သော အမှတ်စဉ်(၁) အမျိုးသမီးယာဉ်မောင်းသင်တန်းတွင် သင်တန်းသူ ၁၀၀ တက်ရောက်ခဲ့ကာ သုံးဘီးအမှိုက်သိမ်းယာဉ်နှင့် Hopper Tipper တစ်တန် အမှိုက်သိမ်းယာဉ်များကို မောင်းနှင်လျက်ရှိပြီး အမှိုက်အိတ်များ အထုပ်ကောက်စနစ်ဖြင့် မြို့နယ်များတွင် သန့်ရှင်းရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## မတ် ၃ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၉ ဦး တွေ့ရှိ

### COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၃-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂-၃-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၃-၃-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁,၂၆၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၁၉) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၄၉၄,၇၄၉) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၁,၉၈၄) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၅) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၅၃၉) ဦး ဆေးရုံမှ ဆင်းခွင့် ရရှိပြီးဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ကျန်းမာရေးဝန်ထမ်းများအတွက် အသိပေးပန်ကြားချက်

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် ပြည်သူလူထုအတွက် ကာကွယ်ဆေးထိုးနှံရေး ဆက်လက်ဆောင်ရွက်နေသည့် အချိန်ဖြစ်ခြင်းကြောင့်လည်းကောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် လိုအပ်နေသော ပြည်သူလူထုအား အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေးစောင့်ရှောက်မှုပေးအပ်နိုင်ရန်အတွက်လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဝန်ထမ်းများအနေဖြင့် လူနာများ၏အကျိုးကို ရှေ့ရှု၍ မိမိတို့လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ထမ်းဆောင်ကြပါရန် (၈-၂-၂၀၂၁)ရက်နေ့မှစ၍ ယနေ့အထိတိုက်တွန်းနှိုးဆော်ပန်ကြားခဲ့ပါသည်။

၂။ သို့ဖြစ်ပါ၍ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် မိမိတို့တာဝန်ကျရာ ဆေးရုံ၊ တက္ကသိုလ်/သင်တန်းကျောင်းများနှင့် ရုံး/ဌာနများသို့ ပြန်လည်ဝင်ရောက်တာဝန်ထမ်းဆောင်ရန် အခက်အခဲရှိပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များနှင့် Email လိပ်စာများသို့ ဆက်သွယ်ဆောင်ရွက်သွားကြပါရန် အသိပေးပန်ကြားအပ်ပါသည် –

| | | |
|---|---|---|
| တယ်လီဖုန်းနံပါတ် | – | ၀၆၇-၃၄၁၁၅၀၈/ ၀၆၇-၃၄၁၁၅၀၉/ ၀၆၇-၃၄၁၁၁၄၄<br>၀၉-၈၈၂၅၅၇၉၉၁/ ၀၉-၈၈၂၅၅၇၉၉၂/ ၀၉-၈၈၂၅၅၇၉၉၃ |
| Email | – | office@e-mohs.gov.mm |

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၉၃၇၁၅၂၀ | ၁၉၉၀၅၅၃၈ | ၅၂၉၂၂၄ |
| ၂။ | အိန္ဒိယ | ၁၁၁၃၉၅၁၆ | ၁၀၈၁၂၀၄၄ | ၁၅၇၃၈၅ |
| ၃။ | ဘရာဇီး | ၁၀၆၄၇၈၄၅ | ၉၅၂၇၁၇၃ | ၂၅၇၅၆၂ |
| ၄။ | ရုရှား | ၄၂၇၈၇၅၀ | ၃၈၅၃၇၃၄ | ၈၇၃၄၈ |
| ၅။ | ဗြိတိန် | ၄၁၈၈၄၀၀ | ၃၀၀၅၇၂၀ | ၁၂၃၂၉၆ |
| ၆။ | ပြင်သစ် | ၃၇၈၃၅၂၈ | ၂၅၉၈၉၃ | ၈၇၂၂၀ |
| ၇။ | စပိန် | ၃၁၃၀၁၈၄ | ၂၇၂၂၃၀၄ | ၆၉၈၀၁ |
| ၈။ | အီတလီ | ၂၉၅၅၄၃၄ | ၂၄၂၆၁၅၀ | ၉၈၂၈၈ |
| ၉။ | တူရကီ | ၂၇၂၃၃၁၆ | ၂၅၈၆၀၇၃ | ၂၈၇၀၆ |
| ၁၀။ | ဂျာမနီ | ၂၄၆၂၀၆၁ | ၂၂၇၄၄၀၀ | ၇၁၃၂၅ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၃၅၃၈၃၄ | ၁၁၆၉၉၁၆ | ၃၆၇၂၁ |
| ၂။ | ဖိလစ်ပိုင် | ၅၈၂၂၃ | ၅၃၄၇၇၈ | ၁၂၃၈၉ |
| ၃။ | မလေးရှား | ၃၀၅၈၈၀ | ၂၈၀၇၀၇ | ၁၁၄၈ |
| ၄။ | မြန်မာ | ၁၄၁၉၈၄ | ၁၃၁၅၃၉ | ၃၁၉၉ |
| ၅။ | စင်ကာပူ | ၅၉၉၇၉ | ၅၉၈၄၉ | ၂၉ |
| ၆။ | ထိုင်း | ၂၆၁၀၈ | ၂၅၄၈၃ | ၈၄ |
| ၇။ | ဗီယက်နမ် | ၂၄၈၂ | ၁၈၉၈ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၈၇၈ | ၄၈၂ | ၀ |
| ၉။ | ဘရူနိုင်း | ၁၈၇ | ၁၈၁ | ၃ |
| ၁၀။ | လာအို | ၄၅ | ၄၂ | ၀ |

# ဆူပူဆန္ဒပြမှုဖြစ်စဉ်များတွင် ခေတ္တထိန်းသိမ်းထားသူများအား ငွေကြေးပေးမှ ပြန်လည်စေလွှတ်သည်ဆိုသည့် သတင်းများသည် ကောလာဟလသတင်းများသာဖြစ်

**နေပြည်တော် မတ် ၃**

နိုင်ငံတော်အစိုးရအား နည်းမျိုးစုံဖြင့်ဆန့်ကျင်ရေး ဆောင်ရွက်နေသော အစုအဖွဲ့များအနေဖြင့် လူငယ်ထုအား ရည်မှန်းချက်ထားရှေ့တန်းတင်ကာ နေရာအနှံ့အပြားတွင် ဆူပူမှုများ မဖြစ်မနေဖြစ်ပွားစေရန်၊ လူငယ်ထုအား လမ်းပေါ်ရောက်ရှိအုံကြွစေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ထိပ်တိုက်တွေ့ဆုံစေရေးတို့အတွက် သွေးထိုးလှုံ့ဆော် ကြိုးပမ်းဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ထိုသို့ ထိပ်တိုက်တွေ့ဆုံစေရေး ဆောင်ရွက်လျက်ရှိရာတွင် နယ်မြေဒေသအသီးသီးရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လူစုလူဝေးအား ထိခိုက်ဒဏ်ရာရရှိမှုနည်းပါးစေရေးနှင့် လူစုလူဝေးပြိုကွဲစေရေးကိုသာ အဓိကထားဆောင်ရွက်၍ ဦးစီးခေါင်းဆောင်ပြုလုပ်သူများကို စိစစ်ဖော်ထုတ်နိုင်ရေးအတွက် ဖြစ်စဉ်ဖြစ်ပွားသည့်နေရာများတွင် ဆူပူဆန္ဒပြသူအချို့ကို ဖမ်းဆီးထိန်းသိမ်းရခြင်း၊ ကျူးလွန်သည့်ဖြစ်စဉ်ပါ လမ်းကြောင်းပိတ်ဆို့ ဆောင်ရွက်ခဲ့သည့်ယာဉ်များ၊ ဆိုင်ကယ်များကို ခေတ္တထိန်းသိမ်းရခြင်းတို့ကို ဆောင်ရွက်ရပြီး ဆူပူဆန္ဒပြမှုဖြစ်စဉ်များတွင် ဖမ်းဆီးထိန်းသိမ်းခံရသူများကို ထိန်းသိမ်းစဉ် ကိုယ်ရေးရာဇဝင် စိစစ်မှုများကိုပြုလုပ်ပြီး ဦးစီးခေါင်းဆောင်ပြုလုပ်သူ ဟုတ်/မဟုတ်နှင့် ဆက်စပ်သတင်းရရှိရေးများကို ညှဉ်းပန်းနှိပ်စက်မှု(လုံး၀) မရှိဘဲ စစ်မေးခြင်း၊ မှတ်တမ်းထားရှိခြင်းများကို လုပ်ထုံး/လုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။

ယင်းကဲ့သို့ စစ်မေးတွေ့ရှိချက်များအပေါ် မူတည်ကာ နိုင်ငံတော်အစိုးရဆန့်ကျင်ရေးနှင့် တရားဥပဒေစိုးမိုးရေးကို ပျက်ပြားစေရေးအတွက် ဦးတည်လုပ်ဆောင်နေသည့် ဦးစီးခေါင်းဆောင်ပြုလုပ်သူများကိုသာ ဥပဒေနှင့်အညီ ဆက်လက်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး အများစုသောလူငယ်ထုများ၊ ပညာသင်ကြားနေဆဲလူငယ်များ၊ ပြင်ပပုဂ္ဂလိကဝန်ထမ်းများကို ၎င်းတို့၏အနာဂတ်နှင့် ဘဝမပျက်စီးစေရေး၊ မိဘဆွေမျိုးများ၏ စိုးရိမ်ပူပန်မှုများ လျော့နည်းစေရေးတို့အတွက် သက်ဆိုင်ရာနယ်မြေအုပ်ချုပ်ရေးတာဝန်ရှိသူများ၏ ပူးပေါင်းညှိနှိုင်းဆုံးဖြတ်ချက်ဖြင့် ခေတ္တဖမ်းဆီးထိန်းသိမ်းထားရှိရာနေရာများတွင် လိုအပ်သော (ခံဝန်) လက်မှတ်ရေးထိုးကာ ၎င်းတို့၏နေရပ်များ ပြန်လည်စေလွှတ်ပေးလျက်ရှိသည်။

ယင်းကဲ့သို့ နိုင်ငံတော်အစိုးရအနေဖြင့် ဘက်ပေါင်းစုံမှ စာနာထောက်ထားစွာဖြင့် ဆောင်ရွက်လျက်ရှိသော်လည်း သတင်းမီဒီယာအချို့မှလည်းကောင်း၊ Facebook လူမှုကွန်ရက်တို့မှလည်းကောင်း ပြန်လည်စေလွှတ်ပေးခြင်းခံရသူများအနေဖြင့် တစ်ဦးလျှင် ငွေကြေးမည်ရွေ့မည်မျှပေးရသည်၊ ဆိုင်ကယ်/ကားတစ်စီးလျှင် မည်ရွေ့မည်မျှပေးရသည်ဆိုသည့် ကောလာဟလသတင်းအမှားများကို ထုတ်ပြန်နေသည်။

ပြန်လည်စေလွှတ်ပေးသည့် ဖြစ်စဉ်ဖြစ်ရပ်များအားလုံးတွင် ငွေကြေးများပေးရသည်ဆိုသည့် သတင်းများသည် နိုင်ငံတော်အစိုးရဆန့်ကျင်ရေးအုပ်စုမှ ဆောင်ရွက်လျက်ရှိသည့် ကောလာဟလ သတင်းအမှားများသာဖြစ်ကြောင်းနှင့် သတင်းမီဒီယာများအနေဖြင့် (ကျင့်ဝတ်)နှင့်အညီ ရပ်တည်ကာ မှန်ကန်သောသတင်းများကိုသာ စိစစ်ထုတ်ပြန်ရန်နှင့် တစ်ဖက်သတ် မမှန်ကန်သောသတင်းအမှားများကို မထုတ်ပြန်သင့်ကြောင်း အသိပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

■

# ထားဝယ်မြို့၌ လူစုလူဝေးဖြစ်ပွားမှုအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုခွဲရှင်းလင်း

**နေပြည်တော် မတ် ၃**

၂၀၂၁ ခုနှစ် မတ် ၃ ရက် နံနက် ၉ နာရီတွင် ထားဝယ်မြို့ ပိန္နဲတောရပ်ကွက် ဥတ္တံတားကြီးမီးပွိုင့်အနီး၌ ဆူပူဆန္ဒပြသူ လူစုလူဝေးအင်အား ၃၀၀ ကျော်ခန့်သည် ဆူပူအော်ဟစ် ဆန္ဒဖော်ထုတ်နေသဖြင့် အုပ်ချုပ်ရေးနှင့် လုံခြုံရေးတာဝန်ရှိသူများက သွားရောက်တားမြစ်ခဲ့သော်လည်း လိုက်နာမှုမရှိဘဲ ပြန်လည်အော်ဟစ်ရန်ပြုခဲ့သည်။ ၎င်းအခြေအနေအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက အသံမြည်ဗုံး၊ ၁၂ ဗိုပြောင်းချောသေနတ်တို့ဖြင့် ခြောက်လှန့်ပစ်ခတ်လူစုခွဲခဲ့ရာ ဆူပူသူလူစုလူဝေးမှ တူမီးသေနတ်၊ လောက်လေးခွများ၊ ကျောက်ခဲများဖြင့် လုံခြုံရေး




တပ်ဖွဲ့ဝင်များအား ပြန်လည် ပစ်ခတ်ခဲ့သည်။

**ဆောင်ရွက်**

လုံခြုံရေး တပ်ဖွဲ့ဝင်များက အဓိကရုဏ်းဖြိုခွဲရေး လက်နက်ဖြင့် လူစုခွဲခြင်းအား ဆက်လက်ဆောင်ရွက်ခဲ့ရာ နံနက် ၁၁ နာရီခွဲခန့်တွင် လူစုကွဲခဲ့သည်။ ၎င်းဖြစ်စဉ်တွင် ရဲတပ်ဖွဲ့သုံး Water Cannon ရှေ့လေကာမှန်၊ ရဲလုံခြုံရေးယာဉ် Double Cub ရှေ့လေကာမှန်နှင့် ယာဘက်တံခါးမှန်တို့ ပျက်စီးသွားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြင်းမူမြို့၌ ဆန္ဒပြလူအုပ်စုမှ ဖမ်းဆီးရိုက်နှက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်တစ်ဦး ထိခိုက်ဒဏ်ရာရ

**နေပြည်တော် မတ် ၃**

၂၀၂၁ ခုနှစ် မတ် ၃ ရက် နံနက် ၁၁ နာရီ ၁၀ မိနစ်တွင် မြင်းမူမြို့မရဲစခန်းမှ ဒုရဲအုပ် ဇေယျာလင်းသည် ယာဉ်တိုက်မှုမှ ရဲဆေးစာစစ်ဆေးပြန်ကြားချက် ထုတ်ယူရန်အတွက် မုံရွာမြို့ အမှတ်(၄)တပ်မတော်ဆေးရုံ ခုတင်(၃၀၀)သို့ သွားရောက်စဉ် ထန်းတောရပ်ကွက်အရောက်၌ ဆူပူအော်ဟစ်ဆန္ဒပြသူလူအုပ်စုက ဖမ်းဆီးချုပ်နှောင်၍ ထန်းတောရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ချုပ်နှောင်ကာ ဝိုင်းဝန်းရိုက်နှက် ထိုးကြိတ်လျက်ရှိကြောင်း သိရှိရသည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်၍ ပြန်လည်ခေါ်ဆောင်ခဲ့ရသည်။

ဖြစ်စဉ်တွင် ဆူပူအော်ဟစ်ဆန္ဒပြသူများ၏ ဝိုင်းဝန်းရိုက်နှက်ထိုးကြိတ်မှုကြောင့် ဒုရဲအုပ် ဇေယျာလင်းတွင် ဦးခေါင်းချိုစောင်း/ပါး/နှာခေါင်းပေါက်ပြဲ၊ မျက်ခုံးဖူးရောင်၊ ဝမ်းဗိုက်ညိုမည်း ဒဏ်ရာများ(စိုးရိမ်ရ)ရရှိခဲ့သည့်အတွက် မုံရွာမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသလျက်ရှိသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းအား မတရားဖမ်းဆီးချုပ်နှောင်ရိုက်နှက်ခဲ့သူများအား စုံစမ်းဖော်ထုတ်လျက်ရှိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူဆောင်ရွက်သွားရန် စီစဉ်ထားရှိကြောင်း သိရသည်။

**သတင်းစဉ်**

# လူစုလူဝေးဖြင့် မင်းမဲ့စရိုက်ဆန်စွာ ဆူပူအကြမ်းဖက်သူများအား ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်

**နေပြည်တော် မတ် ၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဘက်ပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဥပဒေနှင့်အညီ စီမံအုပ်ချုပ်မှုဆောင်ရွက်လျက်ရှိရာတွင် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုကို မလိုလားသူအုပ်စုအချို့က မင်းမဲ့စရိုက်ဆန်သော လူအုပ်စု (Anarchy Mob)အသွင်ဖြင့် မြို့ကြီးအချို့တွင် အကြမ်းဖက်လုပ်ရပ်များကို ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် နည်းလမ်းမျိုးစုံဖြင့် နှောင့်ယှက်အကြမ်းဖက်ဆောင်ရွက်နေသော အစုအဖွဲ့များက လူငယ်ထုကို ရှေ့တန်းတင်ကာ နိုင်ငံအဝန်း ဆူပူမှုများ ဆက်တိုက်ဖြစ်ပွားစေရန်၊ လမ်းပေါ်ရောက်ရှိအုံကြွစေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ထိပ်တိုက်တွေ့ဆုံစေရေးတို့အတွက် သွေးထိုးလှုံ့ဆော်လျက်ရှိသည်။

ထိုသို့ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုကို မလိုလားသူအုပ်စုအချို့၏ သွေးထိုးလှုံ့ဆော်မှုများ





ကြောင့် ယနေ့တွင်လည်း စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ထန်းတောရပ်ကွက် ပြည်ထောင်စုလမ်းနှင့် ဘုရားနီလမ်းဆုံအနီး၌ လူအင်အား ၃၀၀၀ ကျော်ခန့်သည် လူစုလူဝေးဖြင့် ဆူပူအော်ဟစ်ဆန္ဒပြခြင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် လူစုလူဝေးဖြင့် ဆန္ဒပြနိုင်ရေးအတွက် လမ်းမကြီးများအား ကွန်ကရစ်တုံးများ၊ ဓာတ်တိုင်များ၊ သံခုတင်များ၊ ပန်းအိုးများ၊ အုတ်ခဲများ၊ ကျောက်တုံးများဖြင့် ပိတ်ဆို့ဆောင်ရွက်မှုများကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက မြေထိုးစက်၊ မြေကော်စက်များဖြင့် လမ်းကြောင်းရှင်းလင်းခဲ့ရာ ချမ်းအေးသာစံမြို့နယ် ၈၄ လမ်းနှင့် လမ်း ၃၀ သို့ အရောက်၌ လူထုလှုပ်ရှားမှုတပ်ပေါင်းစုအမည်ခံ အင်အား ၁၀၀၀ ခန့်က ပိတ်ဆို့ဟန့်တားဆူပူနှောင့်ယှက်မှုများပြုလုပ်၍ ဆူပူအုံကြွမှုများဖြစ်ပေါ်စေရန် လုပ်ဆောင်လာခဲ့သည်။

ဆူပူမှုဖြစ်ပွားခြင်းသည် တည်ငြိမ်အေးချမ်းမှုနှင့် မိဘပြည်သူများ၏ လူမှုဘဝလုံခြုံမှုကို ထိခိုက်စေနိုင်သောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုကွဲစေရေး လက်ကိုင်အသံချဲ့စက်များဖြင့် အကြိမ်ကြိမ်သတိပေးခဲ့ရာတွင်လည်း လိုက်နာမှုမရှိသည့်အပြင် ဂျင်ကလိများ၊ လေသေနတ်များ၊ ဖန်ဂေါ်လီ၊ မူလီခေါင်းများ၊ လေးခွများ၊ ဒေသန္တရလုပ်မီးခိုးဗုံးများဖြင့် အကြမ်းဖက်တိုက်ခိုက်လာခဲ့သောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အနည်းဆုံးအင်အား အနိမ့်ဆုံးအဆင့်ဖြင့် အကြမ်းဖက်နှိမ်နင်းရေးလုပ်ငန်းစဉ်များအတိုင်း လုပ်ထုံးလုပ်နည်း မူဝါဒနှင့်အညီ အဆင့်ဆင့်လူစုခွဲမှုများကို ဆောင်ရွက်ခဲ့ရသည်။

လူစုခွဲနိုင်ရေး ဆောင်ရွက်စဉ် ဆူပူလှုပ်ရှားသူများ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဆန္ဒပြလူထုကြီးအတွင်း၌ အချင်းချင်းပြေးလွှားပစ်ခတ်ရာမှ အမျိုးသားလေးဦး၊ အမျိုးသမီးတစ်ဦးတို့ သေဆုံးခဲ့သည်။ အဆိုပါသေဆုံးမှုဖြစ်စဉ်နှင့် ပတ်သက်၍ သက်ဆိုင်ရာရဲစခန်းများတွင် သေမှုသေခင်းဖွင့်လှစ်၍ စုံစမ်းလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရုပ်သံဇာတ်လမ်းတွဲပရိသတ်တွေအကြား ရေပန်းစားနေတဲ့ The Penthouse 2



တောင်ကိုရီးယားမှာ လတ်တလော ထုတ်လွှင့်ပြသလျက်ရှိတဲ့ ရုပ်သံဇာတ်လမ်းတွဲ The Penthouse 2 ဟာ စတင်ပြသချိန်မှာ ကြည့်ရှုသူအများဆုံးသော ဇာတ်လမ်းတွဲတစ်ခုဖြစ်ပြီး လတ်တလောမှာ ဒုတိယမြောက် သီတင်းပတ်အဖြစ် ပြသခဲ့ရာမှာလည်း အောင်မြင်မှုရရှိခဲ့ကာ ရုပ်သံဇာတ်လမ်းတွဲအားပေးကြတဲ့ ပရိသတ်တွေအကြား ရေပန်းစားနေတဲ့ ဇာတ်လမ်းတွဲတစ်ခုဖြစ်ခဲ့ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၈ ရက်အထိ ဒေသတွင်းမှာ ထုတ်လွှင့်ပြသလျက်ရှိတဲ့ ရုပ်သံဇာတ်လမ်းတွဲတွေကို အမြဲသုတေသနပြုလုပ်နေတဲ့ ဂွတ်ဒေတာကော်ပိုရေးရှင်းက ယခုသီတင်းပတ်အတွင်း ပရိသတ်အကြား ရေပန်းအစားဆုံးသော ဇာတ်လမ်းတွဲအဖြစ် The Penthouse 2ကို ရွေးချယ်ဖော်ပြခဲ့ပါတယ်။ အဆိုပါအဖွဲ့ဟာ သတင်းတွေ၊ အွန်လိုင်းပေါ်မှာ ဖော်ပြထားတဲ့ ဗီဒီယိုနဲ့ အခြားသော ဖော်ပြမှုတွေ၊ လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ ရေးသားဖော်ပြမှုတွေကို အခြေခံကာ ပရိသတ်အကြား ရေပန်းအစားဆုံးသော ဇာတ်လမ်းတွဲကို ရွေးချယ်တာဖြစ်ကြောင်းလည်း သိရပါတယ်။

ဒါ့အပြင် တစ်ပတ်အတွင်း ကျော်ကြားတဲ့ သရုပ်ဆောင်တွေရဲ့ အဆင့်သတ်မှတ်ချက်တွေကိုလည်း အဆိုပါအဖွဲ့က ထုတ်ပြန်ခဲ့ရာမှာ SBS ရုပ်သံလိုင်းက ထုတ်လွှင့်ပြသလျက်ရှိတဲ့ The Penthouse 2 မှာ ပါဝင်တဲ့ သရုပ်ဆောင်တွေဟာ ထိပ်ဆုံးမှာ ရပ်တည်နေကြောင်းလည်း သိရပါတယ်။ အဆိုပါ ဇာတ်လမ်းတွဲမှာပါဝင်တဲ့ သရုပ်ဆောင်တွေဖြစ်ကြတဲ့ ကင်ဆိုးယွန်း၊ အူဂျင်းနဲ့ ကင်ယန်ဆိုးတို့ဟာ ထိပ်တန်းသုံးဦးစာရင်းမှာ အသီးသီးပါဝင်နေတာဖြစ်ပါတယ်။ ဒါ့အပြင် အခြားသော သရုပ်ဆောင်နှစ်ဦးလည်း ထိပ်တန်းသရုပ်ဆောင် ၁၀ ဦးစာရင်းမှာ ပါဝင်နေတာကိုလည်း တွေ့ရပါတယ်။


ယခုသီတင်းပတ်အတွက် ရေပန်းအစားဆုံးသော ဇာတ်လမ်းတွဲရုပ်ရှင်အဖြစ် ဒုတိယနေရာမှာ ရပ်တည်နေတဲ့ ဇာတ်လမ်းတွဲကတော့ မင်းသား ဆောင်းဂျွန်ကီ ပါဝင်ထားတဲ့ Vincenzo ဖြစ်ကြောင်းလည်း သိရပါတယ်။

# ဒေါ်လီပါတန် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ် ထိုးနှံမှုခံယူ

ကျော်ကြားတဲ့ အမေရိကန် တေးသံရှင်နဲ့ တေးရေးတစ်ဦးဖြစ်သူ ဒေါ်လီပါတန်ဟာ လတ်တလောမှာတော့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပြီးဖြစ်ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ကိုဗစ်ကာကွယ်ဆေးထိုးနှံခဲ့ပြီးဖြစ်ကြောင်းကို ဒေါ်လီပါတန်က သူ့ရဲ့ လူမှုကွန်ရက်စာမျက်နှာပေါ်မှာ ကာကွယ်ဆေးထိုးနှံမှုခံယူနေတဲ့ သူ့ရဲ့ဓာတ်ပုံနဲ့အတူ ဖော်ပြခဲ့တာပါ။ ဒေါ်လီဟာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထုတ်လုပ်မှုအတွက် အမေရိကန်ဒေါ်လာ တစ်သန်း လှူဒါန်းခဲ့ပြီး သူဟာ Moderna ကာကွယ်ဆေးကို ထိုးနှံခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

ကာကွယ်ဆေး ထုတ်လုပ်ရေးအတွက် လှူဒါန်းမှုတွေ ပြုလုပ်ခဲ့ပေမယ့် ဒေါ်လီပါတန်ဟာ သူ့အတွက် ကာကွယ်ဆေးထိုးနှံရမယ့်အချိန်ကို အများနည်းတူစောင့်ဆိုင်းခဲ့ပါတယ်။ အသက် ၇၅ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဒေါ်လီပါတန်က သူ့အနေနဲ့ အခြားသူတွေရဲ့ သူတို့အတွက် ရရှိရမယ့် ကာကွယ်ဆေးတွေကို မရနိုင်ခင် သူ့အတွက် ကာကွယ်ဆေးကို ရယူဖို့ရာမရှိကြောင်း ပြောကြားခဲ့ပါတယ်။ ဒါ့အပြင် သူက ကာကွယ်ဆေးအတွက် ငွေကြေးလှူဒါန်းထားမှုကို အကြောင်းပြကာ ကာကွယ်ဆေးထိုးနှံနိုင်ရေး တန်းစီစောင့်ဆိုင်းနေသူတွေကို ကျော်ကာ ကာကွယ်ဆေးထိုးနှံဖို့ရာ ဆန္ဒမရှိကြောင်းလည်း ဆိုပါတယ်။



# ဟာပါစ်ဘဇာရဲ့ မျက်နှာဖုံးရှင် ဆောင်းဟေကို



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသမီးတစ်ဦးဖြစ်သူ ဆောင်းဟေကိုဟာ ကိုရီးယားနိုင်ငံထုတ် ဟာပါစ်ဘဇာမဂ္ဂဇင်းရဲ့ မျက်နှာဖုံးရှင်အဖြစ် ဖော်ပြခံရပြီး သူ့ရဲ့ အလှဓာတ်ပုံတွေကို လတ်တလောမှာ ထုတ်ဖော်ပြသလာကြောင်း စွန်ပီဒေ့ါကွန်းမှာ ရေးသားဖော်ပြထားတာ တွေ့ရပါတယ်။

လတ်တလော ထုတ်ဖော်ပြသလာတဲ့ မျက်နှာဖုံးဓာတ်ပုံတွေမှာ ဆောင်းဟေကိုဟာ ထင်ရှားတဲ့ အလှမျိုးနဲ့ ပြင်ဆင်ထားတာကိုလည်း တွေ့ရပါတယ်။ အဆိုပါ မဂ္ဂဇင်းမှာ ဆောင်းဟေကိုရဲ့ အင်တာဗျူးလည်း ပါဝင်နေပြီး သူ့ရဲ့ ရှေ့ဆက်လုပ်ဆောင်မယ့် အနုပညာလုပ်ငန်းတွေ အကြောင်းကိုလည်း အင်တာဗျူးမှာ ဖြေကြားထားတာတွေ့ရပါတယ်။

ဆောင်းဟေကိုဟာ The Glory လို့ ယာယီအမည်ပေးထားတဲ့ ဇာတ်လမ်းတွဲမှာ ပါဝင်သရုပ်ဆောင်လျက်ရှိပြီး ယင်းဇာတ်လမ်းတွဲမှာ သူပါဝင်ထားတဲ့ဇာတ်ကောင်ဟာ ယခင်က သူ့အနေနဲ့ တစ်ခါမှ လုပ်ဆောင်ခဲ့ဖူးခြင်းမရှိတဲ့ ဇာတ်ကောင်းမျိုးဖြစ်ကြောင်းလည်း ဆောင်းဟေကိုက ဆိုပါတယ်။ ယခင်နဲ့မတူတဲ့ ဇာတ်ကောင်မျိုးမှာ ပါဝင်လုပ်ဆောင်ကြည့်လိုတာကြောင့် အဆိုပါဇာတ်လမ်းတွဲကို လက်ခံရိုက်ကူးခဲ့ပေမယ့် စိုးရိမ်စိတ်တော့ရှိကြောင်းနဲ့ ယခင်သရုပ်ဆောင်ဖူးခြင်းမရှိတဲ့ ဇာတ်ကောင်မျိုးနဲ့ ကိုယ့်ကိုယ်ကို ပြန်လည်တွေ့မြင်လိုတာကြောင့် ရိုက်ကူးဖြစ်ခဲ့ကြောင်းလည်း ဆောင်းဟေကိုက အင်တာဗျူးမှာ ဖြေကြားခဲ့ပါတယ်။ ဒါ့အပြင် မင်းသမီး အဆိုပါဇာတ်ကောင်ကို လက်ခံရိုက်ကူးခဲ့ခြင်းဟာ ယင်းဇာတ်လမ်းတွဲရဲ့ ဇာတ်ညွှန်းဆရာ ကင်အွန်ဆွတ်ရဲ့ တိုက်တွန်းမှုကြောင့် ဖြစ်တယ်လို့လည်း ပြောကြားခဲ့ပါတယ်။

ဆက်လက်ပြီး မင်းသမီးက သရုပ်ဆောင်တစ်ဦးအဖြစ် အနုပညာလှုပ်ရှားမှုတွေ လုပ်ဆောင်နေစဉ်ကာလတစ်လျှောက် သူ့အနေနဲ့ ပျော်ရွှင်မှုတွေများစွာ ရရှိခဲ့ကြောင်း၊ ကောင်းမွန်တဲ့ လူတွေနဲ့လည်း တွေ့ဆုံခဲ့ရကာ သရုပ်ဆောင်တစ်ဦးရဲ့ဘဝကို တကယ့်ကို နှစ်သက်ခဲ့ကြောင်း ဆိုပါတယ်။ သို့သော် ဘဝမှာ အချိန်မနှောင်းခင် ဆောင်းဟေကိုအဖြစ် ကိုယ်ပိုင်ဘဝနဲ့ တစ်ကြိမ်လောက် ရှင်သန်သွားလိုကြောင်းလည်း ရင်ဖွင့်ခဲ့တာ တွေ့ရပါတယ်။

# ရုပ်သံဇာတ်လမ်းတွဲသစ်မှာ တွဲဖက်သရုပ်ဆောင်ထားတဲ့ ကင်ဟီးချော နဲ့ မွန်ဂါယောင်း

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ Super Junior ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ကင်ဟီးချောနဲ့ မင်းသမီး မွန်ဂါယောင်းတို့ဟာ ရုပ်သံဇာတ်လမ်းတွဲသစ်မှာ အဓိကဇာတ်ဆောင်တွေအဖြစ် တွဲဖက်ပါဝင်ထားကြပြီး လတ်တလောမှာတော့ အဆိုပါဇာတ်လမ်းတွဲသစ် စတင်ထုတ်လွှင့်မယ့်ရက်ကို တရားဝင်ကြေညာခဲ့ပြီဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

Recipe for Youth လို့အမည်ပေးထားတဲ့ အဆိုပါဇာတ်လမ်းတွဲဟာ အချစ်ဟာသဇာတ်လမ်းအမျိုးအစား ဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲမှာ ကင်ဟီးချောက လူတွေကို ချိန်းဆိုတွေ့ဆုံမှုတွေ ပြုလုပ်ပေးကာ အသက်မွေးသူတစ်ဦးဖြစ်ပြီး ကျော်ကြားတဲ့သူတွေရဲ့ အချစ်ရေးအကြောင်းအရာတွေကို ဖန်တီးပေးနေသူတစ်ဦးအဖြစ် ပါဝင်ထားတာပါ။ မွန်ဂါယောင်းကတော့ အနုပညာသတင်းတွေကို အစဉ်တစိုက်ရေးသားတဲ့ သတင်းထောက်တစ်ဦးဖြစ်ပြီး ကိုယ့်ကိုယ်ကို ကျော်ကြားတဲ့ မင်းသမီးတစ်ဦးအဖြစ်လည်း မှတ်ယူထားသူဖြစ်ပါတယ်။

မွန်ဂါယောင်းပါဝင်ထားတဲ့ ဇာတ်ကောင်ဟာ သူ့အနေနဲ့ ကြယ်ပွင့်တစ်ဦးဖြစ်လာဖို့ရာ အကူအညီလိုအပ်နေသလို ဟန်ဆောင်ရင်းက ကင်ဟီးချောရဲ့ ဇာတ်ကောင်နဲ့ တွေ့ဆုံကာ အချစ်စစ်ပေါက်ဖွားလာခဲ့ပါတယ်။ ဒီဇာတ်လမ်းတွဲမှာလည်း တစ်မူထူးခြားတဲ့ အချစ်ဇာတ်လမ်းတစ်ပုဒ်ကို ခံစားကြရမှာ ဖြစ်ပါတယ်။

အဆိုပါ ဇာတ်လမ်းတွဲကို ၂၀၁၆ ခုနှစ်ကတည်းက စတင်ရိုက်ကူးခဲ့ပေမယ့် အကြောင်းအမျိုးမျိုးကြောင့် ထုတ်လွှင့်နိုင်ခဲ့ခြင်းမရှိပါဘူး။ လတ်တလောမှာတော့ အဆိုပါ ဇာတ်လမ်းတွဲကို မတ် ၁၄ ရက်မှာ စတင်ထုတ်လွှင့်မှာဖြစ်ကြောင်း ကြေညာခဲ့တာဖြစ်ပါတယ်။

**အေးပြည့်**
**စုစည်းသည်**

ကြော်ငြာ

## လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၉)ရပ်ကွက်နေ
ဦးလွင်စန်း - ဒေါ်ရာသီတို့၏သားကြီး

**မောင်ထွန်းလင်း**

B.Eng Des & Tech, Dip Des,
Dip Sc & Eng (UTS, Australia)

နှင့်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်နေ
ဦးစိုင်းရီတစ် - ဒေါ်နန်းခမ်းမေတို့၏သမီးထွေး

**မနန်းဆိုင်ဖန်**

M.Arch (UNSW, Australia), B.Des Arch,
Dip Des Vis Comm (UTS, Australia)

တို့သည် နှစ်ဖက်သော မိဘများ၏သဘောတူညီချက်အရ ၂၇-၂-၂၀၂၁ (စနေနေ့)တွင် City BDM Office, Australia ၌ အသိသက်သေများရှေ့မှောက်တွင် လက်ထပ်ပြီးစီးပါကြောင်း။

**မောင်ထွန်းလင်း-မနန်းဆိုင်ဖန်**




**ကိုဗစ်ကိုအတူတိုက်ထုတ်ကြစို့**

LET'S BEAT COVID TOGETHER

မိမိက ဖြန့်ဖြူးသူ မဖြစ်ပါစေနှင့်၊ နှာချေ၊ ချောင်းဆိုးတိုင်း တစ်ရှူး(သို့မဟုတ်) တံတောင်ကွေးဖြင့် ပါးစပ်နှင့်နှာခေါင်းကို လုံခြုံအောင်ဖုံးအုပ်ပါ။ အခြားအတူနေသူများနှင့် (၆)ပေအကွာတွင်သာ နေထိုင် ပြောဆိုပါ။
ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အားအင်ကုန်ခမ်းခြင်းနှင့် အသက်ရှူရ ခက်ခဲခြင်းများရှိနေပါက အနီးဆုံး ဆေးရုံဆေးခန်းသို့ သွားရောက်ပြသပါ။

# COVID-19

## ကပ်ရောဂါကူးစက်မှုလျော့ချနိုင်ဖို့ ဤအချက်များကို လိုက်နာရန် လူတိုင်းတာဝန်ရှိသည်။



**#LETSBEATCOVIDTOGETHER**

COVID-19 ကပ်ရောဂါကူးစက်မှုကိုကာကွယ်ဖို့ လူတိုင်း ကိုယ့်တာဝန်ကိုယ်ယူရင်း အခြားသူတွေကိုပါ စောင့်ရှောက် နေထိုင်ကြရမှာပါ။ ကိုယ်ကိုယ်တိုင်ကူးစက်ခံရမှုနဲ့ အခြားသူတွေကို ကူးစက်မှုကို လျှော့ချဖို့ လိုက်နာရမယ့် အချက် ၃ ချက်ကတော့...
(၁) လုံအောင်ဖုံး (အပြင်ထွက်သွားလာတဲ့အခါမှာ MASK ကိုအသုံးပြုပြီး ပါးစပ်နှင့် နှာခေါင်းကို လုံခြုံစွာဖုံးအုပ်ဖို့)
(၂) လက်ကိုဆေး (လက်ကို ဆပ်ပြာနဲ့ မကြာခဏ အနည်းဆုံးစက္ကန့် ၂၀ ကြာအောင် ဆေးကြောဖို့)
(၃) လူချင်းခွာ (လူတစ်ဦးနဲ့တစ်ဦး ၆ ပေအကွာမှာ နေဖို့) စတဲ့ အချက်တွေပါ။
ဒီအချက်တွေကို လိုက်နာလုပ်ဆောင်မှသာ မိမိကိုယ်တိုင်၊ မိမိသူငယ်ချင်းတွေနဲ့ မိမိချစ်ရတဲ့သူတွေကို စောင့်ရှောက်နေမှာပါ။



# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် လစ်လပ်နေရာများအတွက် ကိုယ်စားလှယ်လောင်းအဆိုပြုလွှာများ တင်သွင်းရမည့်ရက် တိုးမြှင့်သတ်မှတ်

၁။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့သည် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင် လစ်လပ်နေရာများအတွက် ကိုယ်စားလှယ်လောင်း အဆိုပြုလွှာပုံစံများကို (၂၆-၂-၂၀၂၁)ရက် သောကြာနေ့မှ (၃-၃-၂၀၂၁)ရက်ဗုဒ္ဓဟူးနေ့အထိ နေ့စဉ်နံနက်(၉:၀၀)နာရီမှ မွန်းလွဲ(၁၆:၀၀)နာရီအတွင်း(ပိတ်ရက်မရှိ) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ၊ အမှတ်(၄)၊ ဝက်ပါလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် အခမဲ့လာရောက်ထုတ်ယူနိုင်ပြီး (၃-၃-၂၀၂၁) ရက် ဗုဒ္ဓဟူးနေ့ မွန်းလွဲ(၁၆:၀၀)နာရီမတိုင်မီ အချိန်အတွင်း အဆိုပြုလွှာပုံစံများကို နောက်ဆုံးထားပြန်လည်တင်သွင်းရန် နေ့စဉ်ထုတ် သတင်းစာများတွင် ဖိတ်ခေါ်ထားပါသည်။

၂။ အဆိုပါကိစ္စနှင့်ပတ်သက်၍ လျှောက်ထားလိုသူ ကိုယ်စားလှယ်လောင်းများ ပိုမိုအဆင်ပြေစေရေးအတွက် ယင်းအဆိုပြုလွှာပုံစံများ နောက်ဆုံးထားပြန်လည်တင်သွင်းရမည့်နေ့ရက်ကို (၂၇-၃-၂၀၂၁) ရက်(စနေနေ့)မွန်းလွဲ(၁၆:၀၀)နာရီ မတိုင်မီအချိန်အထိ တင်သွင်းနိုင်ရန် တိုးမြှင့်ပြင်ဆင်သတ်မှတ်လိုက်ပါသည်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်းနံပါတ် ၀၁-၈၆၀၄၇၅၁ နှင့် ၀၁-၅၄၄၅၈၃ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်ရွေးချယ်တင်မြှောက်ရေးအဖွဲ့
အမှတ်(၄)၊ ဝက်ပါလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး


ကြေးမုံ ယနေ့ ဖတ်စရာ

**အချိန်တန်ပါပြီ ...**
ဆောင်းပါး စာမျက်နှာ » ၆

**ကမ္ဘာတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုအရေအတွက် ယခုရက်သတ္တပတ်အတွင်း ပိုမိုမြင့်တက်လာ**
စာမျက်နှာ » ၁၂

**လူစုလူဝေးဖြင့် အကြမ်းဖက်မှု ဖြစ်စဉ်များတွင် ပြည်သူလူထုအနေဖြင့် လိုက်ပါဆောင်ရွက်မှု မပြုရန်နှင့် သတိပြုနေထိုင်ကြရန် သတိပေးထုတ်ပြန်**
စာမျက်နှာ » ၁၇

**ဆူပူဆန္ဒပြမှု ဖြစ်စဉ်များတွင် ခေတ္တ ထိန်းသိမ်းထားသူများအား ငွေကြေးပေးမှ ပြန်လည်စေလွှတ်သည်ဆိုသည့် သတင်းများသည် ကောလာဟလသတင်းများသာဖြစ်**
စာမျက်နှာ » ၂၈




## ကိုဗစ်-၁၉ ရောဂါကာလအတွင်း ရပ်နားထားခဲ့သည့် မလိခအမြန်ရေယာဉ် စစ်တွေ-ရသေ့တောင်-ဘူးသီးတောင်မြို့ ခရီးစဉ် စတင်ပြေးဆွဲ

ဘူးသီးတောင် မတ် ၃

ရခိုင်ပြည်နယ် မောင်တောခရိုင် ဘူးသီးတောင်မြို့နယ်သို့ ပြေးဆွဲနေသည့် ရေယာဉ်များမှာ ကိုဗစ်-၁၉ ရောဂါကြောင့် ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၂၂ ရက်မှ စတင်ရပ်နားထားခဲ့ရာ မတ်လမှစတင်၍ စစ်တွေ-ရသေ့တောင်-ဘူးသီးတောင်ခရီးစဉ်များကို ပုံမှန်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

ထိုသို့ပြေးဆွဲရာတွင် မလိခအမြန်ရေယာဉ်သည် ယမန်နေ့ နံနက် ၇ နာရီက စစ်တွေ-ရသေ့တောင်-ဘူးသီးတောင်ခရီးစဉ်ကို ပြေးဆွဲထွက်ခွာလာခဲ့ရာ ခရီးသည် စုစုပေါင်း ၁၃ ဦး စီးနင်းလိုက်ပါလာခဲ့ပြီး ဘူးသီးတောင်မြို့နယ် ရေယာဉ်ဆိပ်ကမ်းသို့ မွန်းတည့် ၁၂ နာရီတွင် ရောက်ရှိခဲ့သည်။ အဆိုပါ ရေယာဉ်သည် ယနေ့နံနက် ၇ နာရီက ဘူးသီးတောင်-ရသေ့တောင်-စစ်တွေမြို့သို့ ထွက်ခွာမည်ဖြစ်ရာ လိုက်ပါမည့် ခရီးသည် ၄၅ ဦးတို့အား မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကိုဗစ်-၁၉ ညွှန်ကြားချက်နှင့်အညီ ကျန်းမာရေးစစ်ဆေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဘူးသီးတောင်-ရသေ့တောင်-စစ်တွေမြို့ ပြေးဆွဲနေသည့် အမြန်ရေယာဉ်များမှာ ကိုဗစ်-၁၉ ရောဂါကြောင့် ရပ်နားထားခဲ့ရာမှ မတ် ၂ ရက်မှစတင်၍ ရေယာဉ်လိုင်းများ ပုံမှန်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

လှကျော်( ပြန်/ဆက်)



## ကျိုက်မရောမြို့၌ အခမဲ့ကုသိုလ်ဖြစ်ဆေးခန်း ပြန်လည်ဖွင့်လှစ် အထွေထွေရောဂါများ စမ်းသပ်ကုသပေး

ကျိုက်မရော မတ် ၃

မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ် ပါရမီကုသိုလ်ဖြစ်(အခမဲ့) ဆေးခန်းကို ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ယာယီပိတ်ထားခဲ့ရာ ယမန်နေ့နံနက်ပိုင်းမှစ၍ ပြည်သူလူထုများ၏ ကျန်းမာရေးအတွက် အဆင်ပြေချောမွေ့စေရန် ရည်ရွယ်၍ အထွေထွေရောဂါများကုသပေးနိုင်ရန် ပြန်လည်ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

အဆိုပါ ပါရမီ(အခမဲ့) ကုသိုလ်ဖြစ်ဆေးခန်း၌ အဖျားရောဂါ၊ မျက်စိရောဂါနှင့် သွားနှင့်ခံတွင်းဝေဒနာရှင်များအား အထွေထွေရောဂါကု ဆရာဝန်ဒေါက်တာစောဇေယျာမင်းက အပတ်စဉ် ဗုဒ္ဓဟူးနေ့နှင့် တနင်္ဂနွေနေ့တို့တွင် နေ့စဉ် နံနက် ၈ နာရီမှ မွန်းလွဲ ၃ နာရီအထိ အခမဲ့စမ်းသပ်ကုသပေးသွားမည်ဖြစ်ရာ မည်သူမဆို အခမဲ့လာရောက်ကုသနိုင်ကြောင်း အဆိုပါ ကုသိုလ်ဖြစ်ဆေးခန်းမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ချို့မြတ်မြတ်ထွေး(ပြန်/ဆက်)